# အရေးတော်ပုံ ဂျာနယ်

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ




## ဗမာပြည်ကွန်မြူနစ်ပါတီ ၈၅ နှစ်မြောက် ပါတီမွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် အရေးတော်ပုံဂျာနယ်

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုစည်းရုံးရေးကော်မတီ၏ ကြေးကြော်သံ



# မာတိကာ


စာတည်းအဖွဲ့အမှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁

ကဗျာ

"ကြယ်နီ တကျိပ် နှစ်" မော်ကွန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄

စစ်ကျန် အတိုအစများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆

မွေးနေ့ အမိဌာန် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

ရှင်သန်ခြင်း အဘိဓမ္မာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

**ဆောင်းပါး**


ရွေးချယ်မှု ........ ၉

လေ့လာရေး အုပ်စုမှ မြေအောက်တော်လှန်ရေးအဖွဲ့သို့ ........ ၁၂

အရေးတော်ပုံ ဂျာနယ်အညွှန်း ........ ၁၆

တပ်တည်ဆောက်ရေး လမ်းညွှန်တချို့ ........ ၂၄

၁၉၄၈ မတ်လ ၂၈ ရက် ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးကြီးရဲ့
လတ်တလောအကြောင်းရင်းနဲ့ အရင်းခံအကြောင်းရင်း ........ ၂၉

တဖြည်းဖြည်း တအိအိပြိုဆင်းလာနေတဲ့ **ဗမာ့တပ်မတော်** ........ ၃၂

တော်လှန်တဲ့ သဘောတရားနဲ့ **ကျယ်ပြန့်တဲ့ တပ်ပေါင်းစု** ........ ၃၄

**နိုင်ငံရေးမှူးရဲဘော်စိုးသိမ်း**နဲ့ ပတ်သက်တဲ့ အတွေးစများ ..... ........ ၃၇

**ပါတီရဲ့မျိုးဆက်ပြဿနာ**ကို ဂရုစိုက်ကာကွယ်ကြ ........ ၄၄

ဗမာပြည်ရဲ့ ဒီမိုကရေစီတော်လှန်ရေး ........ ၄၆

ဖောင်ပိတ်ဆောင်းပါး ........ ၄၈




# စာတည်းအဖွဲ့အမှာ

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ရောက်လျှင် မိမိတို့ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သက်တမ်းသည် ၈၅ နှစ်တင်းတင်းပြည့်ပါတော့မည်။ မိမိတို့အနေနှင့် ဗမာပြည်နိုင်ငံရေးသမိုင်းတွင် သက်တမ်းအရှည်ဆုံးပါတီကြီးတရပ်အဖြစ် ဂုဏ်ပြုရင်း ဥဒါန်းရင့်ကျူးရမည့်ကာလ၊ တဆက်တည်း ...ကျလာသည့်တာဝန်များကို ၂ ဆတိုး ကြိုးပမ်းရမည့်ကာလ၊ စစ်အာဏာရှင်စနစ်ကို အမြစ်က လှန်ပစ်ရမည့်ကာလလည်း ဖြစ်နေသည်ကို သတိမူကြစေလိုသည်။

ဗမာပြည်ကဲ့သို့သော ခေတ်ပြောင်းခေတ်လွှဲ မင်းပြောင်းမင်းလွှဲများသော နိုင်ငံမျိုးတွင် ဤမျှ သမနိရှည်ကြာသော ပါတီကြီးတရပ်ကို ဘယ်လိုထူထောင်ထားပါသလဲ၊ ဘယ်လိုပုဂ္ဂိုလ်တွေက ထူထောင်ခဲ့သလဲ ဆိုတာကို ပထမဆုံး စောကြောပြပါရစေ။

မာ့က်စ်ဝါဒအခြေခံထားသည့် တိုင်းချစ်ပြည်ချစ် မျိုးဆက်လေးခုက တည်ထောင်ထားသည့်ပါတီဖြစ်နေခြင်းကို ပထမဆုံး တင်ပြထားပါမည်။

ပါတီသမိုင်းကိုစိုက်ထူတိုက်ပွဲဝင်သူများအဖြစ် အစဉ်အဆက်ခေါင်းဆောင်များက မျိုးဆက်လေးခုအဖြစ် ခွဲခြမ်းသတ်မှတ်ပြောဆိုလေ့ရှိပါသည်။

(၁) ပထမမျိုးဆက်အဖြစ် ၁၃၀၀ ပြည့် အရေးတော်ပုံကာလတွင် လှုပ်ရှားခဲ့သူများကို အခြေခံပြီး သတ်မှတ်ခဲ့သည်။

(၂) ဒုတိယမျိုးဆက်ကိုတော့ ၁၉၄၈/၄၉ (လက်နက်ကိုင်တိုက်ပွဲကာလ) ပါတီဝင်များကို ညွှန်းသည်။

(၃) တတိယမျိုးဆက်များဟူ၍– မဆလခေတ် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်လာသူများကို အထွေထွေအတွင်းရေးမှူး ရဲဘော်ကြင်မောင်က သတ်မှတ်သည်။

(၄) စတုတ္ထမျိုးဆက်များအဖြစ် ရှစ်လေးလုံး နောက်ပိုင်းပေါ်ထွန်းလာသည့် ပါတီဝင်များကို နေရာပေးသည်။

ဤမျိုးဆက်လေးခု၏ အဆက်မပြတ် မောင်းနှင်အားက ယနေ့ကာလအထိ အရှိန်မပျက် ချီတက်ဆဲ အင်အားစုကြီး အဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။ ပါတီခေါင်းတွဲကို လက်ရှိမောင်းနှင်နေသည့် မျိုးဆက်များကတော့ တတိယ နှင့် စတုတ္ထမျိုးဆက်များဟု ပြောလျှင် ရမည်ထင်ပါသည်။

## အပိုင်း (၂)

ဘိုးသက်ရှည်၏ ခရီးကို နောက်ကြောင်းပြန်ကြည့်ပြီး ဖြည့်စွက်တင်ပြမှ ဤပါတီကြီး၏ တိုက်ပွဲဝင်ဖြတ်သန်းမှုကို ပြည်သူများ– ရဲဘော်များ– စာဖတ်သူများ တန်ဖိုးဖြတ်နိုင်ကြပါလိမ့်မည်။

၈၅ နှစ်ကြာ ခရီးသည် လေတဖြူးဖြူးနှင့် သက်သက်သာသာ ရွက်လွှင့်နေသည့် ခရီးမဟုတ်။

– တောင်ဆင်းတောင်တက် အနိမ့်အမြင့် အကွေ့အကောက် များသည့် မီးရထားခရီးနှင့် နှိုင်းပါမှ ပိုမိုနီးစပ်နိုင်ပါမည်။

– လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲပြီးမှ အောင်ပွဲခံနိုင်သည့် ညီနောင်ပါတီများကဲ့သို့ပင် လက်ဝဲစွန်း လက်ယာစွန်း ပွတ်တိုက်မှုများ လမ်းစဉ်တိုက်ပွဲများ အပြင် ပုန်ကန်မှုများ၊ ခွဲထွက်မှုများ ကြုံခဲ့ရသည်။ တရွတ်ဆွဲ ဖြတ်ကျော်ခဲ့ရသည်။

လက်ဝဲစွန်း လက်ယာစွန်း ပွတ်တိုက်မှု များ လမ်းစဉ် တိုက်ပွဲများ အပြင် ပုန်ကန် မှုများ၊ ခွဲထွက် မှုများ ကြုံခဲ့ရ

ပါတီဗဟိုသည် တခါတရံ လမ်းစဉ်မှားများ ချခဲ့မိပြီး ကိုယ်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မိသလို မျိုးလည်း ရှိခဲ့သည်။ သို့သော် အရင်းခံမူဖြစ်သည့် "ပါတီကို ယုံကြည်ရမယ်၊ ပြည်သူကို ယုံကြည်ရမယ်"ဆိုသည့် တရား ၂ ပါးကိုဆုပ်ကိုင်ပြီး ဆက်လက်ချီတက်နိုင်ခဲ့သည်။

၆၀ ခုနှစ်များတွင် ပဲခူးရိုးမ၌ ဥက္ကဋ္ဌ သခင်သန်းထွန်းက "ပါတီ တည်ဆောက်ရေးသည် သော့ချက်"ဟူသည့်ဆောင်ပုဒ်ကို တင်ပြခဲ့သည်။ ယခုလည်းရဲဘော်တို့၏လေ့လာရေးဆွေးနွေးပွဲတွင် အချိန်ပေးပြီး ပါတီတည်ဆောက်ရေးခေါင်းစီးနှင့် ဆွေးနွေးနေကြပြန်လေပြီ။

တဆက်တည်းပြောလိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဆိုတာ မိုးပေါ်က ကျလာသည့်ပါတီမဟုတ်၊ (၁) လူတန်းစားတိုက်ပွဲဆင်နွှဲရင်းက စနစ်တကျ ဖွဲ့စည်းလာသည့်ပါတီ (၂) ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းထားသည့်ပါတီ၊ (၃) ယနေ့ကာလတွင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ကို လမ်းညွှန်သဘောတရားအဖြစ်ကိုင်စွဲကာ ဗမာပြည်လက်တွေ့နှင့် ပေါင်းစပ်ချီတက်နေသည့်ပါတီ။ (၄) နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့သော ပါတီ

ဤနေရာတွင် မည်သို့မည်ပုံ တာဝန်ကျေခဲ့သည်ကို ရှင်းပြဖို့လိုလာပါသည်။

(က) ဗြိတိသျှ ကိုလိုနီခေတ်တွင် အလုပ်သမား လယ်သမား မြို့နေဆင်းရဲနှင့် အမျိုးသားအရင်းရှင်– လူတန်းစားလေးရပ်အတွက် ရပ်ခံတိုက်ပွဲဝင်ခဲ့သော ပါတီ။

(ခ) ဖက်ဆစ်ဂျပန်ခေတ်၌ ပြည်သူကို စည်းရုံးလှုံ့ဆော်ပြီး လက်တွေ့တိုက်ပွဲခွင်တွင် ခေါင်းဆောင်ကာ အောင်ပွဲရယူပေးနိုင်သောပါတီ

(ဂ) စစ်ပြီးခေတ်တွင် နယ်ချဲ့အလိုတော်ရိ နယ်ချဲ့နှင့် အပေးအယူလုပ်လိုသော အဖွဲ့အစည်း လူပုဂ္ဂိုလ်များ နှင့် ဖဆပလ လက်ယာဂိုဏ်းကို ဆန့်ကျင်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးရယူရာတွင် အရေးပါသော ကဏ္ဍမှ ထင်ထင်ရှားရှားပါဝင်ခဲ့သော ပါတီ

(ဃ) ..................................

နယ်ချဲ့အလိုကျ ပြည်တွင်းစစ်ဖန်တီးလာသော ဖဆ/ဆိုရှယ်လစ်များကို အညံ့မခံ၊ လက်နက်နှင့်ဖိနှိပ်လာသည်ကို ရရာလက်နက်နှင့် ပြန်လည်တိုက်ပွဲဝင်ခဲ့ သောပါတီ၊ မျက်မှောက်တွင်လည်း စစ်သုံးစစ်ကို ကိုယ်စားပြုပြီး လက်နက်နှင့် ဖိနှိပ်နေသည့် ရန်သူကို လက်နက်နှင့် ပြန်လည်တိုက်ပွဲဝင်နေဆဲပါတီ....ဤလိုမျိုးပါတီအဖြစ် သမိုင်းမှတ်တမ်းတင်ခဲ့ပြီးသော ပါတီဖြစ်သည်။

အထက်ဖော်ပြပါ ကြန်အင်လက္ခဏာများကြောင့် ဖိနှိပ်အုပ်စိုးသူအဆက်ဆက်က ဗမာပြည်ကွန်မြူနစ်ပါတီကို ဦးတည်ရန်သူအဖြစ် ကာလရှည်ကြာစွာ သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ယနေ့အချိန်တွင် ဘိုးသက်ရှည်ပါတီကြီး၏ ၈၅ နှစ်မြောက် အထိမ်းအမှတ်ပွဲကို ပြည်သူနှင့်အတူ ကွန်မြူနစ်တို့မျိုးဆက်များက ဂုဏ်ယူဝင့်ကြွားစွာ ဆင်နွှဲနေနိုင်ခြင်း ဖြစ်ပါသည်။

သို့သော် သတိပြုသင့်သည်မှာ ဤ ၈၅ နှစ်ခရီးသည် သမိုင်းသဘောအရ အချိန်တိုလေးမျှသာ ဖြစ်သည်။ ရှေ့ဆက်ရမည့်ခရီးစဉ် ကျန်ပါသေးသည်။ ကွန်မြူနစ်တို့အနေနှင့် တတိုင်းပြည်လုံးလွတ်မြောက်ဖို့ တိုက်ပွဲဝင်ရပါဦးမည်။ ၎င်းအပြင် ငြိမ်းချမ်း၊ သာယာ၊ စည်ပင်ဝပြောသော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရဦးမည့် တာဝန်ကြီးများ ရှိနေသေးသည်ကိုလည်း သတိချပ်ကြစေလိုသည်။

## အပိုင်း (၃)

တဖက်ကို ကြည့်ကြဦးစို့။

စစ်ပြီးခေတ်သမိုင်းတလျှောက်လုံးတွင် ကပ်ပါး မွှားကောင်အဖြစ် ပါလာသော စစ်အုပ်စု (သို့မဟုတ်) စစ်ခနရှင်လူတန်းစားတရပ်သည် ဖောက်ပြန်ရေးအင်အားစုများ၏ ကျောထောက်နောက်ခံဖြင့် အားပြည့်အင်ရှဲ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်သို့တက်ကာ နေရာယူလာခဲ့သည်။ အစွယ်ပေါက်စ ဗိုလ်နေဝင်းအစပြုသော စစ်အုပ်စုက ၁၉၆၂ ခုတွင် ဖြောင်ကြေညာကာ အာဏာသိမ်းယူချိန်ကစပြီး တွက်ပါက ယနေ့ဆိုလျှင် ၆၂ နှစ် ရှိခဲ့ပါပြီ။ ဤအနှစ် ၆၀ ကျော်အတွင်း အာဏာလောဘနှင့် ဆရာမွေး တပည့်မွေးပြီး တယောက်ကို တယောက်ဖြုတ်ချကာ မသတီစရာ စစ်အာဏာရှင်များ တယောက်ပြီးတယောက်ပေါ်ထွက်လာခဲ့သည်။

လက်တဆုပ်စာ စစ်အုပ်စုဝင်မိသားစုများနှင့် အပေါင်းအပါခရိုနီတစုက တိုင်းပြည်၏ ခနဥစ္စာများကို လက်ဝါးကြီးအုပ်အပိုင်စီးကာ ချမ်းသာကြွယ်ဝနေပြီး ကျန်တတိုင်းပြည်လုံးမှာမူ ဆင်းရဲတွင်းနက်သထက်နက်နေရပြီ ဖြစ်သည်။

ယနေ့ မင်းအောင်လှိုင်ခေတ်ရောက်လာတော့ တချိန်တည်းသူပဲ ယာယီသမ္မတ၊ သူပဲ ဝန်ကြီးချုပ်၊ သူပဲ စစ်ဦးစီးချုပ်၊ သူပဲစစ်ကောင်စီဥက္ကဋ္ဌ ရာထူးတွေယူဝံ့သည့်အထိ မျက်နှာပြောင်တိုက် လာခဲ့ချေပြီ။ "ယိုသူမရှက်– မြင်သူရှက်" ဖြစ်ရပ်ပါပေ။

**တယောက်ခေါင်းပေါ် တယောက်နင်းပြီး တက်လာသည့်အထဲမှာဖြင့် မင်းအောင်လှိုင်ကတော့ ယုတ်မာရက်စက်မှု အပေါင်းတွင် သရဖူဆောင်းသွားခဲ့လေပြီ**

စစ်အုပ်စုတွင်းမှာလည်း တယောက်ထက်တယောက် ပိုအရုက်နည်းလာ၊ ပိုပြောင်ပြောင်တင်းတင်းတင်း ပြည်သူကို သတ်ရဲဖြတ်ရဲလာတာတွေ တွေ့လာရသည်။

မင်းအောင်လှိုင် ကိုယ်တိုင်က "ဘာမဆိုလုပ်ရဲတယ်လို့ ကြွေးကြော်ထားသည်နှင့်အညီပဲ ပြည်သူကို ရန်သူလို့ ကြေညာရဲကာ" … လူမျိုးစုများ အပါအဝင် ပြည်သူတွေကို စစ်လေယာဉ်များနှင့် အခေါက်ခေါက် အခါခါ ဗုံးကြဲရဲ စက်သေနတ်နှင့် ပစ်သတ်ရဲတာ၊ လက်နက်ကြီးများဖြင့် နေ့မအိပ် ညမအိပ် အဆက်မပြတ် ပစ်ခတ်သတ်ဖြတ်ရဲတာ၊ စစ်လမ်းကြောင်းကျရာ ရွာတွေကို ရွာလုံးကျွတ် မီးဝင်ရှို့ရဲတာတွေက အိပ်မက်မဟုတ်၊ နေ့စဉ်ရက်ဆက် မြင်တွေ့နေရသည့် ကိစ္စတွေပဲ မဟုတ်လား။

မိမိတို့က ၈၅ နှစ်ခရီးကို သမိုင်းသဘောအရ အချိန်တိုလေးလို့ ပြောထားခဲ့ပြီ။ အခု ရန်သူစစ်အုပ်စုဘက် ပြန်ကြည့်တော့ သူတို့အချင်းချင်း အာဏာရှေ့ထိုး လုဆောင်းနေကြပုံကိုဖြင့် "ခွေးရူးကောင်းစား တမွန်းတည့်"အဖြစ်ပဲ ကြည့်မြင်ထားဖို့ လိုပါမည်။

စစ်အုပ်စုဝင်များအတွက် သတင်းစကား တခုတော့ ပေးလိုသည်။ တယောက်ခေါင်းပေါ် တယောက်နင်းပြီး တက်လာသည့်အထဲမှာဖြင့် မင်းအောင်လှိုင်ကတော့ ယုတ်မာရက်စက်မှုအပေါင်းတွင် သရဖူဆောင်းသွားခဲ့လေပြီ။ ရိုကျိုးစွာ သင်တို့နာခံနေရပေမည်တကား။ - ဟူ၍............

ထပ်ဆိုပါမည်။ သင်တို့က ဤမျှယုတ်မာရက်စက်သော မင်းအောင်လှိုင်၏ ခြေဖဝါးအောက်၌ ရိုကျိုးစွာ ဆက်လက်ပြီး နာခံသွားကြတော့မည်လား။ ကျွန်ဇာတ်ကို ဆက်ခင်းသွားကြမည်လား။

ပြည်သူများကတော့ ဒီစစ်အာဏာရှင်များနဲ့ လမ်းခွဲဖို့ ယတိပြတ်ဆုံးဖြတ်ပြီးကြပါပြီ။

စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ကြစို့။

ကြီးမြတ်သော ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ရမည်။

.............................. စာတည်းအဖွဲ့

.............................. ၅-၈-၂၀၂၄

# “ကြယ်နီ တကျိပ် နှစ်” မော်ကွန်း

ရှမ်းမြောက်က သိန်းနီမြေမှာ
ကြွေသွားကြတဲ့ ကြယ်တွေထဲ
ကြယ်နီတွေလည်း ပါသဟေ့ …
PLA ရဲ့ ရင်နှစ်
ကြယ်နီ တကျိပ်နှစ် – လို့ မှတ်တမ်းတင်
မော်ကွန်းတင်လိုက်ချင်ပါတယ်။
အဲဒီ– အဲဒီ –
ကြယ်နီ .. ကြယ်နီ တွေကတော့
ရဲဘော် သခွါး၊ ရဲဘော် ဇနက
ရဲဘော်ဂျစ်ဂျစ်၊ ရဲဘော် သုခ
ရဲဘော် မိုးအောင်၊ ရဲဘော် ဝက်သိန်း
ရဲဘော် ကောင်းကင်၊ ရဲဘော် သူရ
ရဲဘော် စိန်လွင်၊ ရဲဘော် ကျားလေး
ရဲဘော် ဝကြီး၊ ရဲဘော် အောင်ဆန်း – တဲ့
ရဲစွမ်းအပြည့် နဲ့ သတ္တိပြောင်
ဂုဏ်ရောင်ပြောင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။
ဒီ ကြယ်နီတွေထဲမှာ …
အညာသားက (၁၁)
ပဲခူး သနပ်ပင်သားက (၁)
အားလုံးပေါင်းတော့ ‘တကျိပ် နှစ်’ ပေါ့
စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရင်း
အသက်နဲ့ရင်းပြီး ပြခဲ့ကြ
အာဂ ကြယ်နီ ကြယ်နီပွင့်တွေ ဖြစ်ခဲ့တယ်။
တောင်ပေါ်မြေက မြေပြန့်ပန်း မဟုတ်
တောင်ပေါ်ကြွေ ခ ကြယ်နီပွင့်တွေ
ကြယ်နီတွေပါ ။
သူတို့တွေဟာ..
တမာပင်တန်း ထနောင်းလမ်းက
ရှားစောင်းပင်လွှမ်း ခရောင်းကြမ်းက
ထန်းပင် ထန်းတော ခြုံနွယ်တောက
လယ်တော ယာတော ကျေးလက်တောမှ
ကမ္ဘောဇမြေ ရှမ်းမြောက်မြေအထိ
နွေဦးတော်လှန်ရေးကြီးရဲ့သေနတ်သံ
နွေဦးတော်လှန်ရေးကြီးရဲ့ဆင့်ခေါ်သံ
နာခံ ရင်းနဲ့ရောက်လာကြ
တိုက်ပွဲဝင်ဖို့ရောက်လာကြတာပါ ။

(၂)

သိန်းနီ မြို့သိမ်း စစ်မြေပြင်မှာ –
PLA ရဲ့ရင်နှစ်
‘တကျိပ် နှစ်–’ သော ကြယ်နီတွေဟာ
ဂုဏ်ပြောင်စွာ အသက်ပေး
သွေးနဲ့ရေးတဲ့ သမိုင်းကြောင်း
သွေးနဲ့လောင်းပြီး ထပ်ဆင့်ဖော်
ခေါင်းမော်မပျက် ချီတက်ရင်း
နွေဦးတော်လှန်ရေးကြီးရဲ့သမိုင်းဝန်ကို
ကြေပြွန်စွာ ထမ်းဆောင်သွားခဲ့ကြပါပြီ ။
ဒီ ကြယ်နီတွေဟာ
PLA ရဲ့သားကောင်း
သူရဲကောင်းတွေသာမဟုတ်
နွေဦးတော်လှန်ရေးကြီးရဲ့သားကောင်း
သူရဲကောင်းတွေလည်း ဖြစ်ပါတယ်။
ဒီ ကြယ်နီတွေဟာ
အမိပြည်ရဲ့ မိုးသောက်ရေး
စစ်ဖိနပ်အောက်က လွတ်မြောက်ရေး
စစ်သုံးစစ်ကို ဖြိုချရေး
အသက်ပေးပြီး စွန့်ခဲ့ကြ
အညတြ အညတြသူရဲကောင်းတွေဖြစ်သလို
အာဂ–အာဂသူရဲကောင်းတွေလည်း ဖြစ်ပါတယ်။




ဒီ ကြယ်နီတွေဟာ
တိုင်းချစ် ပြည်ချစ်တွေဖြစ်ရုံသာမက
နိုင်ငံတော်သစ် ပေါ်ပေါက်ရေး
အဖိနှိပ်ခံဘဝ လွတ်မြောက်ရေး
တရားမျှတမှု ဖော်ဆောင်ရေး
ပြည်သူ့ဒီမိုကရေစီရေးရဲ့သူရဲကောင်း
ပြည်သူ့သားကောင်းတွေလည်း ဖြစ်ပါတယ်။
‘ ၁၀၂၇ ’ ခေါင်းစည်းအောက်က
ရှမ်းမြောက်က သိန်းနီမြေမှာ
အင်တာနေရှင်နယ်ကို သီကျူးရင်း
ကမ္ဘာ့မကြေ ကို သီကျူးရင်း
(တိုင်းရင်းသားညီနောင်အချင်းချင်းတွေနဲ့အတူ–)
ကျောချင်းကပ်ပြီး တိုက်ခဲ့ကြ
ရင်ချင်းအပ်ပြီး တိုက်ခဲ့ကြ
ပြည်မ ပြည်နယ်မခွဲခြား
တောင်ပေါ် မြေပြန့်မခွဲခြား
အားနဲ့မာန် နဲ့ တိုက်ခဲ့ကြ
သွေးစည်းညီညွတ်တိုက်ခဲ့ကြ
ကျခဲ့ရတဲ့သွေးစက်တွေ
ပေးခဲ့ရတဲ့အသက်တွေထဲမှာ
ကြယ်နီတွေလည်း ပါခဲ့တာ
မြေပြန့်သားတွေလည်း ပါခဲ့တာ
သေသေချာချာ မှတ်တမ်းတင်
မော်ကွန်းတင်ဖို့ လိုပါတယ်–
ဒါကြောင့် –
မော်ကွန်းတင်လိုက်ရပါတယ်။ ။

**ဝင်းတင့်ထွန်း**
**(၂၈ – ၅– ၂၀၂၄)**

(ရှမ်းမြောက် သိန်းနီ တိုက်ပွဲစဉ်အတွင်း အသက်ပေးသွားကြရတဲ့ PLA ရဲဘော် တကျိပ်နှစ်ယောက်သို့–အမှတ်တရ–အထိမ်းအမှတ်ပြု–ဂုဏ်ပြု မော်ကွန်းတင်အပ်ပါတယ်။)

# စစ်ကျန် အတိုအစများ



စစ်အတွင်းမှာ ကွဲကွာသွားကြရတာတွေ
စစ်အတွင်းမှာ ကြုံဆုံခဲ့ကြရတာတွေ
လူသားချင်း တူးတူးခါးခါးတွေ
လူသားချင်း နှစ်နှစ်ကာကာတွေ
တောင်တန်းပြာပြာ တောစိမ်းစိမ်းတွေ
စမ်းချောင်းလေး နံဘေးမှာ
တောပန်းလေးတွေလည်း ပွင့်ပါတယ်။

တယောက်က
အသက်နဲ့ရင်းပြီး ရောက်လာ၊
တယောက်က
ဘဝနဲ့ရင်းပြီး ရောက်လာ၊
နောက်တယောက်က
အားလုံး အသစ်က ပြန်စဖို့တဲ့.....
ရဲဘော်ချေရဲ့ အဆိုအမိန့်တွေ
အလွတ်ကျက်ထားသူက
တော်လှန်ရေးဆိုတာ
ကြီးမြတ်တဲ့ အချစ်ပါပဲတဲ့။

ဘယ်သူများ မနာမကျင်ဘဲ
ချစ်လို့ရခဲ့ဖူးလို့လဲ?

ခြေတဖက် မရှိတော့တဲ့ ရဲဘော်လေးက
သူက တဝက်အာဇာနည်ပါတဲ့
ရယ်ရယ်မောမော အရွှန်းဖောက်တယ်။

တံတိုင်းများ၊ စည်းရိုးများကို
ငါမတည်ဆောက်လို၊
ဝါးတံတားငယ်မှာ နှီးတပင်အဖြစ်သာ
အသုံးဝင်လိုခဲ့ပါတယ်တဲ့။

မေးခွန်းကို ပြဿနာလို့ ငါမတွေး
အဖြေက ပြဿနာဖြစ်လာမှာသာ စိုးရိမ်မိတာပါ၊

ကလေးတွေ ငိုတဲ့အခါ
လူကြီးများလည်း အိပ်မပျော်နိုင်တော့ပါ။

မြေမြှုပ်မိုင်းတွေရှင်းရင်း
ကွဲကြေနေတဲ့ နှလုံးသားတွေများ တွေ့မိရင်လေ
နီးစပ်ရာ အလံလွှမ်းပြီး
အလေးနီနဲ့ ဂုဏ်ပြုပေးလိုက်ကြပါဗျာ။ ။

မြင့်ဆွေ

# မွေးနေ့ အဓိဋ္ဌာန်



၈၅ နှစ် ပြည့်
မွေးနေ့ မဟာမှာ
အာဇာနည် အထောင်အသောင်းကို
ဦးခိုက်မိတယ် အကြိမ်ကြိမ်
ငြိမ်သက်ချိန် မရှိလောက်အောင်
တိုက်ပွဲဝင် စွမ်းအားများ
သင်တို့ထံမှ ငါ ရ၏။
ရန်တကာရဲ့
ဖိနှိပ် ရက်စက်မှုများ
ငါ့ ပြည်သူအကြား
မုန်ယိုဆင်ရိုင်းလို မွှေနှောက်နေလည်း
သွေးသားသစ် ကလပ်စည်းများ
မပြတ်…စဉ်ဆက် ဖြစ်တည်တိုးပွား
သံမဏိသားနှယ် ကြံ့ခိုင်တယ်။
ငါ့ရဲ့ ရှင်သန်ခြင်းမှာ
လေပြေညှင်းရဲ့ ညနေခင်းမရှိခဲ့။
မုန်တိုင်းနဲ့ လေနီကြမ်း
အကြမ်းဖက်ချေမှုန်းသမျှ
နေ့, ည မပြတ်ခဲ့။
ငါ ဟာ
မုန်တိုင်းကြားမှာ
သမိုင်းသစ်များ ရေးခဲ့ဖူးတယ်။
နောက်ထပ် မုန်တိုင်းထဲမှာ
ရဲရင့် နီစွေးတဲ့ သမိုင်းသစ်ကို
ရေးပြပါဦးမယ်
ပြည်သူ့အကျိုးဆောင်ရွက်ရင်း
ပြည်သူများနဲ့အတူ အောင်ပွဲခံရင်းပေါ့။ ။

A D

13th Aug 2024

# ရှင်သန်ခြင်း အဘိဓမ္မာ

ဒီ အသက်နဲ့ ဒီ ခရီးကြမ်း
ခြေလှမ်းမပျက်၊ အသက်ရှူတောင် မတစ်ဆို့ခဲ့ဘူး
ဒုက္ခမြစ်များကို ကူးဖြတ်နိုင်ခဲ့
ဖြတ်ကူးနေဆဲလေ .. ။
အညာလေ အညာစကားနဲ့ ပြောရရင်
အံသြပ ..အံသြလှပါတယ်။
တစုံတယောက်က
ဘယ်လို, ဘာကြောင့် သန်စွမ်းနေသလဲ
မေးမြန်းချင်သားဗျာ ... လို့ ။
ပြောလာတော့ ဖြေစရာများရှိလို့နေ ။
ငါ့ မှာ
ရှင်သန်နေသမျှ နေ့နေ့ ညည
ပြည်သူ့ဘဝ လွတ်မြောက်ဖို့
ပြည်သူ့အခွင့်အရေး တရားမျှတစေဖို့၊
ပြည်သူ့ဘဝ တည်ငြိမ် ငြိမ်းချမ်းဖို့ ... ဆိုတဲ့
စိတ်ဓာတ်ဝိညာဉ်များ
သွေးသားမှာ ပူးကပ်စီးဝင်နေ။
ငါ့ တရားများကား
လောကရဲ့ အမှန်တရား
ဒိုင်ယာလက်တစ်နဲ့ သမိုင်းရုပ်ဝါဒ
နှစ်ချိုက်စွာ ပွေ့ဖက်ရင်း
ဖြန့်ဖြူး ဝေငှတယ်
အသုံးချတယ် ။
ဒီ တရားနဲ့ ပဲ
အရာရာ ရင်ဆိုင်
အရာရာ တိုက်ပွဲဆင်ရင်းနဲ့
ရှင်သန်လို့ ကြီးပြင်းတယ်။

ငါ့ မှာလည်း သဘာဝအတိုင်းပဲ
ကလပ်စည်းဟောင်းတွေ ..အို သေ သွားပေမဲ့
ကလာပ်စည်းသစ်တွေ
စက္ကန့်တိုင်း ပွားစည်နေတယ်
သေဆုံးခြင်းဆိုတဲ့ တရား
ပြေးလွှားလိုက်ပေမဲ့ မမီသေးဘူး..ကွဲ့ ။
ရှင်သန်ခြင်းရဲ့ အဘိဓမ္မာမှာ
လက်ချိုးရေတွက် အနည်း အများနဲ့ မဆိုင်
စစ်မှန်တဲ့ တရားများ
သွေး သား ထဲ စီး ဆင်း စိမ့်ဝင်နေ
ဖြစ်တည်နေသမျှ ..
ငါဟာ
မြင်းနီ စီးကာ ခရီးဝက်ဘာထဲ
တိုး ရှဲ ပြေးဝင် ရင်း
ကမ္ဘာမြေတည် သရွေ့၊
လုတန်းစားဖိနှိပ်မှုတွေ မချုပ်ငြိမ်းသေးသရွေ့
ရှင် သန် မွေ့ပျော်နေဦးမည်။ ။

**ရဲဘော် ထင်ဦး**
**ဇူလိုင် ၂၀၂၄**



# ရွေးချယ်မှု

## မန်းထွန်း

(၁)

သူက ရန်ကုန်တက္ကသိုလ်တွင် မဟာသိပ္ပံတန်းတက်ရင်း သရုပ်ပြဆရာလုပ်နေစဉ် ကျွန်တော်က ရူပဗေဒ အဓိက ဒုတိယနှစ်ကျောင်းသား အနေဖြင့်ဆုံခဲ့ဖူးသည်။ သူသည် အရပ်အမောင်းကောင်းပြီး အသားကဖြူသည်။ ထူတဲသော မျက်ခုံး၊ ကြည်လင်သော တောက်ပသည့်မျက်လုံးများ နှင့်ပေါ်လွင် ထင်ရှားသောနှာတံတို့ ကြောင့် သူ့မျက်နှာ ဖွဲ့စည်းပုံက အာရိယန်နွယ်တယောက် ၏ရုပ်သွင်မျိုး ဖြစ်သည်။ သူသည်မျက်နှာထားအနည်းငယ်တည်သည် ဟုထင်ရသော်လည်းစကား ပြောသည့်အခါနှစ်လိုဘွယ်ရာ အပြုံးနှင့် အတူ သူ့အသံက ညင်သာပျော့ပျောင်းသည် ကိုသတိပြုမိသည်။

ဆရာနှင့်တပည့်အကြားသိပ်ရင်းနှီး သည့် ဆက်ဆံရေးမျိုး တော့ မရှိခဲ့ဖူးပေ။ သူတောခိုသွား သည်ဆိုသည့် သတင်း သည် ကျောင်းရှိဆရာနှင့်ကျောင်းသူ ကျောင်းသားများ ကြားတွင် တိုးတိုးတိတ် တိတ်ပျံ့နှံ့ခဲ့သည်။ ဒီသတင်းကြား တော့ကျွန်တော် လည်းအံ့အားသင့်ခဲ့ရသည်။ အချို့ကတော့ ညွန့်ကြား ရေးမှူးချုပ်သား တယောက်ကတောခိုသွားလို့ ဟုဆိုကာ အံသြဘနန်းပြောကြသည်။ နောက်သုံးနှစ် ခန့် ကြာသောအခါ ကျွန်တော်လည်း ဗမာပြည်ကွန် မြူနစ် ပါတီခေါင်းဆောင်သည့် လက်နက်ကိုင်တော် လှန်ရေးထဲ ရောက်ခဲ့သည်။ တော်လှန်ရေးထဲ ရောက်ပြီး ၂ နှစ်ခန့်ကြာ သောအခါ စစ်ဒေသဌာနချုပ်ရုံးမှ မြို့နယ်တပ် တစ်တပ်သို့ တာဝန်ပြောင်းရွှေ့ ခဲ့ရသည်။

သို့နှင့် သူနှင့်ကျွန်တော်ပါတီ၏ အခြေခံပြောက်ကျား ဒေသ တခုဖြစ်သော ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့ နယ်ရှိ ဒိုင်နယ်တခုတွင် လုံးဝထင်မထားပဲ ပြန်လည်ဆုံဆည်းခဲ့ ကြ သည်။ နှစ်ယောက်သား မမျှော်လင့်ပဲတွေ့ဆုံမှုကြောင့် အံ့သြသွားကြရာကဝမ်းသာအားရဖြင့် အချိန်ကြာမြင့်စွာ လက်ဆွဲနှုတ် ဆက်ခဲ့ ကြသည်ကိုမှတ်မိနေသည်။ ထိုစဉ် ကသူ့အပေါ်ဖော်ပြနိုင်စွမ်းမရှိသည့်လေးစားချစ်ခင်မိသည့် စိတ်မျိုးလည်းဖြစ်ပေါ်ခဲ့ရသည်။

သူကလက်နက်ကိုင် တော်လှန် ေရးထဲသို့ရောက်ပြီး ငါးနှစ် ကျော်ကြာမှကျွန်တော်ကတောခိုခဲ့ခြင်း ဖြစ် သည်။ သူနှင့် စတွေ့ချိန်ကစ၍ နှုတ်ဆက်ပြောဆိုကြသည့် အခါ “ဆရာ” ဟုသာကျွန်တော်က နှုတ်ကျိုးနေသည်။ ကျွန်တော်တို့နှစ် ယောက်က ပါတီရဲဘော်များဖြစ်သွားကြသည့်တိုင်သူ့ကို တော့ တခါမျှ”ရဲဘော်”ဟု ကျွန်တော် မခေါ်ဖြစ် ခဲ့ပေ။ သူ ကတော့ ကျောင်းတုန်းကအတိုင်း ခင်ဗျား၊ ကျွန်တော်ဖြင့် သာပြောသည်။ ဆရာကအသက်အရွယ်အားဖြင့်လည်း ၄၀ ခန့်ရှိပြီး ကျွန်တော်ထက် ၄–၅ နှစ်ခန့်သာကြီးမည်ထင်သည်။ ပါတီစစ်ဒေသခေါင်းဆောင်များကတော့ သူ့ကိုရဲဘော်မိုး ဟု လည်းကောင်း၊ ဆရာမိုး ဟု လည်းကောင်းခေါ်ကြ သည်။ သူတာဝန်ကျသော ပါတီအုပ် ချုပ်ရေးဒိုင်နယ် အတွင်းရှိ ရှမ်းရွာ၊ ခနေ့ရွာများမှရွာသူရွာသားများက၊ သူအမြဲတပ်ဆင် ထားသောပါဝါမျက်မှန်ထူထူကြီးကိုအကြောင်းပြု၍“ဆရာ မန်တာ” (မြန်မာလိုတော့ ဆရာမျက်မှန်) ဟုသာခေါ် ကြ သည်။ ငါးနှစ်ကျော်အတွင်းသူက ရှမ်းစကားရော ခနေ့စကား ပါအတော်လေးကျွမ်း ကျွမ်းကျင် ကျင်ပြောတတ်သည်။ ရွာ က ရှမ်းလူမျိုး ကျောင်းထိုင်ဆရာတော်ထံမှ ရှမ်းစာလည်း

သင်ယူထားသေး သဖြင့် သူ၏ဒိုင်နယ်အုပ်ချုပ်ရေး လုပ်ငန်းများလုပ်ကိုင်ရာတွင် အတော်အထောက်အကူရသည် ဟု သူပြောပြဖူးသည်။

ရပ်ရေးရွာရေးကိစ္စများကိုဒိုင်နယ်အတွင်းရေးမှူးတယောက် အနေဖြင့် ဦးဆောင်တာဝန်ယူဆောင် ရွက်နေသည့်ကြားက ကျေးရွာကျောင်းထိုင် ဆရာတော်နှင့်ဆွေးနွေး တိုင်ပင်ပြီး စာသင်ကျောင်းလေး တကျောင်း ဆောက်ပြီး ရွာနီးချုပ်စပ် က–ကလေး၊ လူငယ်များကိုစာသင်ကြားပေးသည်။ သူ၏စာသင်သား ပည့်များက သူ့ကို ကျောင်းဆရာ တစ်ဦးလိုထက် ဦးလေး၊ ဦးကြီးတယောက်လိုရင်းနှီးပြီး အဟန့်မရှိ လွတ်လပ် စွာပြောဆိုဆက်ဆံကြသည်ကို သတိ ထားမိသည်။

နှစ်ယောက်သားတွေ့လျှင် သူ့ဒိုင်နယ်အတွက်စဉ်းစားထားသောလုပ်ငန်းစီမံ ကိန်းများအကြောင်း ကို ကျွန်တော့အား တက်တက် ကြွကြွအားတက်သရော ပြောပြလေ့ရှိသည်။

"ဒိုင်နယ်ဆို တာ ပြည်သူ့အုပ်ချုပ်ရေးရဲ့ အခြေခံ ယူနစ် ဖြစ်လို့စနစ်တကျတည်ဆောက်နိုင် ဖို့အင်မတန်မှ အရေးကြီးတယ်ဗျ။ ဒီနေရာမှာပြည်သူလူထုတွေရဲ့ပူးပေါင်းဆောင်ရွက်မှုအပြည့်အဝရှိဖို့ က အဓိကပဲ။ ဒီကတဆင့်သူတို့ရင်ဆိုင်ရတဲ့ပြဿနာတွေကို သူတို့ ကိုယ်တိုင်လွတ်လွတ်လပ်လပ် ကိုင်တွယ်ဖြေရှင်းလာနိုင်ပြီးပြည်သူတွေဟာ သူတို့ကိုယ်တိုင် အုပ်ချုပ်ရေး ယန္တယားကိုကိုင်တွယ်တည်ဆောက်နိုင်တဲ့အလေ့ အကျင့်တွေရရှိနိုင်မှာမဟုတ်လား၊ ဒီလိုနဲ့ ကျွန်တော်တို့ပြောပြော နေကြတဲ့ ပြည်သူ့အာဏာ ဆိုတာကိုတစတစထူထောင်နိုင်မှာဖြစ်တယ်။ ဒီလုပ်ငန်းကိုပြည်သူ့အုပ်ချုပ်ရေးပိုင်းက စိတ်ချလက်ချတည်တည်ငြိမ်ငြိမ်လုပ်နိုင်ဖို့ အတွက် လုံခြုံရေး၊ ကာကွယ်ရေးကိစ္စတွေ တော့ မောင်ရင်တို့တပ်တွေရဲ့တာဝန်ပဲမဟုတ်လား"ဟုသူက ကျွန်တော့ကိုဆွေးနွေးဖူးသည်။

ကျွန်တော်တို့မြို့နယ်တပ်က သူ၏ဒိုင်နယ်သို့မရောက်သည်မှာပင် တစ်လကျော်ပြီဖြစ်သည်။

(၂)

ထိုနေ့မနက်က မြေပြင်သတင်းအဖြစ် ကြိုတင်မရဘဲ အင်အား ၇၀ ခန့်ရှိ ရန်သူ့စစ်ကြောင်းတစ်ကြောင်း ဒုဋ္ဌဝတီ မြစ်ကိုဖြတ်ပြီး အရှေ့ဘက်ဆီသို့ ဦးတည်ထွက်ခွာလာကြောင်း၊ နောင်လုံရွာက ရွာစောင့် တာဝန်ကျသော လွန်းစိန္တာ နှင့် ရွာသားသုံးယောက်က သူ့ထံသတင်းလာပို့ကြသည်။ ထို့ကြောင့် ဒိုင်နယ်အုပ်ချုပ်ရေးကော်မတီ လစဉ်ပုံမှန် အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ကြပြီး အရေးပေါ် ပြင်ဆင် စရာကိစ္စများကို မြို့နယ်တပ်နှင့် ဆက်သွယ်ညှိနှိုင်းပြီး ဆောင်ရွက်သွားဖို့ ဆွေးနွေးဆုံးဖြတ်ကြပြီးနောက် သူသည် နောင်လုံရွာ သားလေးယောက်နှင့်အတူ စခန်းရှိရာသို့အမြန် ထွက်လာခဲ့ကြသည်။

(၃)

စခန်းမရောက်မီတနာရီခန့်အလို၊ မောင်ရီပျိုးစတွင် အင်အား ၆၀ ခန့်ရှိ ရန်သူ့စစ်ကြောင်းနှင့်ထိ တွေ့မှု ဖြစ်သည်။ သူတို့ ဆုတ်ခွာ ပြေးလွှားရင်း သူ့မျက်မှန်ကြိုးနှင့် သစ်ကိုင်းတစ်ကိုင်းညိပြီး ပြုတ်ကျ သွားသည်။ မျက်မှန်ကို လက်ဖြင့်စမ်းရှာရင်း သူတယောက်တည်း ကျန်ရစ်ကာ ကျန်ရွာသားများနှင့် လူချင်းကွဲသွားသည်။ မမြင်မစမ်းနှင့် မျက်မှန်ကို ဟိုဒီစမ်းကာ ဆက်ရှာနေစဉ် ရန်သူ၏ လက်နက်ငယ် ကျည်ဆန်နှစ်တောင့်က ရှေ့ဆင့်နောက်ဆင့် သူ့ဆီလာသည်။ ပထမကျည်ဆံက ဘယ်ဒူးအထက်နားကို ထိမှန်ဖောက် ဝင်သွားသည်။ နောက်ထပ် ကျည်တတောင့်က ညာဘက်နားထင်ကိုရှပ်မှန်သည်။ နားထင် မှစီးကျ လာသောသွေးများသည် သူ့ပါးပြင်ပေါ်သို့တဖြည်းဖြည်းစီးကျလာသည်။ ဒူးခေါင်းအထက် ကဒဏ်ရာ မှာသွေး မတိတ်တော့ဘဲ ပိုမိုနာကျင်လာသည်။ ရုတ်တရက် လူပ်ရှားလိုက်သည့်အခါ မခံမရပ်နိုင်အောင် နာကျင်သွားသဖြင့်အသံထွက်အောင် ငြည်းမိတော့မည့်ဆဲဆဲ ပါး စပ်ကို လက်တဖက် ဖြင့် ချက် ချင်းဖိပိတ်ထားလိုက်သည်။ သူ့ခန္ဓာကိုယ်ကို မြေကြီးပေါ် ခြေပစ်လက်ပစ် ပက်လက်လှဲချလိုက်သည်။

မိနစ်အနည်းငယ်မျှကြာသောအခါရန်သူများက ပစ်ရှင်းနေသော လက်နက်ငယ်သံများ အနည်းငယ်ကျဲသွား ရာက တစ်တောင့်ချင် ပစ်ခတ်သံများသာကြိုးကြားကြိုးကြား ကြားရသည်။ ဒဏ်ရာရ ထားသော ဒူးခေါင်းအထက်ကို သူ၏ မျက်နှာသုတ်ပုဝါဖြင့် စည်းလိုက်သည်။ မျက်နှာသုတ်ပုဝါ အဖြူရောင်သည် အနီရောင်သို့ တဖြည်းဖြည်း ပြောင်းလာသည်။

ဆုတ်ခွာ ပြေးလွှားရင်း သူ့မျက်မှန် ကြိုးနှင့် သစ်ကိုင်းတစ် ကိုင်းညိပြီး ပြုတ်ကျ သွားသည်

သူ့လက်ထဲမှ အမ် ၂၀ ပစ္စတိုကျည်အိမ်ကို ဖြုတ်ကြည့်သည်။ ကျည်ဆန် တစ်တောင့်သာ ကျန်တော့သည်။ ထိုအခိုက် ရန်သူစစ်သား အချို့၏ဆဲဆို ကြိမ်းမောင်းနေသော အသံ အချို့ကို မလှမ်းမကမ်းတနေရာမှ ရုတ်တရက်ကောင်စွာ ကြားလိုက်ရသည်။ ထိုးကြိတ် ကန်ကျောက်သည့် အသံများ နှင့် အတူ ညည်းတွားသံကိုပါ တဆက်တည်း ကြားလာရ သည်။ လွန်းစိန္တာတို့ထဲက တစ်ယောက်ယောက် ရန်သူလက် ထဲ ကျရောက်သွားပြီဟု သူနားလည်လိုက်သည်။ အသံ များက နီးသည်ထက် နီးလာသည်။ ခေါင်းထဲတွင်လည်း တစတစ မူးဝေစပြုလာသည်။ သို့သော် သတိနှင့် အသိက ပြတ်တောက်သွားခြင်းတော့ မရှိသေးပေ။ သူ့ဆီ ဦးတည် လာနေသော မရဏမင်း၏ခြေသံများကပို၍ပို၍နီးကပ်လာ နေသည်။ သူသည်ရှင်းလင်း ခိုင်မာသည့် ဆုံးဖြတ်ချက် တခု ကို ချလိုက်သည်။ သူ့ပစ္စတိုထဲကနောက်ဆုံး ကျည်ဆန်က ဒဏ်ရာရထားသော ညာဖက်နားထင် တည့်တည့်မှ တဖက် နားထင်ကို ဖြတ်သန်းသွားသည်။

သူ့သေနတ်သံကြောင့် ရန်သူများက သူရှိသည့် နေရာ ဝန်းကျင်ကို အလျင်အမြန် လာရောက်ရှင်းလင်း ကြသည်။

(၄)

ရန်သူ့စစ်သားများသည် သူ့ရုပ်အလောင်းကို ရွာထဲသို့ သယ်ယူလာကြပြီး ဘုန်းကြီးကျောင်းရှိ ခုတင်အလွတ်တခု ပေါ်တွင်တင်ထားလက်ကြသည်။ရွာသူကြီးနှင့်ရွာသားအချို့ ကို စစ်ကြောင်းမှူး စစ်ဗိုလ်က ဆင့်ခေါ်သည်။ စစ်ကြောင်း မှူးစစ်ဗိုလ်က သူ့ကိုကောင်းမွန်စွာ သင်္ဂြိုဟ်ပေးပါမည်ဟု ပြောသောအခါရွာသားများရော ဆရာတော်ပါအံ့သြသည့် မျက်နှာဖြင့် စစ်ဗိုလ်ကိုဝိုင်းကြည့်နေကြ သည်။ ဘာမှတော့ မတုံ့ပြန်ကြ။

သရဏဂုံတင်ရန် ကျောင်းထိုင်ဆရာတော်ကို လာပင့်သော အခါ စစ်ဗိုလ်သည် ကြိုးစားပြီး ဣန္ဒြေဆည်ထားသည့်တိုင် သူ့မျက်နှာပေါ်တွင် ကြေကွဲညှိုးနွမ်းသည့် အရိပ်များကို ရွာသား များကကောင်းစွာ သတိထားမိကြသည်။ သို့သော် သူတို့၏ မျက်နှာများတွင်မူ ဝမ်းနည်းမှု၊ နာကြည်းမှုနှင့် သံသယတို့ ရောယှက်နေသည်။

အသုဘ အခမ်းအနားအပြီးတွင် စစ်ဗိုလ်က "ဆရာတော်ကို လက်အုပ်ချီကာ "တပည့်တော် စကားအနည်းငယ် ပြောပါ ရစေဘုရားဟု ခွင့်တောင်းသည်။ ဆရာတော်က ခေါင်းကို ဖြေးညင်းစွာ ညိတ်ပြသည်။ ထို့နောက်စစ်ဗိုလ်က မတ်တပ် ရပ်လိုက်ပြီး ရွာသားများ ဘက်လှည့်ကာ စကားပြောသည်။

"သူဟာ ကျွန်တော်တက္ကသိုလ် ရောက်တုန်းက ကျွန်တော့် ရဲ့ ဆရာရင်း တစ်ယောက်ပါ။ အဲဒါအပြင် ကျွန်တော့်ရဲ့ ကျေးဇူးရှင် ဆိုရင်လည်းမမှားပါဘူး။ ဆရာ့ရဲ့ အစစအရာရာ ကူညီပံ့ပိုးပေးမှုတွေနဲ့ ကျွန်တော် တက္ကသိုလ်ကျောင်းကို ဆက်တက်နိုင်ခဲ့တာပါ။ ကျွန်တော် ကျောင်းပြီးတော့မှ တပ်မတော်ထဲ ရောက်သွားခဲ့တာပါ။ ဆရာနဲ့ကျွန်တော် အခုလို အဖြစ်ဆိုးမျိုးနဲ့ပြန်လည် ဆုံဆည်းကြလိမ့်မယ်လို့ ကျွန်တော် လုံးဝ မျှော်လင့်မထားခဲ့ပါဘူး။ အခုတော့ဗျာ.... "သူ့အသံတိုးတိမ် သွားရာက ရှိုက်သံသဲ့သဲ့ တချက်နဲ့အတူ ရပ်တံ့သွားသည်။ ထို့နောက် ဆရာတော်ရှေ့တွင်ဒူးထောက် ဦးချပြီး "ဆရာ့ရက်လည်နေ့ အတွက်အသုံး ပြုဖို့ ဒီငွေကို လှူခဲ့ပါတယ်၊ လက်ခံတော်မူပါဘုရားဟု လျှောက်ထားပြီး ငွေစက္ကူအချို့ကို ဆရာတော်ထံကပ်သည်။ ရွာသူရွာသား များဘက်သို့ လှည့်ကာခေါင်းညိတ်ပြပြီး နောက်ကျောင်း ပေါ်မှ ဖြေးလေးစွာ ဆင်းသွားသည်။ ဆရာတော်နှင့်တကွ ရွာသူ ရွာသားများငြိမ်သက် တိတ်ဆိတ်စွာ ကျန်ခဲ့ ကြသည်။

(၅)

သူ ကျဆုံးသွားသည့်သတင်းကို ကျွန်တော် ကြားသည့်ညက တညလုံးအိပ်မပျော် နိုင်ခဲ့ပေ။ သူ့ရုပ်သွင်၊ အမူအရာပုံရိပ် များ သူနှင့်ဆုံဆည်းခဲ့ရသည့် အကြောင်းများ၊ ရွာသားများ ပြောပြသွားကြသည့် အဖြစ်အပျက်များ စသည့်အတွေးများ က တခုပြီးတခု ခေါင်းထဲဝင် လာသည်။ ထိုသို့တွေး နေရင်း သူတခါက ကျွန်တော့်ကို ပြောဖူးသည့် စကားတစ်ခွန်းကို ပြန်လည် သတိရ ကြားယောင်လာမိသည်၊ "ကျွန်တော် ရန် သူ့လက်ထဲကို အသက်ရှင်ရက် (လျက်) နဲ့ ဘယ်တော့မှ အ ရောက်မခံဘူးလို့ ပိုင်းဖြတ်ထားတယ်"

တော်လှန်ရေးသမားတယောက်၏ လွတ်လပ်သော ရွေးချယ် မှုတစ်ခုဟုကျွန်တော် နားလည်မိသည်။

**မန်းထွန်း**

**(၁၉၇၈ ခုနှစ်၊ ဇွန်လက ကျဆုံးသွားသော ရဲဘော်မိုး သို့)**

**ဆရာနဲ့ ကျွန်တော်အခုလို အဖြစ်ဆိုးမျိုးနဲ့ပြန်လည် ဆုံဆည်းကြလိမ့်မယ်လို့ ကျွန်တော် လုံး ဝ မျှော်လင့်မထားခဲ့ပါဘူး**



# လေ့လာရေး အုပ်စုမှ
# မြေအောက်တော်လှန်ရေးအဖွဲ့သို့

ရဲဘော်မောင်မောင်လတ်

နိုင်ငံရေးကို တကယ်လေးနက်တဲ့ စိတ်နဲ့လေ့လာတဲ့အခါ နားမလည်တဲ့ အချက်များကြောင့် အားမလိုအား မရ ဖြစ်မိပါတယ်။ ကျွန်တော်အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝကတည်းက နိုင်ငံရေးစာအုပ် တချို့ကို ဖတ်ဖူးခဲ့ပါတယ်။ ကြုံကြိုက်လို့ပဲ ဖြစ်ဖြစ်၊ ကျောင်းသားကြီးတယောက်ရဲ့ တိုက်တွန်းမှုကြောင့်ပဲဖြစ်ဖြစ် ဖတ် ဖူးခဲ့တာ ဖြစ်ပါတယ်။ မှတ်မိသလောက် သာဓက အနေနဲ့ပြောရရင် အနုပဋ္ဋိလောမရုပ်ဝါဒ၊ ဦးအောင်သန်းရေး– ဆယ့် ခြောက်နှစ်ခရီး၊ ဗိုလ်မှူး ချစ်ကောင်းရေး– အနှစ်နှစ်ဆယ်၊ သခင်မြသန်းရေး– စာပေနှင့် လူမှုလက်တွေ့၊ လက်ယာ ဆိုရှယ်ဒီမိုကရက်များ သခင် ချစ်မောင်ရေး– ကမ္ဘာလှည့် သခင်ကိုယ်တော်မှိုင်း၊ ကြေးမုံဝင်းတင် ရေး– ကမ္ဘာနီ တွင် တဒင်္ဂအစရှိတာတွေဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခြောက်ဆယ့်လေးလမ်းစဉ်ကို တောင် ဖတ်ဖူးခဲ့ပါတယ်။

အဲဒီအချိန်တုန်းက ဘဝအတွေ့အကြုံနုနယ်သေးပြီး၊ ၆၂ ခုနှစ် ဇူလိုင် (၇) ရက် နေ့ ကျောင်းသားတွေ အသတ်ခံရ လို့ ကျောင်းသားငယ်တယောက်အနေနဲ့ ကျောင်းသားစိတ်ကြောင့် မခံမရပ်နိုင်ဖြစ်မိတာကလွဲလို့ လူတန်းစားပဋိပက္ခနဲ့ လူတန်းစားတိုက်တိုက်ပွဲမှာ နက်နက်ရှိုင်းရှိုင်း ပါဝင်ခဲ့ရသေးတာမဟုတ်ပါဘူး။ ဒီတော့ နိုင်ငံရေးစာအုပ် တွေ ဖတ်မိတဲ့အခါမှာလည်း လေးနက်တဲ့သဘောနဲ့ ဖတ်ခဲ့တာ မဟုတ်ခဲ့ပါ။ နားမလည်တာရှိရင်လည်း သိပ်စိတ် ပင်ပန်းခံပြီး၊ မစဉ်းစားခဲ့၊ နားလည်အောင် မကြိုးစားခဲ့ ရိုးအမှန်ပါ။ ရှင်းပြသူက ရှင်းပြတဲ့အခါမှာတောင် ရှင်းပြ သူကိုယ်တိုင်က ရှင်းရှင်းလင်းလင်း မသိတာကြောင့်လားတော့ မသိပါ။ ရှင်းရှင်းလင်းလင်း နားမလည်ခဲ့ပါ။ ကိုယ် တိုင်က မလေးနက်တာကြောင့်လို့ပဲ ထင်ပါတယ်။

ကျွန်တော့မိဘတွေက လယ်သမားတွေပါ။ ပြည်တွင်းစစ်ကြောင့် ရွာပျက်ပြီး၊ မြို့ပေါ်ကို အဝတ်တထည် ကိုယ် တခုနဲ့ ပြေးလာရပြီး၊ မြို့ပေါ်မှာ ခက်ခက်ခဲခဲ ဘဝရပ်တည်နေရသူတွေပါ။ ကျွန်တော့ ဆွေမျိုးတချို့ကတော့ မြို့အနီးအနား ဝန်းကျင်မှာ လယ်လုပ်ငန်းကို ဆက်လုပ်နေကြတုန်းပါ။ တခါတလေ ကျောင်းအားရက်တွေမှာ ဆွေ မျိုးတွေရဲ့ လယ်တောကို သူငယ်ချင်းတွေနဲ့အတူ ကျွန်တော်

သွားလည်ပြီး၊ ဆော့ကစားလေ့ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော့မှာ လယ်သမားလူတန်းစားရဲ့ လူတန်းစားစိတ်ဓာတ် တစုံတရာ ရှိနေခဲ့တယ်လို့ ထင်ပါတယ်။

အရွယ်ရောက်လာလို့ လူတန်းစားပဋိ ပက္ခကို ပိုလို့ကြုံတွေ့ ခံစားလာရတဲ့အခါ၊ လယ်သမားတွေကို ကြည့်ပါ တယ်။ အဲဒီအချိန်တုန်းက ပညာတတ်တချို့က ဗိုလ်နေဝင်းတို့ အာဏာသိမ်းစစ်တပ်ရဲ့ မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ဆိုတာကို စိတ်ကူးယဉ်ကြပေမဲ့၊ လယ်ကွေ ဆယ်ဂဏန်းချီပိုင်တဲ့ လယ်သမားတွေက အစ လယ်သမားတွေ ဟာ စစ်အစိုးရ ဘာပြောပြော အကောင်းမမြင်ကြပါဘူး။ လယ်သမားတွေရဲ့ ပြောပြချက်အရ စစ်အစိုးရတက် လာပြီးမကြာခင်မှာ သူတို့ရဲ့ စားဝတ်နေရေး အခြေအနေက ပိုဆိုးလာခဲ့တာ အမှန်ပါ။ နေ့စဉ် ထမင်းစားရာမှာ ငါးပိရည်နဲ့ တို့စရာကိုသာ အားထားနေရတဲ့ ဘဝမှာ ငါးပိရည်ထဲ ဂေရုတ်သီးမှုန့်တောင် နိုင်နိုင် ထည့်မစားနိုင်တော့တာ၊ ရေနွေးထဲမှာ လက်ဖက်ခြောက် ခပ် မသောက်နိုင်တော့တာ၊ ဖျားနာတဲ့အခါ ထန်းလျက်ခဲလေးတောင် မစား နိုင်တော့တာတွေ ပြောပြကြပါတယ်။ လယ်သမားတွေက အုပ်စိုးသူလူတန်းစား (မဆလ စစ်အစိုးရ) ဆီက ဘာ ကောင်း ကျိုးမှ မမျှော်လင့် ကြောင်းတွေ့ ရတဲ့အခါ ကျွန်တော်လည်း မဆလ အစိုးရဆီက မျှော်လင့်စရာ မရှိမှန်း သိလာခဲ့ပါတယ်။ စစ်အစိုးရ ဝါဒဖြန့်နေတဲ့ ဆိုရှယ်လစ် ဝါဒ ဆိုတာကို အယုံအကြည် မရှိတော့ပါ။ မဆလ စစ်အစိုးရဟာ ရန်သူဖြစ်တယ်လို့ သဘောပေါက် နားလည်လာခဲ့ပါတယ်။ ဘယ်သူ့ကို အားကိုးပြီး (ဘယ်သူ့ဦး ဆောင်မှုနဲ့) တိုက်ရ မလဲလို့ရှာကြည့်လိုက်တော့ ဗမာပြည် ကွန်မြူနစ်ပါတီက လွဲလို့ တခြားအဖွဲ့ အစည်းကို မမြင်ပါ။ ကျွန်တော်တို့ မြို့နယ်က ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အခြေခံဒေသတခု မဟုတ်တော့ ကွန်မြူနစ်ပါတီအ ကြောင်းလည်း ရေရေရာရာမသိပါ။

ဘာပဲဖြစ်ဖြစ် ပါတီအကြောင်းကို တချိန်ချိန်မှာ သိလာရမယ်လို့ယုံကြည်ပါတယ်။ ပါတီအကြောင်းကို တောပြန် ပါတီရဲဘော်ဟောင်းကြီးတွေ (သစ္စာဖောက်တွေမဟုတ်) ဆီမှာ မေးမြန်းကြည့်ပါတယ်။ ပါတီနဲ့ ပတ်သက်တဲ့ ရနိုင် သမျှ စာအုပ်စာတမ်း၊ အချက်အလက်တွေကို လေ့လာပါတယ်။ ပါတီသစ္စာဖောက်တွေရေးတဲ့ “သခင်သန်း ထွန်း နောက်ဆုံးနေ့များ”စာအုပ်ကအစ ဖတ်ပါတယ်။ အဲဒီစာအုပ်မှာ ပါတီကို စိတ်ပျက်အောင်၊ အယုံအကြည်မဲ့ အောင်၊ ကြောက်ရွံ့ ရွံရှာအောင် အမျိုးမျိုးရေးပြထားပေမဲ့ ပါတီနဲ့ပတ်သက်လို့ ဒီသစ္စာဖောက်အုပ်စု ဖြစ်စေချင် သလို ကျွန်တော့ စိတ်မှာ ဖြစ်မလာခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြည်သူတွေ အဖိနှိပ်ခံဘဝက လွတ်မြောက်ဖို့ ပါတီမရှိလို့ မဖြစ်ဘူးလို့ ကျွန်တော် မြင်မိပါတယ်။ တနေ့မှာ ကျွန်တော်ဟာ ကွန်မြူနစ်ပါတီရဲ့ ရဲဘော်တယောက်၊ တော်လှန်ရေးသမား တယောက် ဖြစ်လာရမယ်လို့ ယုံကြည်မိပါတယ်။ ဒီတော့ ခုကတည်းက နိုင်ငံရေးလေ့လာရမယ်၊ မာ့က်စ်ဝါဒလေ့လာရမယ်လို့ စိတ်ပိုင်းဖြတ်ပြီး၊ ကျွန်တော်လေ့လာရေးလုပ်ပါတယ်။

တကိုယ်တည်းလေ့ လာရာမှာ နားမလည်တဲ့ အချက်တွေ၊ ဆွေးနွေးစရာအချက်တွေ အတော်များများတွေ့ရပါ တယ်။ ဒီတော့ ကျွန် တော့အဖို့ ဦးဆောင်ဆွေးနွေးပြမယ့်သူနဲ့ ဆွေးနွေးဖော်ဆွေးနွေးဖက်တွေလိုပါတယ်။ အပြန် အလှန် အားပေးကူညီမယ့် အဖော်တွေလိုပါတယ်။ တနည်းအားဖြင့် လေ့လာ ရေးအုပ်စုတစု ရှိဖို့လိုပါတယ်။

ကျွန်တော်တို့ မြို့လေးမှာ လက်ဝဲအုပ်စုလို့ လူပြောသူပြောများတဲ့ လူငယ်အုပ်စုတစုရှိပါတယ်။ သူတို့က တအိမ် တည်းနေသူနှစ်ယောက်နဲ့ အိမ်နီးချင်းနှစ်ယောက်ရယ်၊ တခြားရပ်ကွက်မှာ နေတဲ့ တယောက်ရယ်၊ အားလုံးပေါင်း လူ ငါးယောက်ပါတဲ့ အုပ်စုလေးတစုဖြစ်ပါတယ်။ အားလုံးက သူငယ်ချင်းတွေဖြစ်နေကြတော့ ပထမနှစ်ယောက် ရဲ့အိမ်မှာ နေ့တိုင်းလိုလို ညနေကျရင် ဆုံကြပါတယ်။ ဆုံကြတဲ့အခါ စာအကြောင်း၊ ပေအကြောင်းတွေကို တယောက် တပေါက်စီ ကြုံရာကျပန်း ပြောကြတာလောက်ပဲ ရှိပါတယ်။



(ဘယ်သူ့ဦး ဆောင်မှုနဲ့) တိုက်ရ မလဲ လို့ရှာကြည့် လိုက်တော့ ဗမာပြည် ကွန်မြူနစ် ပါတီက လွဲလို့ တခြားအဖွဲ့ အစည်းကို မ မြင် ပါ

လေ့လာရေးကို စနစ်တကျ သတ်သတ် မှတ်မှတ် လုပ်ကြ တာမဟုတ်ပါ။ သူတို့ကို ကျွန်တော် အားမရပါ။

ကျွန်တော်က အုပ်စု လေ့လာရေးကို စနစ်တကျ လုပ်လို ပါတယ်။ တော်လှန်ရေးသမားတယောက်ဖြစ်လာတဲ့အခါ တော်လှန်ရေးတာဝန်တွေနဲ့ အလုပ်များနေမှာ မို့လို့ လေ့လာ ရေးအတွက် အချိန်သိပ်ပေးနိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော် စဉ်းစားမိပါတယ်။ ဒါ့ကြောင့် ခုကတည်းက လေ့လာရေးကို အချိန်ရတုန်း ဖိဖိစီးစီးလုပ်ထားဖို့လို ကြောင်း၊ လေ့လာရမယ့် စာအုပ်၊ လေ့လာရမယ့်အချိန်တာ၊ ဆွေးနွေးရမယ့်အချိန် တွေကို သတ်မှတ်ပြီး၊ အုပ်စု လေ့လာရေးကို တိတိကျကျ လုပ်သင့်ကြောင်း အုပ်စုဝင်တွေကို ကျွန်တော် အကြံပေး ပါတယ်။ သူတို့က အသက် အစိတ် ပတ်ဝန်းကျင် အရွယ် တွေဖြစ်ပြီး၊ သူတို့ထက် အသက် ငါးနှစ်၊ ခြောက်နှစ်ငယ်တဲ့ အရွယ် တမြို့တည်းသား ဖြစ်သူ ကျွန်တော့်ကို "ချာတိတ် လေး" တယောက်လို့သာ သဘောထားကြဟန်တူပါတယ်။ ကျွန်တော်ပြောတာကို အရေးမစိုက်ပါ။

(ဘယ်သူ့ဦး ဆောင်မှုနဲ့) တိုက်ရ မလဲ လို့ရှာကြည့် လိုက်တော့ ဗမာပြည် ကွန်မြူနစ် ပါတီက လွဲလို့ တခြားအဖွဲ့ အစည်းကို မ မြင် ပါ

ဒီအုပ်စုနဲ့ စနစ်ကျတဲ့လေ့လာရေးလုပ်လို့မရတော့တဲ့နောက် မှာ လေ့လာရေးအုပ်စုတစုဖွဲ့ဖို့ ရွယ်တူသူငယ်ချင်း တွေထဲ မှာ လိုက်စည်းရုံးကြည့်ပါတယ်။ နိုင်ငံရေးစိတ်ဝင်စားပြီး၊ စာ ဖတ် အလေ့အကျင့်ရှိတဲ့ သူငယ်ချင်း နှစ်ယောက်လောက် ရှာတွေ့ပါတယ်။ သူတို့လည်း လေ့လာရေး အုပ်စုတစုအနေ နဲ့ စည်းကမ်းသတ်မှတ်ပြီး၊ လေ့လာဖို့လောက်အထိ စိတ် အားထက်သန်မှု မရှိပါ။ လေ့လာရေးကို ပေါ့ပေါ့တန်တန် သဘောထားကြတာ တွေ့ရပါတယ်။ လေ့လာရေးကို အလေးအနက်သဘောထားပြီး လုပ်ဖို့၊ သူတို့ကို ဘယ်လို အားပေး တိုက်တွန်းလို့မှ မရပါ။ နောက်ဆုံးတော့ ကျွန်တော် လက်လျှော့ပြီး၊ လေ့လာရေးနဲ့ပတ်သက်လို့ တကိုယ်တည်း အထီးကျန် ဖြစ်ခဲ့ပါ တယ်။ ကျွန်တော်ဖြစ်စေချင်တဲ့ လေ့လာ ရေးအုပ်စု ဖွဲ့ရေးကို လက်လျှော့လိုက်ရပါတော့တယ်။ မိမိ ရဲ့ လေ့လာ ရေးကိုတော့ စိုက်လိုက် မတ်တတ် ဆက်လုပ် ပါတယ်။

၁၉၇၄ ခုနှစ်၊ ဇွန်လမှာ အလုပ်သမား သပိတ်၊ ၁၉၇၄– ၇၅မှာ ဦးသန့်ဈာပနကို အကြောင်းပြုပြီးဖြစ်ပွား တဲ့ စစ် အာဏာရှင်စနစ် ဆန့်ကျင်ရေး ကျောင်းသားနဲ့ မြို့နေ လူထုလှုပ်ရှားမှုနဲ့၊ ၁၉၇၅ ခုနှစ် ရွှေတိဂုံ အရေးအခင်း လို့ ခေါ်တဲ့ ကျောင်းသားလှုပ်ရှားမှု ဖြစ်ပွားလာခဲ့ပါတယ်။ ဒီ လှုပ်ရှားမှုတွေကြောင့် ကျွန် တော်တို့မြို့က လူငယ် တချို့ လည်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဖို့ နိုးကြားလာခဲ့ တာ တွေ့ရပါတယ်။ ဒီအချိန်မှာ ကျွန် တော့ထက် အသက် တနှစ်ငယ် သို့မဟုတ် ကျောင်းနေစဉ်က အတန်းတတန်း ငယ်တဲ့ သူငယ်ချင်း (၄) ယောက် ရယ်၊ အတန်း တူနေခဲ့ဖူး ပြီး၊ ကျွန်တော်ထက် အသက် နှစ်နှစ်ကြီးတဲ့ သူငယ်ချင်း တ ယောက်ရယ်၊ အားလုံးပေါင်း (၅) ယောက် က ကျွန်တော် မျှော်လင့်မထားတဲ့ သဘောထားနဲ့ ကျွန်တော့်ကို ချဉ်းကပ် လာကြပါတယ်။ သူတို့ နိုင် ငံရေး လေ့ လာလို ကြောင်း၊ သူ တို့ နိုင်ငံရေးလေ့လာဖို့ အကူအညီပေးစေလိုကြောင်း ပြော လာပါတယ်။

လေ့လာရေး အုပ်စုဖွဲ့ဖို့ အခွင့်အလမ်းကြီးကို မမျှော်လင့်ဘဲ ရလိုက်လို့ ကျွန်တော် အတော်အားတက်မိပါတယ်။ သူတို့ အများစုက ကျွန်တော်ထက် ငယ်သူတွေလည်းဖြစ်၊ သူတို့ ကိုယ်တိုင်က လိုလိုလားလား တောင်းဆိုတာ လည်း ဖြစ် တာကြောင့် လေ့လာရေးအုပ်စုဖွဲ့ရေး၊ စည်းကမ်းသတ်မှတ် ရေးအတွက် ကျွန်တော့်မှာ ပြောအား ရှိပါတယ်။ စည်းကမ်း နဲ့ပတ်သက်လို့ ထူးထူးခြားခြား တိတိကျကျ ချမှတ်ခြင်းမရှိ ပါဘူး။ ကျွန်တော်တို့အားလုံး ဟာ လူမှုရေးအရ ယဉ်ကျေးမှု အရပြောရရင် အပြစ်အနာအဆာကင်းသူတွေဖြစ်ကြပါ တယ်။ ပါတီကောင်စီ အာဏာပိုင်တွေ "မျက်စိမကျ"အောင် လေ့လာတာတွေ၊ ဆွေးနွေးတာတွေကို သိုသိုသိပ်သိပ် လုပ် ကြဖို့နဲ့၊ သတ် မှတ်ထားတဲ့ လေ့လာစရာ စာအုပ်စာတမ်း ကို လေ့လာပြီး၊ ဆွေးနွေးဝိုင်းကို သတ်မှတ်ရက်၊ သတ်မှတ် ချိန်တွေမှာ မပျက်မကွက်တက်ရောက်ကြဖို့ သဘောတူ



ဆုံးဖြတ်ကြပါတယ်။ ဆွေးနွေးတဲ့နေရာကိုတော့ ပုံသေ သတ်မှတ် ထားတာမရှိဘဲ၊ လူမနေတဲ့ အိမ်တွေရှာပြီး၊ ဆွေးနွေးကြပါတယ်။

ပထမတော့ စာအုပ်တအုပ်၊ စာစောင်တစောင်ချင်းကို လေ့လာကြပါတယ်။ သာဓကအားဖြင့်၊ မော်စီတုန်းရဲ့ "ပြည်သူ့ အကျိုးဆောင်ကြ"၊ "ဒီမိုကရေစီသစ်"တို့ ဖြစ်ပါတယ်။ သူငယ်ချင်းတွေအားလုံး စိတ်ထက်ထက် သန်သန် လေ့လာပြီး၊ တက်တက်ကြွကြွဆွေးနွေးကြတာတွေ့ရလို့ ကျွန်တော့ ရည်မှန်းချက်တခု အောင်မြင် တယ်လို့ ဆိုရပါမယ်။

နောက်ပိုင်းမှာ စာတအုပ်၊ စာတစောင်ချင်း လေ့လာရာကနေ ဘာသာရပ် (သို့မဟုတ်) အကြောင်းအရာတခုခုကို လေ့လာတဲ့ အဆင့်ဆီ ကျွန်တော်တို့ တက်လှမ်းခဲ့ပါတယ်။ သာဓကအားဖြင့်၊ "လူတန်းစား"ဆိုတဲ့ အကြောင်းအ ရာကို လေ့လာဖို့ သတ်မှတ်ပြီး၊ မော်စီတုန်းရဲ့ "တရုပ်ပြည် လူ့အဖွဲ့ အစည်းမှ လူတန်းစားများကို ခွဲခြမ်းစိတ်ဖြာ ချက်"၊ "ကျေးလက်လူတန်းစားများကို ဘယ်လို ခွဲခြားမလဲ"၊ "တရုပ်ပြည်တော်လှန်ရေးနှင့် တရုပ်ပြည် ကွန်မြူ နစ်ပါတီ"၊ "The Peasant War in Germany (Frederick Engels) စာအုပ်ရဲ့ အမှာစာ" ပါ ဂျာမဏီပြည်ရဲ့ လူ တန်းစား ခွဲခြမ်းစိတ်ဖြာ ချက်တို့ကို ကိုးကားပါတယ်။

ဒီလိုအုပ်စုဖွဲ့ လေ့လာခြင်းအားဖြင့် အုပ်စုဝင်တွေဟာ လေ့လာသင့်တယ်လို့ အများသဘောတူ သတ်မှတ်ထားတဲ့ စာအုပ်စာတမ်းတွေကို မပျက်မကွက် လေ့လာဖြစ်တယ်။ နိုင်ငံရေး အသိအမြင်တိုးလာတယ်။ တော်လှန်ရေး သမားတယောက်ဖြစ်ဖို့ အတွေးအခေါ်အရ နီးစပ်လာတယ်။

အုပ်စုဝင်အချင်းချင်း အပြန်အလှန်ဆွေးနွေးခြင်းအားဖြင့် တဦးချင်းအနေနဲ့ နားမလည်တဲ့ အချက်တွေကို နား လည်အောင် ကြိုးစားနိုင်တယ်။

တဦးချင်းရဲ့စိတ်မှာ ငါ့မှာ အုပ်စုရှိတယ်ဆိုတဲ့ အသိကြောင့် လူတန်းစားရန်သူတွေနဲ့ ဆက်ဆံရာမှာ စိတ်ဓာတ် အင်အား ရှိလာတယ်။ သတ္တိပိုရှိလာတယ်။

အဲဒီအချိန်တုန်းက ပါတီရဲ့ မြို့ပြမြေအောက် တော်လှန်ရေး လုပ်ငန်း ရပ်ထားတာကြာပြီလို့ကျွန်တော်တို့ ကြား ထားပါတယ်။ ဒါပေမဲ့ လေ့လာစရာရှိတာကို လေ့လာထားရမယ် ဆိုတဲ့ အသိနဲ့ ကျွန်တော်တို့တတွေ အုပ်စု လေ့လာရေးကို တက်တက်ကြွကြွ ဆက်လုပ်ကြပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီမဟုတ်တဲ့အခြားအဖွဲ့အစည်းတချို့နဲ့ဆက်သွယ်ဖို့ အခွင့်အရေးရပေမဲ့ ကျွန်တော်တို့ မဆက်သွယ်ခဲ့ပါ။ (ကွန်မြူနစ်ပါတီ အသစ်တည် ထောင်မယ်ဆိုတဲ့ အုပ်စုတစုကိုတောင် ကျွန်တော် အဆက်အသွယ်ရခဲ့ဖူးပါတယ်။) ဗမာပြည်ကွန်မြူနစ် ပါတီရဲ့ ဦး ဆောင်မှုကလွဲလို့ တခြား ဘယ်အဖွဲ့အစည်းကိုမှ ကျွန်တော်တို့ မယုံကြည်ပါ။



ကံကောင်းချင် တော့၊ တနှစ်လောက်အကြာမှာ ပြန်လည်တည်ထောင်စ ပါတီရဲ့ ရန်သူ့ဒေသ မြေအောက် တော် လှန်ရေး အဖွဲ့နဲ့ ကျွန်တော် အဆက်အသွယ်ရခဲ့ပါတယ်။ ပါတီရဲ့ တာဝန်ရှိရဲဘော်ကို ကျွန်တော့ အုပ်စု အကြောင်း အစီရင်ခံ တင်ပြပါတယ်။ ပါတီရဲဘော်အဖြစ် ကျွန်တော် တဦးချင်း အနေနဲ့ အသိအမှတ်ပြုခံရပြီးတဲ့နောက်မှာ ကျွန်တော်က ကျွန်တော့ အုပ်စု ရဲ့ လေ့လာရေးကို ဦးဆောင်ရင်း၊ သူတို့ကို မြေအောက်တော်လှန်ရေး လုပ်ငန်း လုပ်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုလုပ် ပေးပါတယ်။

တနှစ်လောက်အကြာမှာ ကျွန်တော်တို့ လေ့လာရေး အုပ်စုဝင်အားလုံး ပါတီရဲ့ မြေအောက်တော်လှန်ရေးလှုပ်ရှားမှု လုပ်ငန်းနယ်ပယ်အသီးသီးမှာ ပါဝင်လာနိုင်ခဲ့ပါတယ်။

**ရဲဘော် မောင်မောင်လတ်**

**၂၁-၆-၂၀၂၄**

**(ဘယ်သူ့ဦး ဆောင်မှုနဲ့) တိုက်ရ မလဲ လို့ရှာကြည့် လိုက်တော့ ဗမာပြည် ကွန်မြူနစ် ပါတီက လွဲလို့ တခြားအဖွဲ့ အစည်းကို မ မြင် ပါ**

# အရေးတော်ပုံ ဂျာနယ်အညွှန်း



## သန်းထိုက်အောင်

ဒီဆောင်းပါးဟာ သုတေသီ သန်းထိုက်အောင် ရေးသားပြုစုတဲ့ အရေးတော်ပုံဂျာနယ်အညွှန်းရဲ့ နိဒါန်းပိုင်းသာ ဖြစ်ပါတယ်။ အရေးတော်ပုံဂျာနယ်အညွှန်း သုတေသန စာတမ်းအပြည့်အစုံကို ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဝက်ဆိုက်မှာ ဖော်ပြထားမှာ ဖြစ်ပါတယ်။)

### အပိုင်း (၁)

၁။ နိဒါန်း

ကျနော်တို့တတွေ အကြောင်းအရာတရပ်ကို သိလိုတဲ့အခါ စာအုပ်စာပေစုံလင်လှတဲ့ စာကြည့်တိုက်ကြီးတွေဆီ မဖြစ်မနေ သွားရပါတယ်။ ကိုယ်ရှာဖွေတဲ့အကြောင်းအရာကို ရှာဖွေစမှာ မျက်စေ့သူငယ် နားသူငယ် ဖြစ်နေတာကို စာကြည့်တိုက်နဲ့ စာကြည့်တိုက်ဝန်ထမ်းတွေက နှစ်သိမ့်ပေးရင်း မျက်စိဖွင့် နားဖွင့်ပေးပါတယ်။ စာကြည့်တိုက်မှူးတွေ စာကြည့်တိုက်သမားတွေဟာ ကျနော်တို့ အားကိုးရာပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သူတို့တွေကို လူကိုယ်တိုင် မမေးမြန်းဖြစ်နိုင်ခဲ့ရင်တောင် စာကြည့်တိုက်ပညာရပ်နဲ့ သူတို့တွေပြုစုထားတဲ့ စာစုစာရင်းတွေ၊ အညွှန်းတွေကလည်း ကျနော်တို့အတွက် ရတနာသိုက်မြေပုံတွေ ဖြစ်ပါတယ်။ စာကြည့်တိုက်ပညာရဲ့အရေးပါပုံတခုက စာရှာစာပြုသူတွေ လွယ်ကူစေဖို့ စာကြည့်တိုက်သမားတွေက ကြိုးကုတ်အားထုတ်ပြီး ပြုစုပေးတဲ့ အညွှန်းတွေ၊ စာစုစာရင်းတွေပါ။

ခေတ်သစ်မြန်မာ့အရေးကို လေ့လာမယ်ဆိုရင် အစဉ်အလာကြီးမားလှတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အခန်းကဏ္ဍကို လုံးဝချန်လှပ်ထားလို့ မရပါဘူး။ ခေတ်သစ်မြန်မာ့သမိုင်းကို ယထာဘူတကျကျ ဆင်ခြင်သုံးသပ်နိုင်ဖို့နဲ့ သက်တမ်းအရှည်ကြာဆုံး နိုင်ငံရေးပါတီကြီးဖြစ်တဲ့ ကွန်မြူနစ်ပါတီအကြောင်းတို့ကို ဂဃနဏ သိရှိနိုင်ဖို့ရာ ဘက်ပေါင်းစုံက ရှုမြင်သုံးသပ်နိုင်ဖို့လိုပါတယ်။ ဘက်တဘက်တည်းက ရေးသားပြောဆိုတာကို လက်ခံနေလို့မရပါ။ အာဏာရအစိုးရအဆက်ဆက် နည်းအမျိုးမျိုးနဲ့ ဖိနှိပ်ပိတ်ပင်တားဆီးတဲ့ကြားကနေ အခက်အခဲမျိုးစုံကိုကျော်လွှားပြီး ထုတ်ဝေထားခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ စာအုပ်စာစောင်တွေကိုလည်း ရှာဖွေဖတ်ရှုဖို့ လိုအပ်ပါတယ်။ ဒီအခါမှာ များမြောင်လှတဲ့ ဂျာနယ်တွေ၊ စာစောင်တွေထဲမှာပါတဲ့ အကြောင်းအရာတွေကို အလွယ်တကူ ဖွေရှာနိုင်ဖို့ရာ စာစောင် ဂျာနယ်အညွှန်းတခု လိုအပ်လာပါတယ်။

အညွှန်းဆိုတာ “စာရင်း၊ ကျမ်းစသည်တွင် ပါဝင်သောအခန်း၊ ခေါင်းစဉ်စသည်ကို စာမျက်နှာ အစဉ်အတိုင်း ညွှန်ပြသော ဇယား” လို့ မြန်မာအဘိဓာန်အကျဉ်းချုပ် (၅၅) က ဖွင့်ဆို

ပါတယ်။ ၂၀၂၂ ခုနှစ်ထုတ် ခရီးဆောင် မြန်မာအဘိဓာန် (၃၈၀) မှာတော့ "စာအုပ်ပါ အကြောင်းအရာကို ရှာဖွေရလွယ်အောင် ညွှန်ပြချက်" လို့ ဆိုပါတယ်။ ပြတယ်၊ ဖော်ပြတယ်၊ ညွှန်တယ်၊ ညွှန်ပြတယ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

အညွှန်းဆိုတာ စာတအုပ်၊ ကျမ်းတစောင် (ဒါမှမဟုတ်) စာအုပ်ပေါင်း ကျမ်းပေါင်းများစွာထဲမှာပါတဲ့ အမည်၊ ဝေါဟာရ၊ ပညာရပ်၊ နေရာနဲ့ တခြားအကြောင်းအရာ အချက်အတွေကို အက္ခရာစဉ်အတိုင်းစီစဉ်ပြီး စာမျက်နှာနံပါတ်နဲ့တကွ တိတိကျကျ ဖော်ညွှန်းထားတဲ့ အသေးစိတ်စာရင်း ဖြစ်ပါတယ်။ အညွှန်းကို ကျမ်းစာအုပ်ထဲမှာထည့်သွင်းပြီး တွဲလျက်လည်း ပြုစုတတ်ကြသလို သီးခြားခွဲထုတ်ပြီးလည်း ပြုစုထုတ်ဝေလေ့ရှိပါတယ်။ ကျမ်းတစောင်ပေတဖွဲ့ဟာ ဘယ်လောက်ပဲကောင်းနေပါစေ အညွှန်းမပါရင် ပါဝင်တဲ့ အကြောင်းအရာတွေကို အလွယ်တကူ တွေ့နိုင်ဖို့ရာ ခက်ခဲပါတယ်။ ပြည့်စုံမှုလည်းမရှိနိုင်ပါ။ အညွှန်းမပါရင် လေ့လာစာဖတ်သူတွေ ပင်ပန်းဆင်းရဲတတ်ပါတယ်။ သုတေသနပြုရေးမှာလည်းကြန့်ကြာတတ်ပါတယ်။အညွှန်းပါရင် အညွှန်းကောင်းရင် လိုရာကို အချိန်တိုတိုနဲ့ သိရှိနိုင်ပြီး လေ့လာသူတွေအတွက် အချိန်ကုန်လူပန်း သက်သာစေပါတယ်။ တကယ်တော့ အညွှန်းဟာ လိုရာခရီးကို လျင်မြန်ကောင်းမွန်စွာ ပို့ဆောင်ပေးနိုင်တဲ့ လမ်းညွှန် ဖြစ်ပါတယ်။

စာကြည့်တိုက် ဒီပလိုမာဘွဲ့အတွက် ကျောင်းသားတွေက စာရေးဆရာတွေရဲ့ စာစုစာရင်းတွေ၊ စာနယ်ဇင်းတွေရဲ့ အညွှန်းတွေ၊ ဂျာနယ် မဂ္ဂဇင်းတခုစီရဲ့ အညွှန်းတွေကို ပြုစုပေးကြရတယ်။ လေ့လာသူတွေအတွက် အသုံးဝင်ပြီး အလွန်တန်ဖိုးရှိပါတယ်။ မြန်မာပြည်က တက္ကသိုလ်ကောလိပ်တွေအပါအဝင် ပညာရေးဆိုင်ရာကျောင်း၊ ဌာနနဲ့ အဖွဲ့အစည်းဆိုတာတွေဟာ အုပ်ချုပ်သူအစိုးရရဲ့ လက်အောက်မှာရှိတဲ့အခါ ဘွဲ့ဒီဂရီရဖို့အတွက် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အာဘော်အနေနဲ့ထုတ်ဝေခဲ့တဲ့ ပြည်သူ့အာဏာဂျာနယ်တို့၊ အရေးတော်ပုံဂျာနယ်တို့ကို အညွှန်းအနေနဲ့ ပြုစုဖို့ မစွမ်းနိုင်ခဲ့ကြပါ။ ဂျာနယ် တစောင်တလေလောက်ကိုတောင် စာကြည့်တိုက် မှာလည်း မထားရဲ၊ လက်ထဲဆောင်ဖို့ရာလည်း မဝံ့ရဲခဲ့ကြပါ။ အပြစ်ကိုမဆိုလို၊ အဖြစ်ကို ဖော်ပြနေခြင်းသာ။ တကယ်တော့ သုတေသီ သောတုဇနတွေအတွက် ရှိသင့်ရှိထိုက်တဲ့ ဂျာနယ်အညွှန်းတစောင်လို့ ယူဆပါတယ်။ ဒီကွက်လပ်ကို ဖြည့်ချင်တဲ့စိတ်က ဦးဆောင်ပါတယ်။

အခါအခွင့်ကောင်းနဲ့ ကြုံရတာလည်း မင်္ဂလာတပါးပါပဲ။ အခါကောင်းဆိုတာက လာမဲ့ ၁၅ ဩဂုတ် ၂၀၂၄ ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၈၅ နှစ်မြောက်မွေးနေ့ ဖြစ်ပါတယ်။ အခွင့်ကောင်းဆိုတာက စာအုပ်စာတမ်းတွေ ကိုင်တွယ်ဖတ်ရှုဖို့ရာ ခဲခက်လှပေမယ့် နည်းပညာအကူအညီနဲ့ အင်တာနက် ဝက်ဘ်ဆိုက်ကနေ လေ့လာဖတ်ရှုခွင့်ရခဲ့တာကို ဆိုလိုပါတယ်။ ကြည့်ရှုလေ့လာပြုစုနိုင်ဖို့ရာ ဆောင်ကျဉ်းကူညီပေးသူတွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီလိုအကြောင်းအချက်တွေနဲ့ပဲ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၈၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ပါတီက ထုတ်ဝေတဲ့ ဂျာနယ်တစောင်ဖြစ်တဲ့ အရေးတော်ပုံဂျာနယ်ရဲ့အညွှန်းကို ပြုစုဖြစ်ခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ အရေးတော်ပုံဂျာနယ်ရဲ့အညွှန်းကို ပြုစုခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။ နောင်အခါအခွင့်သင့်ခဲ့ရင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ဝေထားတဲ့ ပြည်သူ့အာဏာဂျာနယ်နဲ့ ၂၁ - စာစဉ်တို့ရဲ့ အညွှန်းတွေကိုလည်းဆက်လက်ပြုစုသွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ အရေးတော်ပုံဂျာနယ်ရဲ့ အညွှန်းကို ပြုစုရာမှာ အကန့်အသတ်အခက်အခဲတွေ တပုံတပင်ရှိနေတာကြောင့် လိုအပ်ချက်တွေများစွာ ရှိနိုင်ပါတယ်။ ပညာရှင်များအနေနဲ့ ပြင်ဆင်ဖြည့်စွက်သွားကြဖို့ကိုလည်း တိုက်တွန်းလိုက်ပါတယ်။



ဂျာနယ် တစောင် တလေလောက်ကိုတောင် စာကြည့်တိုက်မှာလည်း မထားရဲ၊ လက်ထဲဆောင်ဖို့ရာ လည်း မဝံ့ရဲခဲ့ကြပါ

**ကွန်မြူနစ်ပါတီဌာနချုပ်ရုံးကိုဝိုင်းပြီး ဗ.က.ပ ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးထောင်ချနှိမ်နင်းဖို့ ဆိုရှယ်လစ်ဝန်ကြီးဦးကျော်ငြိမ်းက အကွက်ချကြိုတင်ပြင်ဆင်ပါတယ်**

၁၊ ၁။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဂျာနယ်စာစောင်များ ထုတ်ဝေမှုနှင့် အရေးတော်ပုံဂျာနယ် နောက်ခံသမိုင်းအကျဉ်း

သခင်သန်းထွန်းရဲ့ ရုပ်ပုံလွှာကို ဒဂုန်တာရာက ရေးဖွဲ့တဲ့ အထဲမှာ အရေးတော်ပုံဂျာနယ် အကြောင်းကို အခုလို တစွန်းတစ ဖော်ပြထားပါတယ်။

"လျှို့ဝှက်၍ထုတ်ဝေသော 'အရေးတော်ပုံ' အမည်ရှိစာတမ်းကို ၁၉၃၉ လောက်က ဖတ်လိုက်ရလေ၏။ ထို 'အရေးတော်ပုံ' ကား ပထမဆုံးသော ကွန်မြူနစ်ဂျာနယ် ဖြစ်ပေ၏" (တာရာ ၂၀၂၄၊ ၉၆) ။

ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၅ ဩဂုတ် ၁၉၃၉ မှာ စတင်တည်ထောင်ခဲ့လေတော့ ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင်ပြီးစ ၁၉၃၉ ခုနှစ်အတွင်းမှာပဲ အရေးတော်ပုံဂျာနယ်ကို မရှေးမနှောင်း ထုတ်ဝေနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

ဝါးခယ်မသခင်သိန်းမောင်ရဲ့ ပြောပြချက်အရ အရေးတော်ပုံဂျာနယ်ကို စတင်ထုတ်ဝေစက ဖြူးတို့၊ တောင်ငူတို့မှာ ရိုက်ရတယ်။ ဆိုင်ကိုစတာပေပါတွေ၊ Wax paper တွေ ဝယ်ပြီး ရန်ကုန်ကနေ ပို့ပေးရတယ်။ နောက်မှ ရန်ကုန်ရွှေ့တယ်။ Wax paper မှာ ဆိုင်ကိုစတာ (cyclostyle) နဲ့ ရေးပြီး ဂက်စတင်နာနဲ့ လှည့်ထုတ်ရတယ်။ Wax paper ကို လက်ရေးနဲ့ အများဆုံးရေးရသူက သခင်ဗဟိန်း ဖြစ်ပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတွေရေးပြီး ကွန်မြူနစ်ပါတီရဲ့ အသံအနေနဲ့ ထုတ်ဝေခဲ့ကြတာပါ (သိန်းမောင် ၂၀၁၈၊ ၁၃–၁၄) ။

အရေးတော်ပုံဂျာနယ်ကို ဖက်ဆစ်ဂျပန်တို့ ဗမာပြည်တွင်းရောက်မလာသေးခင်က ဗမာပြည်ကွန်မြူနစ်ပါတီက လျှို့ဝှက်ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ များများထုတ်ခွင့်မရခဲ့ဘဲ ဂျပန်တွေ ဝင်ရောက်လာတဲ့အခါ ဂျာနယ်ထုတ်ဝေတာကို ရပ်ဆိုင်းလိုက်ရပါတယ် (ဗကပ ၂၀၁၀၊ ၂) ။ ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်ပြီးဆုံးခါနီး ၃ မေ ၁၉၄၅ မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မြေအောက်လျှို့ဝှက်ပါတီအဖြစ်ကနေ ဖြောင်လုပ်ရှားနိုင်တဲ့ပါတီအဖြစ် တရားဝင်ပေါ်ထွက်လာခဲ့တယ် (ဝင်းတင့်ထွန်း ၂၀၁၃၊ ၆၈–၇၀) ။

တရားဝင်လှုပ်ရှားနိုင်လာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြည်သူ့အာဏာဂျာနယ်ကို ပါတီရဲ့ အာဘော်အနေနဲ့ ၂၉ စက်တင်ဘာ ၁၉၄၅ မှာ စတင်ထုတ်ဝေခဲ့တယ် (ဝင်းတင့်ထွန်း ၂၀၁၇၊ ၄၇)။ အဲဒီအချိန်တုန်းက နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တဦးဖြစ်တဲ့ သခင်ဗဟိန်းက ပြည်သူ့အာဏာဂျာနယ်ရဲ့ အယ်ဒီတာချုပ်တာဝန် ယူခဲ့ပါတယ် (ဗသိန်းတင် ၁၉၈၇၊ ၁) ။ ဗိုလ်မှူးချစ်ကောင်းတို့၊ သခင်သန်းမြိုင်တို့လည်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ဖူးပါတယ်။ ဂျာနယ်ကို R. 14 ၁၃၈ ဗားကရာလမ်း၊ ပြည်သူ့အာဏာပုံနှိပ်တိုက်မှာပဲ ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ အဖိုးက တစောင်မှ တကျပ်ပါ (ချစ် ၂၀၁၄၊ ၁၂၆) ။

ပြည်သူ့အာဏာဂျာနယ်ဟာ ၁၉၄၅ ခုနှစ်ကနေ ၁၉၄၈ ခုနှစ်အတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သဘောတရားရေး၊ စည်းရုံးရေး၊ ဝါဒဖြန့်ချိရေးလက်နက်အဖြစ် အပတ်စဉ်ထုတ်ဝေနိုင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ဆန်းပိုင်းမှာ ကွန်မြူနစ်ဆိုရှယ်လစ်ပဋိပက္ခဟာ ပိုမိုပြင်းထန်လာတယ်။ အာဏာရဆိုရှယ်လစ်တွေက သတင်းစာတိုက်တွေကို ရည်ရွယ်ချက်ရှိရှိ အစီအစဉ်တကျ ဖျက်ဆီးခဲ့ကြတယ်။ အိုးဝေ၊ ပြည်သူ့ဟစ်တိုင်နဲ့ စီးပွားရေးသတင်းစာတိုက်ကြီး ၃ တိုက်ကို ၁၂ မတ် ၁၉၄၈ မှာ ဆိုရှယ်လစ်ခေါင်းဆောင်တချို့ဦးစီးပြီး အတင်းဝင်ရောက် ရိုက်ချိုးဖျက်ဆီးခဲ့တယ်။ ၂၅ မတ် ၁၉၄၈ မှာ ပြည်သူ့အာဏာဂျာနယ်တိုက် ချိတ်ပိတ်ခံလိုက်ရတယ် (ဝင်းတင့်ထွန်း ၂၀၁၃၊ ၇၁–၇၃) ။

ဖက်ဆစ်တော်လှန်ရေး နှစ်ပတ်လည်နေ့ (၂၇ မတ် ၁၉၄၈) ညသန်းခေါင်ကျော်မှာ ကွန်မြူနစ် ခေါင်းဆောင်တွေ လူစုံနေတုန်း ကွန်မြူနစ်ပါတီဌာနချုပ်ရုံးကိုဝိုင်းပြီး ဗ.က.ပ ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးထောင်ချနှိမ်နင်းဖို့



ဆိုရှယ်လစ်ဝန်ကြီးဦးကျော်ငြိမ်းက အကွက်ချကြိုတင်ပြင်ဆင်ပါတယ်။ ကွန်မြူနစ် ခေါင်းဆောင်တွေဟာ ဗိုလ်သက်ထွန်းရဲ့အချိန်မီကြိုတင်သတိပေးချက်အရလက်မတင်ကလေး ရှောင်တိမ်းနိုင်ခဲ့ကြတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အကြမ်းဖက်နှိပ်စက်လာတဲ့ အုပ်ချုပ်သူအစိုးရကို လက်နက်ကိုင်နည်းနဲ့ ပြန်လည်တွန်းလှန်တိုက်ခိုက်သွားဖို့ဆုံးဖြတ်ခဲ့ပြီး ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး ကြီးကို ၂၈ မတ် ၁၉၄၈ မှာ စတင်ကြောင်း ကြေညာတိုက်ပွဲဝင်ခဲ့ပါတယ် (ဝင်းတင့်ထွန်း ၂၀၁၇၊ ၉၀-၉၁) ။

လက်နက်ကိုင်တော်လှန်ရေးရဲ့အစမှာတော့ပြည်သူ့အာဏာဂျာနယ်ကို မထုတ်ဝေနိုင်ခဲ့ပါ။ ၁၉၅၀-၅၁ ခုနှစ်အတွင်းမှာ ပြည်သူ့အာဏာဂျာနယ်ကို လစဉ်ထုတ် သဘောတရားရေးဂျာနယ်အနေနဲ့ ထုတ်ဝေခဲ့တယ်။ ဒုတိယအကြိမ် ထုတ်ဝေခဲ့တဲ့ ဒီဂျာနယ်ရဲ့ သက်တမ်းဟာ တနှစ်လောက်ပဲခံခဲ့တယ်။ ၁၉၅၄ ခုနှစ်မှာ တတိယအကြိမ် ထပ်မံထုတ်ဝေခဲ့တယ်။ သက်တမ်းကာလ တပတ်လောက်ပါပဲ။ ၁၉၆၆ ခုနှစ် ဇန်နဝါရီလ မှာ စတုတ္ထအကြိမ်ထုတ်ဝေခဲ့သေးတယ်။ ၁၉၈၇ ခုနှစ်ရောက်မှ ပြည်သူ့အာဏာဂျာနယ်ကို ပဉ္စမအကြိမ်အနေနဲ့ ပြန်လည်ထုတ်ဝေနိုင်ခဲ့တော့တယ် (စာတည်းအဖွဲ့ ၂၀၁၄၊ ၂၇၇) ။ ပဉ္စမအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေခဲ့တဲ့ ပြည်သူ့အာဏာဂျာနယ် အမှတ် ၁ ကို ၁၅ ဩဂုတ် ၁၉၈၇ ရက်စွဲနဲ့ စတင်ထုတ်ခဲ့ပါတယ်။

၁၉၉၉ ခုနှစ်အတွင်းမှာ ပြည်သူ့အာဏာဂျာနယ်နဲ့အတူ ၂၁ – စာစဉ်ကိုလည်း တပြိုင်နက်တည်း ထုတ်ဝေခဲ့ပါတယ်။ ၂၁ – စာစဉ်ကို ၂၀၀၉ ခုနှစ်မှာ အမှတ် ၁၄ အထိ ထုတ်ဝေနိုင်ခဲ့တယ်။ ၂၁ – စာစဉ် ထုတ်ဝေမှုရပ်ဆိုင်းသွားပေမယ့် ပြည်သူ့အာဏာဂျာနယ် ထုတ်ဝေမှုကတော့ ဖြည်းဖြည်းမှန်မှန် တည်ငြိမ်ရင့်ကျက်စွာ ဆက်လက်ခရီးနှင်ခဲ့တယ်။

၂၀၁၀ ခုနှစ်အတွင်း ပြည်သူ့အာဏာဂျာနယ် အမှတ် ၃၂ ကို ထုတ်ဝေနိုင်ခဲ့သလို ၁ နိုဝင်ဘာ ၂၀၁၀ မှာတော့ အရေးတော်ပုံဂျာနယ်ကိုပါ ပြန်လည်ထုတ်ဝေနိုင်ခဲ့တယ်။ ၂၀၁၀ အလွန်နိုင်ငံရေး အခင်းအကျင်းမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ဟာဥပဒေတွင်း နိုင်ငံရေး လှုပ်ရှားမှုတွေကို လုပ်နိုင်တော့မှာ မဟုတ်ဘဲ နိုင်ငံရေးဟာကွက်ကြီး ဖြစ်လာနိုင်တယ်။ ဒီဟာကွက်ကို ယာယီဖြည့်ဆည်းဖို့ အရေးတော်ပုံဂျာနယ် ထုတ်ဝေရခြင်းဖြစ်တယ်လို့ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗဟို) က ဆိုပါတယ် (ဗကပ ၂၀၁၀၊ ၂) ။



ရွေးကောက်ပွဲဆိုတာကြီး ပြီးတဲ့နောက်မှာ ပြည်သူကို စည်းရုံးတဲ့အလုပ် ပိုပြီးလုပ်နိုင်ဖို့ စဉ်းစားထား ပါတယ်။ ‘ပြည်သူ့အာဏာ’ ကို သဘောတရားရေး ဂျာနယ်အဖြစ် ထုတ်ဝေပြီး လတ်တလောနိုင်ငံရေး ကိစ္စများကို ဗကပရဲ့ အာဘော်အဖြစ် ဖော်ပြနိုင်တဲ့ ‘အရေးတော်ပုံဂျာနယ်’ ထုတ်ဖို့ စီစဉ်နေပါကြောင်း ၂၀၁၀ ခုနှစ် စက်တင်ဘာလထုတ် ပြည်သူ့အာဏာဂျာနယ် အမှတ် ၃၂ ထဲက “၆၅ နှစ်ခရီး” မှာ ဖော်ပြရေး သားထားပါတယ်။

ဂျာနယ်အတွက် စာမူရှင်တွေဆီကို စာမူတောင်းခံရာမှာလည်း အရေးတော်ပုံဂျာနယ်ထဲမှာ စာတည်းအဖွဲ့က အခုလိုမျိုး တောင်းခံခဲ့ပါတယ်။

“၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ ပြည်သူ့အင်အားစုစည်းရေး ရည်မှန်းချက်ဖြင့် အရေးတော် ပုံဂျာနယ်အတွက် စာမူများ ဖိတ်ခေါ်အပ်ပါတယ်။ အရေးတော်ပုံဂျာနယ်ကို တော်လှန်ရေးကာလတလျှောက် ရေရှည်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်” (စာတည်းအဖွဲ့ ၂၀၁၀၊ ၅) ။

အရေးတော်ပုံဂျာနယ်ကို တနှစ်မှာ ၂ အုပ်၊ ၃ အုပ်၊ တချို့နှစ်တွေမှာ လေးငါးအုပ်အထိ ထုတ်ဝေနိုင် ခဲ့ပါတယ်။ တပြိုင်နက်တည်းမှာပဲ ပြည်သူ့အာဏာဂျာနယ်ကို ထုတ်ဝေလာခဲ့တာ ၂၀၂၀ ခုနှစ်မှာ ပြည်သူ့ အာဏာ ဂျာနယ် အမှတ် ၄၃ အထိ ထုတ်ဝေနိုင်ခဲ့တာကို တွေ့ရပါတယ်။

အရေးတော်ပုံဂျာနယ်ကို ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလကနေ ၂၀၂၃ နှစ်ကုန်အထိ အတွဲ ၁ (၁၂) အုပ်၊ အတွဲ ၂ (၁၂) အုပ်၊ နဲ့ အတွဲ ၃ (၆) အုပ်၊ စုစုပေါင်း အုပ်ရေ ၃၀ ထုတ်ဝေပြီးခဲ့ပါ

**‘ပြည်သူ့အာဏာ’ ကို သဘောတရားရေး ဂျာနယ်အဖြစ် ထုတ်ဝေပြီး လတ်တလော နိုင်ငံရေး ကိစ္စများ ကို ဗကပရဲ့ အာဘော် အဖြစ် ဖော်ပြနိုင်တဲ့ ‘အရေးတော်ပုံ ဂျာနယ်’ ထုတ်ဖို့ စီစဉ်**

**ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်နဲ့ ဝတ္ထုတွေရဲ့ ခေါင်းစီးတွေကို အက္ခရာစဉ်အတိုင်း ဖော်ပြထားပါတယ်**

ပြီ။ အရေးတော်ပုံဂျာနယ်ရဲ့ နှစ်အလိုက် ထုတ်ဝေမှုကို ဖော်ပြပါ့မယ်။ ထုတ်ဝေတဲ့ခုနှစ်၊ အုပ်ရေ၊ အတွဲ၊ အမှတ်၊ ထုတ်ဝေတဲ့လ တို့ပါ တပါတည်းတွဲဖက်ပြီး အောက်မှာ ဖော်ပြထားပါတယ်။

၂၀၁၀ [၂ အုပ်] – တွဲ ၁၊ မှတ် ၁ (နို) ။ တွဲ ၁၊ မှတ် ၂ (ဒီ) ။

၂၀၁၁ [၅ အုပ်] – တွဲ ၁၊ မှတ် ၃ (ဖေ) ။ တွဲ ၁၊ မှတ် ၄ (ဧ) ။ တွဲ ၁၊ မှတ် ၅ (ဇူ) ။ တွဲ ၁၊ မှတ် ၆ (စက်) ။ တွဲ ၁၊ မှတ် ၇ (နို) ။

၂၀၁၂ [၃ အုပ်] – တွဲ ၁၊ မှတ် ၈ (မတ်) ။ တွဲ ၁၊ မှတ် ၉ (ဇူ) ။ တွဲ ၁၊ မှတ် ၁၀ (အောက်) ။

၂၀၁၃ [၁ အုပ်] – တွဲ ၁၊ မှတ် ၁၁ (မတ်) ။

၂၀၁၄ [၃ အုပ်] – တွဲ ၁၊ မှတ် ၁၂ (ဇန်) ။ တွဲ ၂၊ မှတ် ၁ (မေ) ။ တွဲ ၂၊ မှတ် ၂ (ဩ) ။

၂၀၁၅ [၁ အုပ်] – တွဲ ၂၊ မှတ် ၃ (ဇူ) ။

၂၀၁၆ [၄ အုပ်] – တွဲ ၂၊ မှတ် ၄ (ဧ) ။ တွဲ ၂၊ မှတ် ၅ (ဇူ) ။ တွဲ ၂၊ မှတ် ၆ (ဩ) ။ တွဲ ၂၊ မှတ် ၇ (နို) ။

၂၀၁၇ [၂ အုပ်] – တွဲ ၂၊ မှတ် ၈ (မတ်) ။ တွဲ ၂၊ မှတ် ၉ (ဩ) ။

၂၀၁၈ [၃ အုပ်] – တွဲ ၂၊ မှတ် ၁၀ (ဇန်) ။ တွဲ ၂၊ မှတ် ၁၁ (မေ) ။ တွဲ ၂၊ မှတ် ၁၂ (ဩ) ။

၂၀၁၉ [၁ အုပ်] – တွဲ ၃၊ မှတ် ၁ (မတ်) ။

၂၀၂၀ [၃ အုပ်] – တွဲ ၃၊ မှတ် ၂ (ဇန်) ။ တွဲ ၃၊ မှတ် ၃ (ဇွန်) ။ တွဲ ၃၊ မှတ် ၄ (ဒီ) ။

၂၀၂၁ [၁ အုပ်] – တွဲ ၃၊ မှတ် ၅ (ဒီ) ။

၂၀၂၃ [၁ အုပ်] – တွဲ ၃၊ မှတ် ၆ (ဇန်) ။

၁၊ ၂။ စီစဉ်ထားရှိပုံ

အရေးတော်ပုံဂျာနယ်အညွှန်းကို ယေဘုယျအားဖြင့် အပိုင်း ၃ ပိုင်း ခွဲခြားတင်ဆက်ထားပါတယ်။ အပိုင်း ၁ နိဒါန်းပိုင်းမှာ အညွှန်းကို ပြုစုရတဲ့ရည်ရွယ်ချက်နဲ့ အသုံးပြုနိုင်ဖို့အတွက် စီစဉ်ထားရှိပုံတို့ကို လမ်းညွှန်ဖော်ပြထားပါတယ်။ အပိုင်း ၂ မှာ စာရေးသူအမည်ကဏ္ဍနဲ့ ပညာရပ်ကဏ္ဍ နှစ်ခုပါဝင်ပြီး စာရေးသူအမည်အနေနဲ့ရှာရှာ၊ စာခေါင်းစီးနဲ့ပဲရှာရှာ၊ ပညာရပ်အနေနဲ့ပဲရှာရှာ အလွယ်တကူတွေ့ရှိနိုင်စေဖို့ အညွှန်းပြုစုထားပါတယ်။ အပိုင်း ၃ မှာတော့ ဂျာနယ်တအုပ်ချင်းရဲ့ အပြင်ပန်းဖွဲ့စည်းပုံ သွင်ပြင် လက္ခဏာအပါအဝင် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ဝက်ဘ်ဆိုက်ကနေ တိုက်ရိုက်ချိတ်ဆက် ရယူဖတ်ရှုနိုင် မယ့် အင်တာနက်အချိတ်အဆက်လင့် Link တွေကို ဖော်ပြထားပါတယ်။ ဒါ့ကြောင့် မိမိလိုရာအကြောင်း အရာအချက်အလက်ကို အပိုင်း ၁ ရဲ့ လမ်းညွှန်ချက်အတိုင်း အပိုင်း ၂ မှာ ရှာဖွေမယ်။ အပိုင်း ၂ မှ ရရှိလာတဲ့ ဖော်ပြချက်အညွှန်းအတိုင်း အပိုင်း ၃ မှာရှိတဲ့ သက်ဆိုင်ရာ ဂျာနယ် အတွဲ၊ အမှတ်ကို လွယ်လင့်တကူ ရှာဖွေချိတ်ဆက် ရယူနိုင်မှာ ဖြစ်ပါတယ်။

အပိုင်း ၂ အညွှန်းမှာရှိတဲ့ စာရေးသူအမည်ကဏ္ဍနဲ့ ပညာရပ်ကဏ္ဍတွေမှာ စီစဉ်ထားပုံကိုလည်း ဆိုပါဦးမယ်။ စာရေးသူအမည်ကဏ္ဍမှာ စာရေးသူတွေရဲ့နာမည်တွေကို အက္ခရာစဉ်အလိုက် ရေးသား ဖော်ပြထားပါမယ်။ စာရေးသူတဦးချင်းရဲ့အမည်အောက်မှာ စာရေးသူက ဂျာနယ်ထဲမှာ ရေးသားထားခဲ့သမျှ ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်နဲ့ ဝတ္ထု အားလုံးတို့ရဲ့အမည်တွေကိုလည်း အက္ခရာစဉ်အတိုင်း ဖော်ပြထားပါတယ်။

စာရေးသူတယောက်ချင်းရဲ့အမည်အောက်မှာ သူရေးသမျှစာတခုချင်းကို (၁) စာခေါင်းစီး၊ (၂) သက်ဆိုင်ရာ ဂျာနယ်စာစောင်ရဲ့ အတွဲ၊ အမှတ်၊ ထုတ်ဝေတဲ့ (လနဲ့ ခုနှစ်)၊ စာမျက်နှာနံပါတ် (အစ–အဆုံး) တို့ကို အစဉ်လိုက် ဖော်ပြထားပါတယ်။ အဆုံးသတ်မှာတော့ သက်ဆိုင်ရာ ပညာရပ်ကဏ္ဍရဲ့ အတိုကောက်စာလုံးကို လေးထောင့်ကွင်းထဲမှာ ဖော်ပြထားပါတယ်။ နမူနာအနေနဲ့ အောက်မှာ ဖော်ပြပါ့မယ်။

ဖိုးသံ (လူထု)

ကိုလေးမောင်နဲ့ ကျွန်တော်။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ အမှတ် ၆ (စက် ၂၀၁၁)၊ ၄၄–၄၆။ [ဆ/ထုပ်]

ဗမာစာ ကပြားစာ မဖြစ်စေလိုပါ။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ မှတ် ၁ (နို ၂၀၁၀)၊ ၁၉–၂၀။ [ဆ/စာ]

ပညာရပ်ကဏ္ဍမှာတော့ အထက်ကဆိုခဲ့တဲ့ စာရေးသူအမည်ကဏ္ဍမှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့ ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်နဲ့ ဝတ္ထုတွေရဲ့ ခေါင်းစီးတွေကို အက္ခရာစဉ်အတိုင်း ဖော်ပြထားပါတယ်။ ဖော်ပြရာမှာ (၁) ခေါင်းစီး၊ (၂) စာရေးသူအမည်၊ (၃) ဂျာနယ်အတွဲ၊ အမှတ်နဲ့ စာမျက်နှာ (စ–ဆုံး) တို့ကို အစဉ်လိုက် စဉ်ထားပါတယ်။ နမူနာအနေနဲ့ ဆောင်းပါး အတ္ထုပ္ပတ္တိ [ဆ/ထုပ်] ထဲက စာခေါင်းစီး ၂ ခုကို ထုတ်ပြပါ့မယ်။

ကိုလေးမောင်နဲ့ ကျွန်တော်။ ဖိုးသံ (လူထု) ။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ အမှတ် ၆ (စက် ၂၀၁၁)၊ ၄၄–၄၆။

ကျွန်တော်မမေ့နိုင်တဲ့ လေထီးဗိုလ်အုန်းမောင်။ ရဲဘော်ဖိုးသံချောင်း။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ မှတ် ၃ (ဖေ ၂၀၁၁)၊ ၂၃–၂၄။

စာရေးသူရဲ့ နာမည်ကို ပညာရပ်ကဏ္ဍမှာ စာရင်းသွင်းတဲ့အခါ မူရင်းကလောင်အမည်အတိုင်း ဖော်ပြထားပေမဲ့ စာရေးသူအမည်ကဏ္ဍမှာ စာရင်းသွင်းတဲ့အခါမှာတော့ အမည်ရှေ့မှာပါတဲ့ (ကို၊ ဒေါ်၊ ဒေါက်တာ၊ မ၊ မောင်၊ ရဲဘော်၊ သခင်၊ ဦး... အစရှိတဲ့) ဂုဏ်ထူးဝိသေသတွေကို နောက်ကိုပို့ထားပါတယ်။ သို့ပေမယ့် စာရေးသူရဲ့ မူလကလောင်အမည်နဲ့ရှာခဲ့ရင်လည်း အလွယ်တကူ တွေ့ရှိနိုင်စေဖို့ "ကြည့်" အညွှန်းနဲ့ လမ်းစဖော်ပေးထားပါတယ်။ သာဓကအနေနဲ့ ပြောပါ့မယ်။ ကလောင်နာမည် "ရဲဘော်ဖိုး သံချောင်း" ရဲ့ စာတွေကို ရှာချင်ရင် စာရေးသူအမည်ကဏ္ဍထဲက "ရဲဘော်ဖိုးသံချောင်း" နေရာမှာ "ဖိုးသံချောင်း၊ ရဲဘော်" ကို "ကြည့်" လို့ ညွှန်းထားပါလိမ့်မယ်။ အောက်မှာ နမူနာ ကြည့်ပါ။

ရဲဘော်ဖိုးသံချောင်း

ဖိုးသံချောင်း၊ ရဲဘော် (ကြည့်)

ဒီနေရာမှာ ပိုမိုရှင်းလင်းစေဖို့အတွက် မူရင်းကလောင်အမည် "ရဲဘော်ဖိုးသံချောင်း" ကို ရိုးရိုးစာလုံးနဲ့ပဲ ဖော်ပြပြီး စာရင်းသွင်းအသုံးပြုမယ့် "ဖိုးသံချောင်း၊ ရဲဘော်" ကိုတော့ စာလုံးမည်း (Bold) နဲ့ဖော်ပြမှာ ဖြစ်ပါတယ်။ စာလုံးမည်းနဲ့ ဖော်ပြထားတဲ့ "ဖိုးသံချောင်း၊ ရဲဘော်" နေရာကိုသွားကြည့်မှသာ ကိုယ်ရှာဖွေလိုတဲ့ စာရေးသူ "ရဲဘော်ဖိုးသံချောင်း" ရေးသားခဲ့တဲ့စာတွေရဲ့ အညွှန်းကို တွေ့ရမှာပါ။ စာရေးသူအမည်ကဏ္ဍမှာ စာရင်းသွင်းအသုံးပြုမယ့် စာရေးသူတိုင်းရဲ့အမည်ကို စာလုံးမည်းနဲ့သာ ဖော်ပြထားပါတယ်။

တခါတရံမှာ စာရေးသူဟာ တဦးတယောက်တည်းလို့ ယူဆရမယ့် သူတွေကို တွေ့ရပါတယ်။ ဗတိုးရှိန် နဲ့ ဗတိုးရှိန် (မုံရွာ)၊ ဘဝင်း နဲ့ ရဲဘော်ဘဝင်း၊ မိုးဦး နဲ့ မောင်မိုးဦး၊ မောင်မောင်လတ် နဲ့ ရဲဘော်မောင် မောင်လတ် ...အစရှိသဖြင့် တွေ့ရတဲ့အခါ သက်ဆိုင်ရာဂျာနယ်ထဲမှာ ဖော်ပြထားတဲ့ ကလောင်နာမည် အတိုင်းသာ စာရေးသူအမည်ကို နှစ်မျိုးတွေ့ရင် နှစ်မျိုး၊ သုံးမျိုးတွေ့ရင် သုံးမျိုးစလုံး စာရင်းသွင်းဖော်ပြထားပါတယ်။

တချို့ဆောင်းပါး ခေါင်းစီးက နှစ်ဆင့်ဖြစ်နေတယ်ဆိုရင် ခေါင်းစဉ်ငယ်ကိုသာ စာခေါင်းစီးအဖြစ်သုံးပြီး ရှေ့မှာထားပါတယ်။ ခေါင်းစဉ်ကြီးကိုတော့ ခေါင်းစဉ်ငယ်ရဲ့ နောက်မှာထားလိုက်ပါတယ်။ စာခေါင်းစီးကို အက္ခရာစဉ်အရ စီလိုက်ရတဲ့အခါ ဆောင်းပါးအမှတ်စဉ်ဟာ ရှေ့နောက်လွဲသွားတာ ကြုံရနိုင်ပါတယ်။ အောက်မှာ နမူနာ ကြည့်ပါ။

ဖေဖေမမေ့နိုင်တဲ့ မိတ္ထီလာမြို့၊ ကျွန်မဆက်၍ရေးချင်သော ဖေဖေ့အကြောင်းများ ဆောင်းပါးအမှတ် (၂၁) ။ လှကျော်ဇော။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ မှတ် ၃ (ဖေ ၂၀၁၁)၊ ၂၀–၂၁။

ရခိုင်ရိုးမက အပြန်၊ ကျွန်မဆက်ရေးချင်သော ဖေဖေ့အကြောင်းများ အမှတ် (၂၀) ။ လှကျော်ဇော။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ မှတ် ၁ (နို ၂၀၁၀)၊ ၄–၅။

တချို့ဆောင်းပါးတွေက ဘာသာပြန်ဆောင်းပါး ဖြစ်ပေမယ့် ဘာသာပြန်သူရဲ့ နာမည်ကို ဖော်ပြမထား ရင် မူရင်းစာရေးသူအမည်နဲ့သာ ဖော်ပြထားလိုက်ရပါတယ်။

ဂေါ်ကီ

လီနင်နှင့် တွေ့ကြတုန်းက။ အရေးတော်ပုံဂျာနယ် တွဲ ၂၊ မှတ် ၁၁ (မေ ၂၀၁၈)၊ ၆၇–၆၉။ [ဆပြန်/ထုပ်]

အိန်ဂယ်၊ ဖရက်ဒရစ်

**တခါတရံမှာ စာရေးသူဟာ တဦးတယောက်တည်းလို့ ယူဆရမယ့် သူတွေကို တွေ့ရပါတယ်။ ဗတိုးရှိန် နဲ့ ဗတိုးရှိန် (မုံရွာ)၊ ဘဝင်း နဲ့ ရဲဘော်ဘဝင်း၊ မိုးဦး နဲ့ မောင်မိုးဦး၊**

ကွန်မြူနစ်ဝါဒ၏ မူများ (Principles of Communism) ။ အရေးတော်ပုံဂျာနယ် တွဲ ၁၊ မှတ် ၅ (ဇူ ၂၀၁၁)၊ ၇၇–၈၁။ [ဆပြန်/မ]

တချို့ဆောင်းပါးတွေမှာလည်း စာရေးသူအမည် မပါရှိတာ တွေ့ရတတ်တယ်။ တာဝန်ခံဖော်ပြသူအဖြစ် စာတည်းအဖွဲ့ (အရေးတော်ပုံဂျာနယ်) ကို သုံးထားပါတယ်။

စာတည်းအဖွဲ့ (အရေးတော်ပုံဂျာနယ်)

တချို့ ဆောင်းပါး တွေမှာလည်း စာရေးသူ အမည် မပါရှိ တာ တွေ့ ရတတ်တယ်။ တာဝန်ခံ ဖော်ပြ သူအဖြစ် စာတည်းအဖွဲ့ (အရေးတော်ပုံ ဂျာနယ်) ကို သုံးထားပါ တယ်။

ကလာရာဇက်ကင်းအား သတိရခြင်း။ အရေးတော်ပုံဂျာနယ် တွဲ ၂၊ မှတ် ၁၁ (မေ ၂၀၁၈)၊ ၅၂–၅၅။ [ဆပြန်/ထုပ်]

စာရေးသူတိုင်းရဲ့ စာအားလုံးကို မှတ်ချက် (Annotation) ရေးမပေးနိုင်ပေမယ့် လိုအပ်မယ်ထင်တဲ့ တချို့စာတွေကိုတော့ စာရေးသူကဏ္ဍမှာ မှတ်ချက်အကျဉ်း ရေးပေးထားပါတယ်။

၁၊ ၂၊ ၁။ အက္ခရာစဉ်

အညွှန်းဆိုတာ စာအုပ်မှာဖော်ပြထားတဲ့ အကြောင်းအရာ အချက်အလက်တွေ ဘယ်နေရာ ဘယ်စာမျက်နှာမှာရှိတယ် ဆိုတာ အလွယ်တကူသိရှိနိုင်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ စီစဉ်တဲ့အခါ အက္ခရာစဉ်အတိုင်း စီရပါတယ်။ ဒါ့ကြောင့် ဒီအညွှန်းမှာ သုံးစွဲမယ့် အက္ခရာစဉ်နည်းကို ဦးစွာဆိုရပါမယ်။ အက္ခရာစဉ်ရာမှာ မြန်မာစာအဖွဲ့ကထုတ်ပြန်ထားတဲ့ အဘိဓာန် အက္ခရာစဉ်စနစ်အတိုင်း သုံးစွဲထားပါတယ်။

အရေးတော်ပုံဂျာနယ်ထဲမှာစာရေးသူနာမည်တွေနဲ့ စာခေါင်းစီးတွေကို မြန်မာအက္ခရာနဲ့သာမက မြန်မာကိန်းဂဏန်း ရက်စွဲတွေ၊ အင်္ဂလိပ်အက္ခရာ၊ အင်္ဂလိပ်ကိန်းဂဏန်းရက်စွဲတွေနဲ့လည်း ရေးသားထားတာ တွေ့ရပါတယ်။ ဒါ့ကြောင့် မို့ မြန်မာအက္ခရာ (က မှ အ) အားလုံးရဲ့နောက်မှာ မြန်မာကိန်းဂဏန်းများနဲ့ စတင်တဲ့ အမည်များ၊ စာများကို စီစဉ်ထားပါတယ်။ ကိန်းဂဏန်းတွေ၊ ရက်စွဲတွေကို စဉ်ရာမှာလည်း ငယ်စဉ်ကြီးလိုက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉ ....) အနေအရင့်အလိုက် စီစဉ်ထားပါတယ်။ မြန်မာအက္ခရာ၊ မြန်မာကိန်းဂဏန်း ရက်စွဲတွေရဲ့ နောက်မှာမှ အင်္ဂလိပ်အက္ခရာ (A – Z)၊ အင်္ဂလိပ်ကိန်းဂဏန်းများကို အင်္ဂလိပ်အက္ခရာစဉ်နည်းအတိုင်း စီစဉ်ထားပါတယ်။



၁၊ ၂၊ ၂။ အသုံးပြုသည့် အတိုကောက် စာလုံးများ

က – ကဗျာ

ကပြန် – ဘာသာပြန်ကဗျာ

ကသ – ကျောင်းသားလှုပ်ရှားမှု၊ ကျောင်းသားလူငယ်ရေးရာ

စာ – စာအုပ်စာပေသုံးသပ်လေ့လာရေး

စီး – စီးပွားရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ

စက် – စက်တင်ဘာ

စစ် – စစ်မှုရေးရာ

ဆ – ဆောင်းပါး

ဆပြန် – ဘာသာပြန်ဆောင်းပါး

ဆေး – ကျန်းမာရေး၊ ကပ်ဘေးနှင့် ဆေးကုသရေး

ဇူ – ဇူလိုင်

ဇန် – ဇန်နဝါရီ

တန – တော်လှန်ရေးနည်းနာ

တွဲ – အတွဲ

ထုပ် – အတ္ထုပ္ပတ္တိ

ဒီ – ဒီဇင်ဘာ

နို – နိုဝင်ဘာ

နိုင် – နိုင်ငံရေးဆိုင်ရာ

နိုင်ကာ – နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာ

နိုင်ကွန် – နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု

ပြ – ပြဇာတ်

ပြန် – ဘာသာပြန်

ဖေ – ဖေဖော်ဝါရီ

မ – မာ့က်စ်ဝါဒရေးရာ

မှတ် – အမှတ်

ရွေး – ရွေးကောက်ပွဲဆိုင်ရာ

လုပ် – အလုပ်သမားလှုပ်ရှားမှု၊ အလုပ်သမားရေးရာ

လယ် – လယ်သမားလှုပ်ရှားမှု၊ လယ်သမားရေးရာ

ဝ – ဝတ္ထု
သ – သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတရေးရာ
သမိုင်း – သမိုင်းဆိုင်ရာ
ဥ – ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေရေးရာများ
ဧ – ဧပြီ
ဩ – ဩဂုတ်
အောက် – အောက်တိုဘာ

၁၊ ၂၊ ၃။ ချန်လှပ်ထားသည့် ကဏ္ဍများ

ကာတွန်းလက်ရာ၊ ကြေညာချက် ထုတ်ပြန်ချက်များ၊ ခေါင်းကြီးပိုင်း၊ စာတည်းအဖွဲ့အမှာ၊ ပေးစာမျိုးစုံ (ပြည်တွင်းမှပေးစာ၊ လူထုထံက ပေးစာများ၊ အဝေးကပေးစာ၊ အိတ်ဖွင့်ပေးစာ၊ အယ်ဒီတာထံပေးစာ)၊ ပန်ကြားလွှာ၊ သတင်းအထွေထွေ (စိတ်ဝင်စားစရာ သတင်းတိုထွာ၊ သတင်းတိုထွာရေးချင်ရာရာ၊ သတင်းနဲ့မှတ်ချက်၊ နိုင်ငံတကာ သတင်း)၊ သရုပ်ပြစာမျက်နှာ၊ သဝဏ်လွှာ၊ အမှာစာ၊ အာဘော်။

၁၊ ၃။ နိဒါန်းအတွက်ကျမ်းကိုးစာရင်း

ချစ်၊ သခင်။ ၂၀၁၄။ "ဗမာပြည်လွတ်လပ်ပြီ အလုပ်သမားများအဘို့ မည်သို့နည်း။ "

ပြည်သူ့အာဏာဂျာနယ် အမှတ် ၃၇ (စက်တင်ဘာ)၊ ၁၂၆–၃၁။

စာတည်းအဖွဲ့ (ပြည်သူ့အာဏာဂျာနယ်) ။ ၂၀၁၀။ "၆၅ နှစ်ခရီး။ " ပြည်သူ့အာဏာဂျာနယ် အမှတ် ၃၂

(စက်တင်ဘာ)၊ ၉–၁၀။

------။ ၂၀၁၄။ "ပြည်သူ့အာဏာထုတ်ဝေခြင်းမှတ်တမ်း။ " ပြည်သူ့အာဏာဂျာနယ် အမှတ် ၃၇

(စက်တင်ဘာ)၊ ၂၇၇။

စာတည်းအဖွဲ့ (အရေးတော်ပုံဂျာနယ်) ။ ၂၀၁၀။ "စာမူရှင်များသို့။ " အရေးတော်ပုံဂျာနယ် အတွဲ ၁၊ အမှတ်

၁ (နိုဝင်ဘာ)၊ ၅။

ညွန့်မြင့်၊ ဒေါ် နှင့် အပေါင်းအသင်း။ ၁၉၇၅။ ၁၉၇၃ ခု မဂ္ဂဇင်းများအညွှန်း။ ရန်ကုန်၊ စိုးစိုးစာစဉ်။

တာရာ၊ ဒဂုန်။ ၂၀၂၄။ "သခင်သန်းထွန်း–အနီကိုလေ့လာကြည့်ရှုချက်။ " ရုပ်ပုံလွှာ မှ၊ ၈၇–၁၀၂။

ပဉ္စမအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဗကပ (ဗဟို) ။ ၂၀၁၀။ "အရေးတော်ပုံဂျာနယ် ထမ်းဆောင်မည့်တာဝန်များ [ခေါင်းကြီးပိုင်း]။ "

အရေးတော်ပုံဂျာနယ် အတွဲ ၁၊ အမှတ် ၁ (နိုဝင်ဘာ)၊ ၂။

ဗသိန်းတင်၊ သခင်။ ၁၉၈၇။ "ပြည်သူ့အာဏာဂျာနယ် ထုတ်ဝေခြင်းအတွက် ဥက္ကဋ္ဌသခင်ဗသိန်းတင်၏

အမှာစာ။ " ပြည်သူ့အာဏာဂျာနယ် အမှတ် ၁ (ဩဂုတ်)၊ ၁–၃။

ဝင်းတင့်ထွန်း။ ၂၀၁၃။ ဗမာပြည် နိုင်ငံရေးပါတီ အဖွဲ့အစည်း အသင်းအပင်းများအညွှန်း။ ရန်ကုန်၊

နွယ်နီစာအုပ်တိုက်။

------။ ၂၀၁၇။ အမှောင်ကြားက ဗမာပြည်၊ အနီးခေတ်ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကျဉ်း

(၁၉၄၈–၂၀၀၀) ။ ရန်ကုန်၊ နွယ်နီစာအုပ်တိုက်။

သန်းထိုက်၊ ဦး။ ၂၀၁၂။ "အညွှန်းပြုစုခြင်း (Indexing) ။ " မြန်မာပညာရပ်များ စာစောင်– ၁ မှ၊ ၁၄၁–၄၉။

ရန်ကုန်၊ ရွှေရုပ်စာပေတိုက်။

သိန်းမောင်၊ သခင် (ဝါးခယ်မ –) ။ ၂၀၁၈။ "ကိုအေးငွေနှင့် ပတ်သက်၍ ဝါးခယ်မသခင်သိန်းမောင်၏

ပြောပြချက်။ " အရေးတော်ပုံဂျာနယ် တွဲ ၂၊ မှတ် ၁၀ (ဇန်နဝါရီ)၊ ၁၀–၁၆။

**သန်းထိုက်အောင်**



# တပ်တည်ဆောက်ရေး လမ်းညွှန်တချို့

ငြိမ်းမောင်ဦး

၁၉၈၉–ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဆုံးရှုံးမှုကြီးဟာ ပါတီသမိုင်းမှာ အကြီးမားဆုံး အထိနာမှုကြီးဖြစ်ခဲ့တယ်။ ထိချက်ပြင်းလှတဲ့ တော်လှန်ရေး လောကဓံမှာ ပါတီဟာ အလူးအလဲခံခဲ့ရတယ်။ လက်နက်ကိုင် တော်လှန်ရေး (AS) ဆုံးရှုံးခဲ့ရသလို အခြေခံဒေသ၊ တပ်အားလုံးနီးပါး ဆုံးရှုံး ပျောက်ကွယ်သွားခဲ့ရပေမဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး (PDR) အလံကို ဆက်လက်ကိုင်စွဲပြီး (UG) မြေအောက်ပါတီအနေနဲ့ ဆက်လက် ရပ်တည်ခဲ့တယ်။ ရန်သူက လက်နက်နဲ့ဖိနှိပ်လာရင် လူထုက လက်နက်နဲ့ တုံ့ပြန်တိုက်ခိုက်တာတရားတယ်ဆိုတဲ့မူကို တလျှောက်လုံး ရပ်ခံခဲ့တယ်။ ရေရှည်မြှုပ်နှံ အခွင့်အခါကောင်းကို စောင့် ဆိုတဲ့ လမ်းညွှန်အတိုင်း အခွင့်အလမ်းကောင်းကို စောင့်ရင်း (AS) လက်နက်ကိုင် တော်လှန်ရေး ပြန်လည်ရှင်သန်လာဖို့ အခိုင်အမာ စည်းရုံးပြင်ဆင်ခဲ့တယ်။

အနှစ် ၃၀ ကျော် ယူဂျီပါတီအဖြစ် လူထုကြားမှာ ရပ်တည်ရင်း ဥပဒေတွင်း ဥပဒေပ လူထုလူတန်းစား တိုက်ပွဲများမှာ ပေါင်းစပ်ပါဝင် လှုပ်ရှားခဲ့တယ်။ ...၂၀၂၁–ခုနှစ် ဖေဖော်ဝါရီလမှာတော့ ပြည်သူတရပ်လုံးရဲ့ အုံကြွမှုကြီးနဲ့ အတူ နိုင်ငံရေးဒီရေမြင့်မှုကြီးတရပ် ဖြစ်ပေါ်လာပြီး တပြည်လုံး အနှံ့အပြားလက်နက်ကိုင် အုံကြွတိုက်ခိုက်မှုတွေ ပေါ်လာခဲ့တယ်။ ပါတီအနေနဲ့ ဒီအခွင့်အလမ်းကောင်းကို မိမိရရ ဆုပ်ကိုင်ခဲ့တယ်။ တော်လှန်တဲ့ ပြည်သူ့စစ်ပွဲကို လက်တွေ့ဦးဆောင်ဖို့ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) ကို ၂၀၂၁–ခုနှစ် မတ်လ (၁၅) ရက်နေ့မှာ ပြန်လည်ဖွဲ့စည်းခဲ့တယ်။ လက်နက်ကိုင် တိုက်ပွဲကို အဓိကထား တခြားတိုက်ပွဲသဏ္ဍာန်တွေနဲ့ ပေါင်းစပ်ဆိုတဲ့ နည်းပရိယာယ် လမ်းစဉ်က လက်တွေ့လမ်းညွှန် ဖြစ်လာချိန်မှာ တပ်တည်ဆောက်ရေး စာမျက်နှာဟာ အရေးကြီးတဲ့.. ရှေ့တန်းရောက်တဲ့ ပြဿနာ ဖြစ်လာတယ်။

### ၁။ တပ်တည်ဆောက်ရေးရဲ့အရေးကြီးမှု

(၁) မျက်မှောက်ကာလမှာဆင်နွှဲနေတဲ့ ဗမာပြည်ပြည်သူတရပ်လုံးရဲ့ လက်နက်ကိုင်အုံကြွမှုကြီးဟာ ခေတ်က ပြဋ္ဌာန်းလိုက်တဲ့သမိုင်း ပေးတာဝန်ကြီးဖြစ်တယ်။ ဒီသမိုင်းပေးတာဝန်ကို ထမ်းဆောင်နိုင်မလား မထမ်းဆောင်နိုင်ဘူးလားဆိုတာ ပါတီသမိုင်းရဲ့ အဆင့်နေရာကို အဆုံး အဖြတ်ပေးပါလိမ့်မယ်။ ဒါကြောင့် တပ်ကို

တပ်နဲ့တူအောင်တည်ဆောက်ရေးဟာ ပါတီအတွက် အရေးကြီးတဲ့တာဝန်တရပ် ဖြစ်လာပါတယ်။

(၂) ပြည်သူ့စစ်ပွဲထဲမှာ လှုပ်ရှားတိုက်ခိုက်နေတဲ့ (PLA) ဟာ ပါတီနဲ့ပြည်သူအကြားက ပေါင်းကူးတံတား ဖြစ်လာတယ်။ လက်တွေနိုင်ငံ ရေးမှာ (PLA) ရဲ့လှုပ်ရှားမှုဟာ ကျယ်ပြန့်တဲ့ လူထုကြားမှာ ထင်ဟပ်နေတဲ့ ပါတီရဲ့ပုံရိပ်ပဲဖြစ်တယ်။

(၃) စစ်ရေးကို ဗဟိုပြုရေးဟာ ဗမာပြည်နိုင်ငံရေးရဲ့ လက်တွေ့ တောင်းဆိုချက် ဖြစ်လာတယ်။ မှန်ကန်တဲ့ စစ်ရေးလမ်းစဉ်ကို အကောင်အထည်ဖော်ဖို့အတွက် တပ်ကို တပ်နဲ့တူအောင် တည်ဆောက်ရလိမ့်မယ်။ မိမိထက် အဆမတန် အင်အားကြီးတဲ့ ရန်သူကို ရင်ဆိုင်ဖို့အတွက် နိုင်ငံရေး အတွေးအခေါ်ခိုင်မာတဲ့ တိုက်စွမ်းရည် ထက်မြက်တဲ့ တပ်ဖြစ်လာအောင် တည်ဆောက်ရမှာဖြစ်တယ်။



(၄) ပြည်သူတရပ်လုံးရဲ့ လက်နက်ကိုင်အုံကြွမှုကြီးရှိနေပေမဲ့ ပါတီအနေနဲ့ ယူဂျီစည်းရုံးရေး သဏ္ဍာန်နဲ့ ဖြတ်သန်းခဲ့ရတာကြောင့် မိမိတို့ရဲ့ အတ္တဘာဝက တစ်က ပြန်စနေရတဲ့ အခြေအနေ ဖြစ်တယ်။ ခေတ်စားနေတဲ့ လစ်ဘရယ် အတွေးအခေါ်လေထု (ကွန်မြူနစ်ဆန့်ကျင်ရေး အတွေးအခေါ်) ရဲ့ စိန်ခေါ်ချက်တွေကလည်း သည်းသန်ပြင်းထန်နေတယ်။ ရန်သူဆန့်ကျင်ရေး စိတ်ဓာတ်နဲ့ တပ်ထဲကို ဝင်ရောက်လာကြတယ်ဆိုပေမဲ့ အတွးအခေါ် အယူအဆတွေက အမျိုးမျိုးပါလာကြတယ်။ ဒါကြောင့် တပ်ကို မှန်ကန်တဲ့ နိုင်ငံရေး အတွေးအခေါ် ဦးတည်ချက်ရှိတဲ့တပ် စည်းကမ်းလိုက်နာမှုကောင်းတဲ့တပ် ဖြစ်အောင် တည်ဆောက်ရေးအတွက် အတွေးအခေါ် တည်ဆောက်ရေးကို လက်ဦးမှု ရှိရှိ လုပ်ဖို့လိုပါတယ်။

(၅) အခြေအနေအရ အသစ်ပြန်ထူထောင်ရတဲ့တပ် ဖြစ်လို့ ..တပ်မှူးတပ်သား အားလုံးကို ပါတီကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်၊ ပါတီကို ယုံကြည်တဲ့စိတ်ဓာတ် (ပါတီစိတ်ဓာတ်) နဲ့ ပါတီဗဟို ဝန်းရံရေး စိတ်ဓာတ်ကို ခိုင်မာအောင် တည်ဆောက်ဖို့ ပညာပေးဖို့ လိုအပ်နေပြီဖြစ်တယ်။

အထက်ဖော်ပြပါ အချက်တွေဟာ တပ်တည်ဆောက်ရေးရဲ့ အရေးကြီးမှုကို ရည်ညွှန်းတဲ့ အချက်တွေပဲဖြစ်ပါတယ်။

၂။ တပ်တည်ဆောက်ရေးမှာ အခြေခံရမယ့် လမ်းညွှန်သဘောတရား

တပ်တည်ဆောက်ရေးရဲ့ဦးတည်ချက်၊ အတွင်းသဘောနဲ့ လက်တွေ့ ကျင့်သုံးရမည့်နည်းနာ စတာတွေကိုချမှတ်ဖို့အတွက် ကျင့်သုံးရမယ့် လမ်းညွှန်သဘောတရားက မာ့က်စ်ဝါဒ(အနုပဋိလောမရုပ်ဝါဒသမိုင်းရေးရုပ်ဝါဒ)ပဲဖြစ်ပါတယ်။ အခိုင်အမာ အခြေအနေကို အခိုင်အမာကျစွာ ချဉ်းကပ်ပြီး (ရုပ်တည်မှု.အမြင်.နည်းနာ) ဆိုတဲ့ မာက့်စ်ဝါဒရဲ့ သော့ချက်သုံးရပ်နဲ့ ပိုင်းခြားစိတ်ဖြာ သုံးသပ်သွားရမှာဖြစ်ပါတယ်။

တည်ဆောက်ရေးရဲ့ အတွင်းသဘောဟာ တိုက်ပွဲပဲ ဖြစ်ပါတယ်။ တိုက်ပွဲမပါတဲ့ တည်ဆောက်ရေးဆိုတာ အတုအယောင်သာ ဖြစ်ပါတယ်။ မိမိအင်အားကို

**တပ်ကို မှန်ကန်တဲ့ နိုင်ငံရေး အတွေးအခေါ် ဦးတည်ချက် ရှိတဲ့တပ် စည်းကမ်း လိုက်နာမှု ကောင်းတဲ့ တပ် ဖြစ် အောင် တည်ဆောက် ရေးအတွက် အတွေးအခေါ် တည်ဆောက် ရေးကို လက်ဦးမှု ရှိ ရှိ လုပ်ဖို့လိုပါ တယ်**



တည်ဆောက်ရေး အတွက် ရန်သူနဲ့ တိုက်ပွဲဆင်ရတာ….. ပစ္စည်းမဲ့ အတွေးအခေါ်ကို တည်ဆောက်ဖို့ ခနရှင် အတွေးအခေါ်ကို တိုက်ပွဲဆင်ရတာ…စတဲ့ ဆန့်ကျင်ဖက်တွေရဲ့ ဒွန်တွေနေမှုနဲ့ တိုက်ပွဲကတဆင့် ဖြစ်ပေါ်တိုးတက်သွားတဲ့ဖြစ်စဉ်တွေ များစွာ ဖြတ်ကျော်သွားရမှာဖြစ် ပါတယ်။ စစ်အတတ်ပညာ သင်ကြားရေးနဲ့ ပတ်သက်ရင်တော့ …စစ်ပညာကို စစ်ပွဲအတွင်းမှာ သင်ယူတာဟာ အကောင်းဆုံး နည်းလမ်းပဲဖြစ်ပါတယ်။

၃။ တပ်တည်ဆောက်ရေးရဲ့ ဦးတည်ချက်

တပ်တည်ဆောက်ရေးမှာ.. အမျိုးအစားသစ် ပြည်သူ့တပ်မတော်တရပ် တည်ဆောက်ရေးကို ခိုင်မာတဲ့ ဦးတည်ချက်အဖြစ် ထားရှိရမှာ ဖြစ်တယ်။ အမျိုးအစားသစ် ပြည်သူ့ တပ်မတော်ရဲ့ အရေးကြီးတဲ့.. ထူးခြားတဲ့အင်္ဂါလက္ခဏာတွေကတော့……

(၁) ကွန်မြူနစ်ပါတီရဲ့တိုက်ရိုက်နဲ့အကြွင်းမဲ့ခေါင်းဆောင်မှုကိုခံယူထားတဲ့တပ်မတော်ဖြစ်တယ်။ (ပါတီကတပ်ကို အမိန့်ပေးမှာဖြစ်ပြီး ..တပ်ကပါတီကိုပြန်ပြီး အမိန့်ပေးတာကိုလုံးဝ ခွင့်မပြုနိုင်ဘူးဆိုတဲ့ “မူ”..ဖြစ်တယ်။) တပ်မတော်တခုလုံးရဲ့စစ်ရေးကိုတိုက်ရိုက်လမ်းညွှန်ပေးဖို့ ပါတီဗဟိုက စစ်ရေးနဲ့ပါတ်သက်တဲ့ကော်မရှင်တခုဖွဲ့စည်းထားရှိပြီး ပါတီရဲ့အမြင့်ဆုံးခေါင်းဆောင်က ဒီကော်မရှင်ကိုတိုက်ရိုက်ဦးဆောင်ရမယ်။ တပ်တွင်းမှာ ပါတီကော်မတီ၊ ပါတီကလပ်စည်း၊ စတဲ့ပါတီအစည်းအရုံးတွေထားရှိပြီး တပ်ရဲ့လက်တွေ့လုပ်ငန်းတွေကိုခေါင်းဆောင်ညွှန်ကြားဖို့ နိုင်ငံရေးမှူးတပ်မှူးတွေက တာဝန်ယူတယ်။

(၂) အမျိုးအစားသစ်ပြည်သူ့တပ်မတော်ဟာ မာ့က်စ်ဝါဒ လီနင်ဝါဒမော်စီတုန်းအတွေးအခေါ်ကို လမ်းညွှန်သဘောတရားအဖြစ်ခံယူတယ်။

(၃) လူမျိုးစုံသွေးစည်းချစ်ကြည်ရေးအလံကို မြင့်မြင့်မားမားလွှင့်ထူထားတယ်။

(၄) အဖိနှိပ်ခံ ပြည်သူတရပ်လုံးရဲ့ အကျိုးကို အမြဲတမ်းဦးထိပ်ပန်ဆင်ထားတယ်။ လူထုလမ်းစဉ်ကျင့်သုံးတယ်။

(၅) စည်းကမ်းကြီးသုံးရပ်နဲ့သတိပြုရန်ရှစ်ချက်ကိုကိုယ်ပိုင်အသိနိုးကြားမှုနဲ့ တင်းတင်းကျပ်ကျပ်လိုက်နာတယ်။

(၆) (ကြံ့ခိုင်မှန်ကန်တဲ့ နိုင်ငံရေး ဦးတည်ချက်ရှိတဲ့ လုပ်ဟန်..ရိုးရိုးကုတ်ကုတ် အဆင်းရဲ အပင်ပန်းခံတဲ့ လုပ်ဟန်..လျှင်မြန် ပါးနပ်ကျင်လည်တဲ့ သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်ရှိတဲ့ လုပ်ဟန်) စတဲ့ …သုံးရှစ်လုပ်ဟန်ကိုကျင့်သုံးတယ်။

(၇) သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲတဲ့ ရဲသုံးရဲ စိတ်ဓာတ်ကို မွေးမြူပြီး တော်လှန်တဲ့သူရဲကောင်းဝါဒကို မြဲမြဲကိုင်စွဲထားတယ်။

(၈) တပ်တွင်းမှာ (နိုင်ငံရေးဒီမိုကရေစီ၊ စစ်ရေး ဒီမိုကရေစီ၊ စီးပွားရေး ဒီမိုကရေစီ) ဆိုတဲ့ ဒီမိုကရေစီ သုံးရပ်ကိုလက်တွေ့ကျကျ ကျင့်သုံးတယ်။ ဒီမိုကရေစီလည်းရှိ-ဗဟိုချုပ်ကိုင်မှုလည်းရှိ၊ စည်းကမ်းလည်းရှိလွတ်လပ်မှုလည်းရှိ၊ စုပေါင်းခေါင်းဆောင်မှုလည်းရှိ -တဦးချင်း တာဝန်ယူမှုလည်းရှိ ဆိုတဲ့မူကို ကျင့်သုံးတယ်။ တပ်တွင်းမှာ ဗျူရိုကရေစီနဲ့ စစ်ဘုရင်ဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။

(၉) တိုက်ခိုက်ရေး တာဝန်၊ လူထုစည်းရုံးရေး တာဝန်၊ ထုတ်လုပ်ရေး တာဝန်ဆိုတဲ့ တာဝန်သုံးရပ်ကို ထမ်းဆောင်တယ်။

(၁၀) ကိုယ့်ထူးကိုယ်ချွန်စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ မွေးမြူတယ်။

အထက်က ဖော်ပြသွားတဲ့ အချက်တွေကတော့ တပ်တည်ဆောက်ရေးမှာ ဦးတည်ချက်အဖြစ် ထားရှိရမယ့် အမျိုးအစားသစ် ပြည်သူ့တပ်မတော်ရဲ့ အရေးကြီးတဲ့ ထူးခြားတဲ့ အင်္ဂါ လက္ခဏာတွေပဲ ဖြစ်ပါတယ်။

၄။ တပ်တည်ဆောက်ရေးနည်းနာ

ပုံမှန်အခြေအနေမှာ.. တပ်ရဲ့ နိုင်ငံရေးအတွေးအခေါ် တည်ဆောက်ရေး လုပ်ငန်း၊ တပ်စည်း ကမ်းထိန်းသိမ်းရေး လုပ်ငန်း၊ တပ်ရဲ့ ယဉ်ကျေးမှု ရေချိန်မြှင့်တင်ရေး လုပ်ငန်း အစရှိတဲ့ တာဝန်တွေကို တပ်တွင်းပါတီ အဖွဲ့အစည်းတွေ ဖြစ်တဲ့ ပါတီကော်မတီ၊ ပါတီကလပ်စည်းတွေက တာဝန်ယူသွားရမှာ ဖြစ်ပါတယ်။ အဆင့်ဆင့်ရှိ တပ်သားကော်မတီ အစည်းအဝေးတွေလုပ်တာ တပ်သားထု အစည်းအဝေးတွေ လုပ်တဲ့နည်းတွေနဲ့ လှုပ်ရှားသွားလို့ ရနိုင်ပါတယ်။

ဒါပေမဲ့ တချို့ထူးခြားတဲ့ အခြေအနေမျိုးမှာတော့ ပုံမှန် လှုပ်ရှားမှုမျိုးနဲ့ မရတော့ဘဲ "ဒီမိုကရေစီ လှုပ်ရှားမှု အစည်းအဝေး" လုပ်ပြီး ကိုင် တွယ် ဖြေရှင်းရတာမျိုးလည်း ရှိပါတယ်။

ဒီမိုကရေစီလှုပ်ရှားမှုရဲ့ ထူးခြားချက်တွေကတော့....

– ပြဿနာတစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုကို အဓိကပစ်ကွင်း (ဦးတည်ချက်) အဖြစ်ထားပြီး ဆွေးနွေးတာ... (ဥပမာ... တပ်တွင်း ဗျူရိုကရက်ဝါဒနဲ့ စစ်ဘုရင်ဝါဒ လွှမ်းမိုးမှု ဆန့်ကျင်ရေး လှုပ်ရှားမှု၊ ...ရန်သူကိုကြောက်တဲ့ စစ်ပြေးအတွေးအခေါ် တိုက်ဖျက်ရေးလှုပ်ရှားမှု ..... စည်းကမ်းကြီး သုံးရပ်၊ သတိပြုရန် ရှစ်ချက် လိုက်နာရေး လှုပ်ရှားမှု ..စတဲ့ပြဿနာမျိုး တခုခုကို ဦးတည်ချက်ထားပြီး ဆွေးနွေးတာ........

– တဆင့်မြင့်တဲ့ အထက်အဖွဲ့အစည်းရဲ့ ဦးစီးမှုနဲ့ တပ်ထု ဒါမှမဟုတ် ပါတီဝင်ထု တရပ်လုံး ပါဝင်ဆွေးနွေးတာ ("ထု"ကို ဒီမိုကရေစီ ကျယ်ကျယ် ပြန့်ပြန့် ဖွင့်ပေးတာ..အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဝေဖန်ဆွေးနွေးကြတာ..)

– လှုပ်ရှားမှု အစည်းအဝေး ဦးစီးတဲ့ခေါင်းဆောင်က လေးလေးနက်နက် နိဂုံးချုပ်ပေးတာ....

ဒီလို ထူးခြားချက်တွေရှိတဲ့ လှုပ်ရှားမှု တွေကို အခြေအနေက တောင်းဆိုလာရင် လုပ်ပေးရမယ်။ အတိတ်က ပဲခူးရိုးမ၊ ..အနောက်မြောက်တိုင်းက တိုက်တိုင်းအောင် တပ်တွေနဲ့ ရခိုင်ရိုးမ ပြောက်ကျားတပ်တွေရဲ့ တပ်တည်ဆောက်ရေးမှာ ဒီအစဉ်အလာမျိုးတွေ ရှိခဲ့ဖူးတယ်။

လှုပ်ရှားမှုဟာ တပ်ရဲ့အတွေးအခေါ် လန်းဆန်းတက်ကြွဖို့၊ တိုက်ပွဲဝင်စိတ်ဓာတ် မြင့်မားဖို့၊ စည်းကမ်းလိုက်နာမှု ပိုကောင်းလာဖို့၊ တပ်တွင်း စည်းလုံးညီညွတ်မှု ခိုင်မာလာဖို့ ..စတဲ့ ဖက်အသီးသီးမှာ ကြီးမားတဲ့ အကျိုးပြုမှုတွေ ရရှိစေမှာ ဖြစ်ပါတယ်။

**အခြေအနေ ပေးရင် တနှစ် တကြိမ် တပ် ညီလာခံလုပ် တာ လုပ်သင့် တယ်။**

အခြေအနေပေးရင် တနှစ်တကြိမ် တပ်ညီလာခံလုပ်တာ လုပ်သင့်တယ်။ တပ်သားထု တရပ်လုံး ပါဝင်တဲ့ လှုပ်ရှားမှု သဘောဆောင်တဲ့ အစည်းအဝေးကြီးပဲဖြစ်တယ်။

–တပ်ရဲ့ ရုံးအဖွဲ့တွေ.နဲ့တပ်စိတ်တွေမှာ တရက်တာ နိဂုံးချုပ် လုပ်တဲ့ အစဉ်အလာ ထွန်းကားအောင် လုပ်သင့်တယ်။ တရက်အတွင်းရှိတဲ့ ပြဿနာကို အကြွေးမထားဘဲ ရှင်းသွားတဲ့သဘောပဲ ဖြစ်တယ်။ ပါတီက ခေါင်းဆောင်ခဲ့တဲ့ တပ်တွေမှာ ဒီလုပ်ဟန်မျိုးတွေ ရှိခဲ့ဖူးတယ်။

တိုက်ပွဲနိဂုံးချုပ်

တိုက်ပွဲတိုက်ပြီးရင် တိုက်ပွဲနိဂုံးချုပ်ကိုမဖြစ်မနေ လုပ်ရမယ်။

တိုက်ပွဲနိဂုံးချုပ်ဆိုတာ...မိမိတို့ဆင်နွှဲတဲ့တိုက်ပွဲရဲ့ အောင်မြင်မှု၊ ဆုံးရှုံးမှု၊ အားကောင်းချက်၊ အားနည်းချက်၊ တွေကိုစစ်ရေး အတွေးအခေါ် တပ်တည်ဆောက်ရေး၊ စတဲ့ဘက်အသီးသီး ကဝေဖန်သုံးသပ် အဖြေရှာပြီး ရှေ့လုပ်ငန်းအတွက် သခ်ာန်းစာထုတ်တဲ့ လှုပ်ရှားမှုပဲဖြစ်တယ်။ တနည်းပြောရရင် အမျိုးအစားသစ် ပြည်သူ့တပ်မတော်ရဲ့ တိုက်ပွဲ နိဂုံးချုပ်

**မတိုက်ဖြစ်တဲ့ တိုက်ပွဲတွေကိုလည်း တိုက်သင့်ပါလျက် မတိုက်ဖြစ်တာလား... ဘာကြောင့် မတိုက်ဖြစ်တာလဲ ဆိုတာ နိဂုံးချုပ်တာ**

ဆိုတာ စစ်ရေး တပ်တည်ဆောက်ရေး ပြဿနာမှာ အနုပဋိလောမ ရုပ်ဝါဒ ကမ္ဘာ့အမြင်နဲ့ ခွဲခြမ်းစိတ်ဖြာခြင်းက ရရှိလာတဲ့ အသီးအပွင့်ပဲ ဖြစ်တယ်။

တိုက်ပွဲတိုက်ပြီး နိဂုံးချုပ်တာမလုပ်ရင် အတွေးအခေါ် လှုပ်ရှားမှုမရှိတဲ့ ဦးနှောက်လို တပ်ဟာ ကြာလေတုံးလေ ဖြစ်လာပြီး တိုက်စွမ်းရည် ကျလာလိမ့်မယ်။ ဖရိုဖရဲ ဖြစ်လာလိမ့်မယ်။ ထူးခြားချက်တွေက...

–တိုက်ပွဲနိဂုံးချုပ်ကို အထက်အဆင့်က ဦးစီးပြီးလုပ်တာ ...

–မတိုက်ဖြစ်တဲ့ တိုက်ပွဲတွေကိုလည်း တိုက်သင့်ပါလျက် မတိုက်ဖြစ်တာလား...ဘာကြောင့် မတိုက်ဖြစ်တာလဲ ဆိုတာ နိဂုံးချုပ်တာ

–ရှုံးတဲ့ တိုက်ပွဲတွေကိုလည်း သင်ခန်းစာထုတ် နိဂုံးချုပ်တာ....

–အောင်ပွဲရတဲ့တိုက်ပွဲတွေကိုလည်း ဘာကြောင့် အောင်ပွဲရတာလဲ ရသင့်သလောက်ရခဲ့ရဲ့လား စသဖြင့် နိဂုံးချုပ်တာ..

တကယ်တော့ တိုက်ပွဲနိဂုံးချုပ် လှုပ်ရှားမှု အစည်းအဝေးဆိုတာ စစ်သင်တန်း စာသင်ခန်းလေးတွေလိုပါပဲ..“တိုက်ပွဲတိုက်လိုက် နိဂုံးချုပ် လိုက်” နဲ့ မိမိတပ်ကို တည်ဆောက်ကြရတယ်။ သဘောတရားနဲ့ လက်တွေ့ ပေါင်းစပ်တဲ့ လုပ်ဟန်လို့ဆိုနိုင်ပါတယ်။ တော်လှန်စစ်ဆိုတာ သင်ယူ တတ်မြောက်ပြီးမှ လုပ်ရတာမျိုး မဟုတ်ဘဲ “လုပ်ရင်းသင် သင်ရင်းလုပ်ရတာမျိုး” ဆိုတော့ တိုက်ရင်းတည်ဆောက် တည်ဆောက်ရင်းတိုက် ဖြစ်စဉ်မှာ တိုက်ပွဲနိဂုံးချုပ် လုပ်ငန်းဟာ အရေးကြီးတဲ့ ကွင်းဆက်တွေအဖြစ် တည်ရှိနေမှာ ဖြစ်ပါတယ်။

တပ်တည်ဆောက်ရေးမှာ တည်ဆောက်ရမည့် စိုက်ထူရမည့် အတွေးအခေါ်များ.....

– ပါတီစိတ်ဓာတ်နဲ့ ပါတီဗဟိုဝန်းရံရေး စိတ်ဓာတ်ကို စိုက်ထူ ရမယ်။ ဗဟိုစင်ပြိုင်ဝါဒ၊ မင်းမဲ့ဝါဒနဲ့ တဗိုလ်တမင်း ဝါဒကိုဆန့်ကျင်..ရမယ်။

–တော်လှန်တဲ့ အကောင်းမြင်ဝါဒကို ကိုင်စွဲရမယ်။ အဆိုးမြင်ဝါဒကို တိုက်ဖျက်ရမယ်။



–ပစ္စည်းမဲ့စစ်ရေးအမြင်ကို စိုက်ထူရမယ်။ ဓနရှင်စစ်ရေးအမြင်ကို ဆန့်ကျင်ရမယ်။

–ကိုယ့်ထူးကိုယ်ချွန် စိတ်ဓာတ်ကို မွေးမြူရမယ်။ အချောင်ဝါဒကို တိုက်ပွဲဆင်ရမယ်။

–တော်လှန်တဲ့ သူရဲကောင်းဝါဒကိုကိုင်စွဲ (သေရဲ တိုက်ရဲ အနိုင်ယူရဲတဲ့ ရဲသုံးရဲစိတ်ဓာတ်) ကိုမွေးမြူရမယ်။ ရန်သူကိုတဖက်သတ် အထင်ကြီးတဲ့ စစ်ပြေးအတွေးအခေါ်ကို ဆန့်ကျင်ရမယ်။

–လူထုကို အလုပ်အကျွေးပြုတဲ့စိတ်ဓာတ်နဲ့ လူထုအမြင်ကို စိုက်ထူရမယ်။ ကယ်တင်ရှင်ဝါဒနဲ့ စစ်ဘုရင်ဝါဒ ကို တိုက်ဖျက်ရမယ်။

ချုပ်ရင်......

တပ်ကို တပ်နဲ့တူအောင် တည်ဆောက်ရမယ်..ဆိုတဲ့အချက်ကို ပိုပြီးတိကျအောင် ပြောရရင်..တပ်ကို ဂုဏ်နဲ့ဒြပ် ကိုက်ညီတဲ့ အမျိုးအစားသစ် ပြည်သူ့တပ်မတော်တရပ် ဖြစ်လာအောင် တည်ဆောက်ရေး ဖြစ်ပါတယ်။

**ငြိမ်းမောင်ဦး**

**(၇–၈–၂၀၂၄)**

၁၉၄၈ မတ်လ ၂၈ ရက်

# ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကြီးရဲ့

## လတ်တလောအကြောင်းရင်း နဲ့ အရင်းခံအကြောင်းရင်း



ဥသြချို

ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ သမိုင်းမှာ အရေးကြီးတဲ့ အခန်းက ပါဝင်ခဲ့တဲ့ ၁၉၄၈ မတ်လ ၂၈ ရက် ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးဟာ ဘယ်လို ဖြစ်ပေါ်လာခဲ့သလဲ။ ဒါဟာ ဗမာပြည် ပြည်တွင်းစစ် ဘယ်လို ပေါက်ဖွားလာသလဲဆိုတာနဲ့ သဘောချင်းအတူတူပဲ။

တချို့က လွတ်လပ်ရေးအပေါ် အာဏာရ ဖဆပလ အစိုးရနဲ့ ကွန်မြူနစ်ပါတီ သဘောကွဲလွဲပြီး မသင့်မြတ်လို့ လက်နက်ကိုင် တိုက်ကြပြီး ပြည်တွင်းစစ် ဖြစ်တယ်လို့ အပေါ်ယံ ရှုမြင်ရေးသား ပြောဆိုနေကြတာ ရှိပါတယ်။ တချို့ကလည်း ဖဆပလ ဝန်ကြီးသခင်တင်ရဲ့ မီးခွက်မှုတ် သတင်းကို သတင်းစာတွေထဲမှာ ထည့်ရာက အစ သခင်သန်းထွန်းက ကွန်မြူနစ် သတင်းစာတိုက်ကို လာဖျက်ဆီးရဲ ဖျက်ဆီးကြည့်၊ ဗားကရာချောက်ကို ဆိုရှယ်လစ် အရိုးတွေနဲ့ ဖို့ပစ်မယ်လို့ ကြိမ်းဝါးတာကြောင့် ပြည်တွင်းစစ်ဖြစ်တာလို့ ရေးသူက ရေးကြပါတယ်။

ဒီလို ပြောဆိုရေးသားချက်တွေဟာ ၁၉၄၈ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကြီးရဲ့ နက်ရှိုင်းတဲ့ အဓိပ္ပာယ်ရှိမှုကို ပေါ့တန်စေခဲ့တယ်။

၁၉၄၈ ခုနှစ် လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပွားရခြင်းရဲ့ အဓိက အကြောင်းရင်းဟာ အလုပ်သမား၊ လယ်သမား အဖိနှိပ်ခံ ပြည်သူလူထုကြီးနဲ့ အုပ်စိုးသူ ဖဆပလ အစိုးရတို့အကြား ဖြစ်ပွားနေတဲ့ လူတန်းစားပဋိပက္ခကို အုပ်စိုးသူ လူတန်းစားဘက်က လက်နက်နဲ့ စတင်ဖိနှိပ်လာလို့ အုပ်စိုးခံတွေဘက်က ရရာလက်နက်နဲ့ ခုခံတုံ့ပြန် တော်လှန်တိုက်ပွဲဝင်ရတဲ့ လက်နက်ကိုင်တော်လှန်ရေးကြီး ဖြစ်ပါတယ်။ ဒါကို လတ်တလော အကြောင်းရင်းနဲ့ အရင်းခံအကြောင်းရင်း ဆိုပြီး ၂ ပိုင်းခွဲခြားကြည့်ရပါလိမ့်မယ်။

**(လတ်တလော အကြောင်းရင်း)**

ဖဆပလအစိုးရရဲ့ ဝန်ကြီးတဦးဖြစ်သူ သခင်တင်ဟာ နယ်လှည့် စည်းရုံးရေးဆင်းရင်း အရပ်သူ မကြင်စိန်ဆိုသူနဲ့ ဖောက်ပြန် မှားယွင်းတယ်။ ဒါဟာ ဝန်ကြီးရဲ့ မီးခွက်မှုတ် သတင်းဆိုပြီး သတင်းပေါက်ထွက်လာတယ်။ ဖဆပလ အစိုးရထဲက လက်ယာဆိုရှယ်လစ်ဂုဏ်းအုပ်စုက ဒီသတင်းကို ထည့်ရဲ့ထည့်ကြည့်လို့ ခြိမ်းခြောက်လာတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ကွန်မြူနစ်နေ့စဉ် သတင်းစာတိုက်က ထည့်မယ်လို့ ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်လိုက်တဲ့နောက်မှာ

**ကွန်မြူနစ်နေ့စဉ်သတင်းစာပုံနှိပ်တိုက်ကို ဆိုရှယ်လစ်လူမိုက်တွေ ဖျက်ဆီးရဲရင် လာကြည့်၊ ဗားကရာချောက်ကြီးကို ဆိုရှယ်လစ်အရိုးတွေနဲ့ ဖို့ပစ်မယ်**

ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ဇနီး ဂျာနယ်ကျော်မမလေးရဲ့ သတင်းစာ–ဂျာနယ်တိုက်နဲ့ အခြား ထည့်ရဲတဲ့ သတင်းစာတိုက်တွေက ထည့်မယ်လို့ သတ္တိရှိရှိ ဆုံးဖြတ်တယ်။ အဲဒီသတင်းကို ထည့်လိုက်တဲ့ ဂျာနယ်ကျော် ပုံနှိပ်တိုက်နဲ့ အခြား ပုံနှိပ်တိုက်တချို့ကို ဖဆပလအစိုးရရဲ့ လက်ယာဆိုရှယ်လစ် ဂိုဏ်သားလူမိုက်တွေနဲ့ အရပ်ဝတ် စစ်သားပုလိပ်သားတွေက တုတ်၊ ဓား၊ ပုဆိန် လက်နက်တွေ ကိုင်စွဲပြီး သတင်းစာတိုက်ကို ဖျက်၊ ပုံနှိပ်စက်တွေ ရိုက်ချိုး၊ ခဲစာလုံးတွေကို လမ်းပေါ်သွန်ချ ထုချေဖျက်ဆီးတာတွေကို အကြမ်းဖက်လုပ်ဆောင်ခဲ့တယ်။ (သတင်းစာတိုက်များရဲ့ လွတ်လပ်ခွင့် ဒီမိုကရေစီအခွင့်အရေးကို အကြမ်းဖက်ဖိနှိပ်ခြင်း)

ဒီအခါ လယ်သမားတသိန်းကျော် တက်ရောက်တဲ့ ပျဉ်းမနားလယ်သမား ညီလာခံကြီးအတွင်း ဥက္ကဋ္ဌ သခင်သန်းထွန်းက မိန့်ခွန်း ပြောကြားရာမှာ “ကွန်မြူနစ်နေ့စဉ် သတင်းစာပုံနှိပ်တိုက်ကို ဆိုရှယ်လစ်လူမိုက်တွေ ဖျက်ဆီးရဲရင် လာကြည့်၊ ဗားကရာ ချောက်ကြီးကို ဆိုရှယ်လစ်အရိုးတွေနဲ့ ဖို့ပစ်မယ်” လို့ တုံ့ပြန်လိုက်တယ်။ ဒါဟာ လက်နက်နဲ့ အဓမ္မဖိနှိပ်လာရင် တုံ့ပြန်တိုက်ပွဲဝင်မယ်ဆိုတာ အတိအလင်း ဖော်ပြလိုက်ခြင်း ဖြစ်တယ်။

ဖောက်ပြန်တဲ့ ဖဆပလအစိုးရဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ကွန်မြူနစ်နေ့စဉ်သတင်းစာနဲ့ ပြည်သူ့အာဏာဂျာနယ်ရဲ့ ပုံနှိပ်တိုက်ကို လာရောက်ဖျက်ဆီးတာ မလုပ်ရဲတော့ပေမဲ့ တမျိုးအကောက်ကြံကာ ဗမာပြည်ကွန်မြူနစ်ပါတီက လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် ချမှတ်ထားတယ်ဆိုပြီး တကယ်အစစ်အမှန်မရှိတဲ့ ဂိုရှယ်စစ်တမ်းဆိုတာမျိုးနဲ့ စွပ်စွဲတိုက်ခိုက်တာ၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဌာနချုပ်ရုံးမှာ ကွန်မြူနစ်ပါတီရဲ့ တပ်ရင်းတရင်း လက်နက် အပြည့်အစုံနဲ့ ခိုအောင်းနေတယ်လို့ မဟုတ်မမှန် စွပ်စွဲကာ ဗမာပြည် ကွန်မြူနစ်ပါတီဌာနချုပ်ရုံးနဲ့ အနယ်နယ်အရပ်ရပ်က ပါတီရုံးများကို လက်နက်ကိုင်တပ်သားများနဲ့ ဝင်ရောက်စီးနင်း၊ ကွန်မြူနစ်ပါတီဝင်တွေကို ဖမ်းဆီးသတ်ဖြတ်မှုတွေ ၁၉၄၈ မတ်လ ၂၈ ရက်နေ့မှာ စတင်ပြုလုပ်လာခဲ့တယ်။ ဒါဟာ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက် ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး ပေါက်ဖွားလာစေတဲ့ လတ်တလော အကြောင်းရင်းပါပဲ။ (လူထုအစည်းအဝေးများ ကျင်းပခွင့်၊ လူထုငြိမ်းချမ်းစွာ ဆန္ဒပြခွင့်၊ ပါတီအသင်းအဖွဲ့များ လွတ်လပ်ခွင့် စသော ပြည်သူ့ဒီမိုကရေစီကို လက်နက်ကိုင် အကြမ်းဖက်မှုနဲ့ နှိမ်နင်းလာခြင်း။)

**(ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးရဲ့ အရင်းခံအကြောင်းရင်း)**

လွတ်လပ်ရေးတိုက်ပွဲ လမ်းခုလတ်မှာ ဗိုလ်အောင်ဆန်း လုပ်ကြံခံရတယ်။ ကွန်မြူနစ်ပါတီနဲ့ ဗိုလ်အောင်ဆန်းဦးစီးတဲ့ ဖဆပလ ပြန်လည်ညီညွတ်ရေး အတော်ခရီးပေါက်နေချိန် ဗိုလ်အောင်ဆန်း လုပ်ကြံခံလိုက်ရခြင်း ဖြစ်တယ်။ ဗမာပြည်လွတ်လပ်ရေးကို နု–အက်တလီ နိုင်ငံရေးစာချုပ်၊ လက်ယာ–ဖရီးမင်း စစ်ရေးစာချုပ်၊ မြ – ခရွန်ဘီ စီးပွားရေးစာချုပ် ဆိုတဲ့ စာချုပ်သုံးရပ်နဲ့ တုတ်နှောင်ပြီး ပေးခဲ့တာဖြစ်တယ်။ ဒါကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီက နိုင်ငံရေးအရလွတ်လပ်သော်ငြား စီးပွားရေးအရ မလွတ်လပ်ကြောင်း လွှတ်တော်ထဲအထိ အတိအလင်း ဝေဖန်ထောက်ပြနေတာ ဖြစ်တယ်။

နောက်တက်လာတဲ့ ဖဆဆိုရှယ်အစိုးရက (ဖဆပလ အမည်ဆက်ခံထားသော်လည်း ဦးကျော်ငြိမ်း ဆိုရှယ်လစ်များက အုပ်စီးထားလို့) လိပ်–ကန် နယ်ချဲ့သမားအလိုကျ လုပ်ကြံဇာတ်လမ်းများ ဖန်တီးကာ ကွန်မြူနစ်ချေမှုန်းရေးကို အတိအလင်း လုပ်လာတယ်။ ဘုရားတကာ ဝန်ကြီးချုပ် ဦးနုကလည်း လူထုအောင်သံ လို ဇာတ်လမ်းရုပ်ရှင်များ ဖန်တီးပြီး ဝန်းရံတယ်။

အဲဒီအချိန် (လွတ်လပ်ရေးရယူပြီးခါစ) က ဖောက်ပြန်တဲ့ ဖဆပလ အစိုးရဟာ နယ်ချဲ့ကို မှီခို၊ ပဒေသရာဇ်မြေ ရှင်စနစ်ကို ထိန်းသိမ်း၊ ဗျူရိုကရက် အရင်းရှင်စနစ်ကို ကြီးထွားအောင် လုပ်နေတဲ့ အစိုးရဖြစ်တယ်။ နယ်ချဲ့သမားအားကိုးနဲ့ ပြည်သူလူထုကို အဓမ္မ ဖိနှိပ်သွေးစုပ်ပြီး ကွန်မြူနစ် ဆန့်ကျင်ရေးနဲ့အတူ ပြည်သူဆန့်ကျင်ရေးပါ လုပ်နေတဲ့ အစိုးရဖြစ်တယ်။ ဒါကို ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ တိုက်ရင်း ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်ရင်းက နိုင်ငံရေး အသိစိတ်ဓာတ်တွေ မြင့်မားလာခဲ့တဲ့ ဗမာပြည် အဖိနှိပ်ခံ ပြည်သူလူထုတွေက မခံမရပ်နိုင်ဖြစ်လာကြတယ်။ မခံမရပ်နိုင်တဲ့ အနယ်နယ်အရပ်ရပ်မှ လယ်သမားထုက လယ်လုပ်သူလယ်ပိုင်ရေး အပါအဝင် လယ်သမား အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်တယ်။ ဖြူး၊ ပျဉ်းမနားစတဲ့ လယ်သမား အစည်းအဝေးများမှာ တက်ရောက်သူ သောင်းသိန်းချီ ရှိတယ်။ နုအက်တလီစာချုပ်ဖွင့်ချပွဲ အစည်းအဝေးဟာ ရန်ကုန်မှာပင် လူထု နှစ်သောင်းလောက်တက်တယ်။ ရန်ကုန်မြို့ပေါ်က စက်ရုံအလုပ်ရုံက အလုပ်သမားတွေနဲ့ ကုန်တင်ကုန်ချ အလုပ်သမားတွေက

အလုပ်သမားထုရဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင်တယ်။ မြို့နေ ဆင်းရဲသားတွေနဲ့ ကျောင်းသားတွေရဲ့ တောင်းဆို ဆန္ဒပြ တိုက်ပွဲဝင်မှုနဲ့ အမှုထမ်းတွေရဲ့ တိုက်ပွဲဟာ ပိုမို ပြင်းထန်လာတယ်။ ထိုစဉ်က အဖိနှိပ်ခံ ပြည်သူလူထု အားလုံးဟာ ဒီမိုကရေစီဘောင်အတွင်းက သပိတ်တိုက်ပွဲ တွေ၊ ဆန္ဒပြပွဲတွေနဲ့ ဆက်တိုက် တိုက်ပွဲဝင်ခဲ့တာပဲ။ ဦးနု ဖဆပလအစိုးရက ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပေမဲ့ လူထု တိုက်ပွဲများဟာ ငြိမ်သွားတယ်လို့မရှိ၊ တိုးတိုးပြီး တိုက်ပွဲ ဆင်လာကြတဲ့ အခြေအနေ ဖြစ်တယ်။

ဒီလို ကြီးထွားလာနေတဲ့ အဖိနှိပ်ခံပြည်သူလူထုရဲ့ အုံကြွ မှုဟာ လွတ်လပ်ရေးမရခင်က ၄၆ ခုနှစ်တုန်းက ကိုလိုနီ အုပ်စိုးသူတွေ ထိတ်လန့်သွားစေခဲ့တဲ့ အထွေထွေ သပိတ် ကြီးလို ပေါက်ကွဲဖြစ်ပေါ်လာတော့မယ့် အလားအလာကို မြင်တွေ့လာရတယ်။

(၁၉၄၆ ခုနှစ် လူထုအုံကြွမှု ဒီရေမြင့်သစ်ဟာ ကိုလိုနီအစိုးရရဲ့ ပုလိပ်တွေကအစ အလုပ်သမား လယ်သမား၊ ကျောင်းသား နဲ့ အမှုထမ်းစတဲ့ လူတန်းစားပေါင်းစုံ လူမျိုးပေါင်းစုံ ကျယ် ကျယ်ပြန့်ပြန့် ပါဝင်တဲ့ အထွေထွေသပိတ်ကြီးပါ။ နယ်ချဲ့ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကြီး တခုလုံး သွက်ချာပါဒ လိုက်သွားစေတဲ့ ဒီသပိတ်ကြီးကို ထိပ်တိုက်ရင်ဆိုင်ရတဲ့ ကိုလိုနီအုပ်စိုးသူတွေနဲ့ နယ်ချဲ့အလိုတော်ရိတွေဟာ သူ တို့ရင်ဆိုင်ရတဲ့ အဖိနှိပ်ခံပြည်သူလူထုကြီးရဲ့ အင်အားနဲ့ စွမ်းအားကို မျက်မြင်တွေ့ရှိရတဲ့ အခါမှာ မျက်လုံးပြူးပြီး ထိတ်လန့်စိုးရိမ်မှု ဖြစ်ကြပါတယ်။ ကိုလိုနီနယ်ချဲ့သမား တွေကို ဗမာပြည်လွတ်လပ်ရေးအတွက် တောင်းဆိုရာမှာ ဗိုလ်ချုပ်အောင်ဆန်းက “ရရင်ရ မရရင်ချ”လို့ ကြွေးကြော် ရဲတာကလည်း ဒီလူထုအင်အား အရှိန်အဟုန်ကြီးမားမှုကို အားကိုးပြီး ပြောခဲ့တာ ဖြစ်ပါတယ်။ ဒီလူထု အရှိန်အဟုန် ကြီးမားပြီး နိုင်ငံရေးအသိစိတ်ဓာတ်၊ ကိုလိုနီဆန့်ကျင်ရေး အသိစိတ်ဓာတ်နဲ့ လုံးဝလွတ်လပ်ရေး အသိစိတ်ဓာတ် မြင့် မားနေခြင်းဟာလည်း ဖဆပလထဲမှာ ဦးဆောင်မှု အခန်း မှာရှိနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ စည်းရုံးနိုင်စွမ်း နဲ့ နိုင်ငံရေးသြဇာ မြင့်မားနေလို့ ဖြစ်ပါတယ်။ ဖက်ဆစ် ဂျပန်တော်လှန်ရေး အောင်ပွဲအရှိန်နဲ့ ပါတီရဲ့ ဂုဏ်သိက္ခာ မြင့်မားနေသလို လူထုကြီးဟာလည်း ဂျပန်တော်လှန်ရေး အောင်ပွဲခံစိတ်နဲ့ စိတ်ဓာတ်တွေ တက်ကြွမြင့်မားနေလို့ လည်း ဖြစ်ပါတယ်။)

လွတ်လပ်ရေးရပြီးစ ၁၉၄၈ မှာ အုပ်စိုးသူနေရာ ရောက် နေတဲ့ ဖောက်ပြန်တဲ့ ဖဆပလအစိုးရဟာလည်း ၄၆ အထွေထွေအုံကြွမှုကြီးကဲ့သို့ပေါက်ကွဲလုနီးနီးဖြစ်ပွားနေတဲ့ ပြည်သူလူထုကြီးရဲ့ ဆန့်ကျင်အုံကြွလာမှုကို ကြောက်လန့် လာတယ်။ နှိမ်နင်းဖို့ ကြံစည်လာတယ်။

ရှေးဦးစွာ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေတဲ့ အဖိနှိပ်ခံ ပြည် သူ့လှုပ်ရှားမှုကို ဖြိုခွဲရာမှာ ပြည်သူလူထုနဲ့ တသားတည်း မားမားမတ်မတ် ရပ်တည်ပြီး ရှေ့တန်းကနေ ခေါင်းဆောင် နေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို အရင်ဆုံးစတင်ဖြိုခွဲဖို့ပဲ။ ဒါဟာ ပြည်သူလူထုရဲ့ တိုက်ပွဲဝင်မှုကို ဖိနှိပ်မှုကျင့်သုံးရာမှာ ဂေါင် (ခေါင်) အ ရင်ဖြိုရေး ပေါ်လစီပဲ။ ဒါကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီကို ဖြိုခွဲရေးနဲ့ အတူ သတင်းစာ၊ ဂျာနယ် တိုက် စတဲ့ မီဒီယာတွေရဲ့ ဒီမိုကရေစီကို ပိတ်ပင်ဟန့်တား ရေး၊ လွတ်လပ်စွာ အဖွဲ့အစည်းအသင်းအပင်း ဖွဲ့စည်းခွင့် ကို ဟန့်တား ပိတ်ပင်ရေး၊ ပြည်သူလူထုရဲ့ လွတ်လပ်စွာ စုဝေးခွင့် ဆန္ဒပြခွင့် စတဲ့ ဒီမိုကရေစီကို သင်းသတ်ရိုက် ချိုးရေးခြေလှမ်းတွေကို စတင်ကြံစည်လုပ်ဆောင်လာတဲ့ အခြေအနေ ဖြစ်တယ်။

ချုပ်လိုက်ရင်ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရတာဟာ ရန်သူက ပြည်သူ့လူထုရဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို လက်နက်ကိုင် အကြမ်းဖက် ဖိနှိပ်ဖြိုခွဲ လို့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အဖိနှိပ်ခံ ပြည်သူလူထုကြီး က လက်နက်ကိုင်ခုခံပြီး တုံ့ပြန်ဆင်နွှဲရတဲ့ တော်လှန်ရေး ဖြစ်တယ်။ ဖောက်ပြန်တဲ့ ဖဆပလ ဖောက်ပြန်ရေးအစိုးရ နဲ့ အဖိနှိပ်ခံပြည်သူလူထုကြီးကြားက လူတန်းစားပဋိပက္ခ ဟာ လူတန်းစားတိုက်ပွဲရဲ့ အမြင့်ဆုံးအဆင့် လက်နက်ကိုင် တိုက်ပွဲအဆင့်သို့ တက်လှမ်းသွားခြင်း ဖြစ်တယ်။ တနည်း အားဖြင့် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးဟာ ဗမာပြည်က ဖောက်ပြန် တဲ့ ဖဆပလအစိုးရရဲ့ မတရားဖိနှိပ်မှုကို ဆန့်ကျင်တိုက်ပွဲဝင် တဲ့ ပြည်သူလူထုရဲ့ အုံကြွမှုအတွင်းမှ ပေါက်ဖွား ပေါ်ထွက် လာခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဥသြချို

**ဖဆဆိုရှယ် အစိုးရက (ဖ ဆပလ အမည် ဆက်ခံထား သော်လည်း ဦးကျော်ငြိမ်း ဆိုရှယ်လစ် များက အုပ်စိုး ထားလို့) လိပ်-ကန် နယ်ချဲ့ သမားအလိုကျ လုပ်ကြံ ဓာတ်လမ်း များ ဖန်တီး ကာ ကွန်မြူနစ် ချေမှုန်းရေးကို အတိအလင်း လုပ်လာ တယ်။**

# တဖြည်းဖြည်း တအိအိပြိုဆင်းလာနေတဲ့ **ဗမာ့တပ်မတော်**

လှကျော်ဇော




-------စစ်တပ်ဆိုတာပစ်ရင်-မှန်အောင်ပစ်တာ။

-------အပေါ်ထောင်ပစ်တာ မပါဘူး။ ဒါကြောင့်နောင်ဆူဆူပူပူ လုပ်မယ့်လူတွေ သတိသာထားကြပေတော့။ ----

ဒါတွေကတော့ ဗမာပြည်နဲ့ပြည်သူတွေရဲ့ နယ်ချဲ့ ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးနဲ့ လွတ်လပ်ရေးတိုက်ပွဲများအတွင်းက ပေါ်ထွက်ခဲ့တဲ့ မျိုးချစ်ပြည်ချစ်ဗမာ့တပ်မတော်ကြီးကို ကြေးစားတပ်ကြီးအဖြစ် ပြောင်းလဲစေပြီး စစ်အာဏာရှင်စနစ်ရဲ့ အကာအကွယ် ဒေါက်တိုင်လုပ်ပစ်ခဲ့တဲ့ ဗိုလ်နေဝင်းရဲ့စကားများပါ။ အလားတူ မင်းအောင်လှိုင်ကလည်း လုသတ်ရှို့ ဖုံးကြဲ၊ မြေကျန်ရင် ရပြီ။ လူတွေကတော့ အကုန်သေလည်း အရေးမကြီး ဆိုတဲ့ ပေါ်လစီနဲ့ ပြည်တွင်းစစ်ကို တိုးချဲ့နေပါတယ်။

ဒီစကားများက ဗမာ့တပ်မတော်ကြီးဟာ ပြည်သူကိုရန်သူလို သဘောထားလိုက်ပြီဆိုတာ အရှင်းလင်းဆုံး ပြသလိုက်ပါတယ်။

၁၉၆၂မှာအာဏာသိမ်းတက်လာတဲ့ဗိုလ်နေဝင်းဟာအာဏာကိုရေရှည် ဆုပ်ကိုင်နိုင်ရန်အတွက် (စစ်အာဏာရှင်စနစ်တည်ဆောက်ရန်) ဗမာ့တပ်မတော်ကို သူ့တလက်ကိုင်တပ်အဖြစ် ကောင်းကောင်း တည်ဆောက်လိုက်ပါတယ်။ စစ်တပ်ကို ပထမဆုံး စိတ်ဓာတ်အရ အစဉ်အလာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေး ထိန်းသိမ်း ကာကွယ်ရေးစိတ်ဓာတ်သွင်းပေးလိုက်လို့ တပ်ရဲ့ စည်းကမ်းကောင်းရေးနဲ့ တည်ငြိမ်စည်းလုံးရေးကို ရရှိနိုင်ခဲ့ပါတယ်။ ဒါကို အခြေခံပြီး ၁၉၄၈ ကတည်းက (ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်နဲ့ ဖဆပလ ဆိုရှယ်လစ်များ ဖန်တီးခဲ့လို့) ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်းစစ်ကြီးတွင်း ဒီတပ်ကို သွင်းပေးလိုက်ပြီး တိုင်းရင်းသားများ အပါ ပြည်သူတွေကို ထောင်ချီပြီး ရက်ရက်စက်စက် သတ်ဖြတ်ရဲတဲ့ စစ်တပ်ဖြစ်အောင် လုပ်ပစ်လိုက်ပါတယ်။ မြို့ပေါ်က လူတွေကိုပါ သတ်ရဲတဲ့တပ် ဖြစ်လာပါတယ်။ တပ်တွင်းမှာ ရာထူးတွေ အမျိုးမျိုး ဖန်တီးပြီး ရေစီးသလို တိုးခန့်ပေးနေလို့ ဒါကိုမက်မောစိတ်နဲ့ စစ်ဗိုလ်စစ်သားတွေဟာ ပိုအဆင်းရဲခံ ပိုစွန့်လွှတ် ပိုစွန့်စားကြတာ တွေ့နိုင် ပါတယ်။ ရာထူးမက်မောစိတ်ပဲ ရှိခဲ့ကြပါတယ်။

စစ်တပ်တွင်း စီးပွားရေး လုပ်ငန်းများကို ဗိုလ်နေဝင်း တဦးတည်းကသာ ကိုင်ထား တာဖြစ်လို့ တပ်တွင်း စီးပွားရေးသောင်းကျန်းမှု နည်းခဲ့တယ်။ ဒါပေမဲ့ ဗိုလ်နေဝင်း အနေနဲ့ မိမိနေရာ လုံခြုံရေးကို အမြဲပူပန်နေသူ ဖြစ်တာကြောင့် ဘယ်

စစ်ဗိုလ်ကို မှတနေရာမှာ ကြာကြာ မထားတာကြောင့်၊ စစ်ခေါင်းဆောင်ကောင်း မပေါ်နိုင်တော့။ တပ်တွင်းစည်းလုံးရေးပါ ထိခိုက်လာပြီး ပိုကြေးစားဆန် လာကြတယ်.။

(ရှစ်လေးလုံးအရေးအခင်းအပြီးအပေါ်ပေါက်လာတဲ့နဝတ–နအဖတပ်–များအခြေအနေ––)

၁၉၈၉ ခုနှစ်–ဗကပ ပြိုကွဲသွားပြီး လက်နက်ကိုင် အဖွဲ့များနဲ့ အပစ်အခတ် ရပ်စဲရေး သဘောသူညီချက်များ ရလိုက်ပြီးနောက်–စစ်တပ်အနေနဲ့ သင်ခန်းစာနှစ်ခု ရရှိလိုက်ပါတယ်။

၁။ သူပုန်အဖွဲ့များကို နှိမ်နှင်းရာမှာ စစ်ရေးနည်းအပြင် သူပုန်တပ်တွင်း ဖြိုခွဲရေး လုပ်ငန်းများကိုပါ ပူးတွဲလုပ်နိုင်ပါက ပိုမိုအကျိုးရှိကြောင်း။

၂။ သူပုန် အဖွဲ့များမှ ခေါင်းဆောင်များကို စီးပွားရေး အခွင့်အရေးများ ပေးပြီး ဖျက်ဆီးပစ်နိုင်ကြောင်း။

အဲဒီ သင်ခန်းစာများအရ ဆက်လက် လုပ်ဆောင်ရာမှာ စစ်တပ်အနေနဲ့ အတော်အောင်မြင်တာ တွေ့ရပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးဝါး မှောင်ခို သစ်တော သတ္တု သယံဇာတ ကျောက်မျက် ပင်လယ်ငါး မြေရှား လောင်းကစား ယခုနောက်ဆုံး အင်တာနက် ငွေလိမ်ဂိုဏ်း စတဲ့ လုပ်ငန်းများနဲ့ လုပ်ပိုင်ခွင့်များ လုပ်ခွင့်ပေးပြီး ဖျက်ဆီးပစ်တာပါ။

သဘာဝဓာတ်ငွေ့အများအပြားတူးဖော်ရရှိလိုက်တဲ့အတွက်လည်း စီးပွားရေးမှာ အတော် တည်ငြိမ်သွားအောင် ထိန်းလိုက်နိုင်ပါတယ်။

စစ်တပ်ကိုလည်း အများကြီး တိုးချဲ့ဖွဲ့စည်း နိုင်လိုက်ပြီး ပြည်တွင်းစစ်ကို တိုးချဲ့ဖို့ လက်နက်ကောင်းများလည်းတပ်ဆင်နိုင်ခဲ့ ပါတယ်။ နအဖ စစ်တပ်အနေနဲ့ ဒီလိုမရိုးသားတဲ့ (မှားယွင်းတဲ့) နည်းဗျူဟာတွေ သုံးနေတာကို တချို့လူမျိုးစု လက်နက်ကိုင်အဖွဲ့များက မြင်လာကြပြီး မိမိတို့ရဲ့အမှားများကို ပြင်ဆင်လာကြပါတယ်။ စစ်တပ်အနေနဲ့ကလည်း ငြိမ်းချမ်းရေး ယူထားတာကြာလာတော့ တိုက်ရည်ခိုက်ရည် ကျလာပါတယ်။

ဒ့ါအပြင် နအဖ စစ်တပ်ဟာ (မဆလတပ်လို မဟုတ်ဘဲ) စီးပွားရေးလည်း အပြိုင်အဆိုင် လုပ်ကြလို့ တပ်တွင်းစည်းလုံးရေး စည်းကမ်းထိန်းသိမ်းရေးများကအစ အကုန်လျော့ရဲလာပြီး တပ်တည်ဆောက်ရေး များမှာလည်း အားနည်း လာပါတယ်။

ဒါတွေအားလုံး စုပေါင်းလာရာမှာ ၂၀၂၁ မအလရဲ့ အာဏာသိမ်းပွဲ အပြီးမှာတော့ စစ်တပ်ရဲ့ကျရှုံးမှုဟာ မယုံကြည်ဖွယ်ရာ မြန်ဆန်လာတာ တွေ့ရပါတယ်။ အလံဖြူတလူလူထောင်ပြီး လက်နက်ချနေကြတဲ့ စစ်ဗိုလ်စစ်သားတွေ၊ အိမ်နီးနားချင်း နိုင်ငံတွေထဲ ဝင်းပြေးကြတဲ့ တပ်သားတွေ၊ တော်လှန်ရေးတပ်တွေက ဖမ်းဆီးရမိတဲ့ လက်နက်ပုံကြီးတွေ၊ –––မြင်ကွင်းတွေကတော့ စုံပါတယ်။ သြဂုတ်လ (၃) ရက်နေ့မှာတော့ လားရှိုးက စစ်တိုင်းကြီး ကျသွားပြီးနောက် သြဂုတ် (၅) ရက်မှာတော့ မအလက တိုင်းပြည်ကို မိန့်ခွန်း ပြောလာပါတယ်။


စစ်တပ်ရဲ့ လုပ်ရိုးလုပ်စဉ်တွေအတိုင်း မိမိအမှားကြောင့်ဖြစ်လာသမျှတွေကို တခြားလူတွေအပေါ် ပုံချပြီး တတိုင်းပြည်လုံးကို စိန်ခေါ်သွားတာပါပဲ။ တော်လှန်ရေးတပ်ဖွဲ့များ တဖြည်းဖြည်း စုစည်းလာနေပြီး ဟန်ချက်ညီလှုပ်ရှားလာနေမှု၊ လူမျိုးစု တပ်ဖွဲ့များ သွေးကွဲခြင်း မရှိဘဲ ညီညွတ်လာမှု၊ စစ်တပ်က သိမ်းဆည်းရမိတဲ့ လက်နက်များကိုတော်လှန်ရေး တပ်ဖွဲ့များအကြား ခွဲဝေသုံးစွဲလာနိုင်မှု၊ ဖမ်းမိတဲ့ သုံ့ပန်းများကိုကောင်းမွန်စွာ ဆက်ဆံပြီး ပြန်အသုံးချနိုင်မှု (ဖမ်းမိတဲ့ လက်နက်များ ကိုင်တွယ် အသုံးပြုရေး သင်ကြားပေးရေး) စတာစတာတွေဟာ ဒီစစ်တပ်ကြီးသိပ်မကြာခင် ပြိုလဲတော့မယ် ဆိုတာကို ပြသနေပါတယ်။

ဗမာတပြည်လုံးက ပြည်သူများကတော့ –မိမိတို့အားလုံးရဲဒုက္ခအဖုံဖုံရဲ့ အရင်းအမြစ်ဖြစ်တဲ့ ဒီစစ်တပ်နဲ့ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးကို ဆုံးခန်းတိုင် ဆင်နွှဲဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ ၁၉၆၂–ဇူလိုင် (၇) ရက်နေ့က စတင်ခဲ့တဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး တိုက်ပွဲစဉ်ကြီး တလျောက် အကြိမ်ကြိမ် ရှုံးနိမ့်ရမှုများအပေါ် ကောင်းကောင်းသင်ခန်းစာ ထုတ်ယူ ထားတဲ့ ဗမာပြည်သူတရပ်လုံးအနေနဲ့ ဒီတချီမှာတော့ ဒီဖက်ဆစ်စစ်တပ်ကို အမြစ်ဖြတ်ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို တစည်းတလုံးတည်းတည်ဆောက်ကြတော့မှာဖြစ်ပါတယ်။

**လှကျော်ဇော၊ ၁၁–၈–၂၀၂၄**

**သူပုန် အဖွဲ့များမှ ခေါင်းဆောင်များကို စီးပွားရေး အခွင့်အရေးများ ပေးပြီး ဖျက်ဆီးပစ်နိုင်ကြောင်း။**

# တော်လှန်တဲ့ သဘောတရားနဲ့
# ကျယ်ပြန့်တဲ့ တပ်ပေါင်းစု



နီအောင်ဝေ

အင်္ဂလိပ်–ဗမာ ပထမအကြိမ် စစ်ဖြစ်တော့ နှစ်နှစ်နီးပါး ကြာတယ်၊ ဒုတိယအကြိမ် ဖြစ်တော့ ကိုးလခွဲလောက် ကြာတယ်၊ တတိယအကြိမ်ဖြစ်တော့ သုံးပတ်လောက်ပဲ ကြာတယ်။ ဗမာကို တိုက်ရတာ တဆင့်ပြီးတဆင့် ပိုလွယ်လာတယ်၊ ရေမြေထီးနန်းလည်း တစတစနဲ့ ပိုပြီးတော့ ပဲ့ပါသွားတယ်။ ဒါပေမဲ့ တပြည်လုံး အင်္ဂလိပ်လက်အောက် ကျပြီးမှ ပေါ်လာတဲ့ အနယ်နယ် အရပ်ရပ်က ပြောက်ကျားစစ်က ၁၈၈၅ ခုနှစ်မှ ၁၈၉၅ ခုနှစ်အထိ ဆယ်နှစ်ကြာတယ်။

ပြောက်ကျားစစ်ကို နှိမ်နင်းရတာ ပိုခက်တယ်၊ ပိုကြာတယ်၊ အိန္ဒိယကနေ စစ်ကူ အမြောက်အမြား ခေါ်ပြီး နှိမ်နင်းယူရတာပါ။ ဗမာဘက်က လက်နက်ခဲယမ်း အခြေအနေက သိပေါ်ဘုရင် နန်းမကျခင်နဲ့ နန်းကျပြီးနောက်ပိုင်း ထူးပြီး မကွာခြားပါဘူး။ ပြောက်ကျား တော်လှန်ရေး ခေါင်းဆောင်တွေဟာလည်း အများစုက ပဒေသရာဇ် မင်းညီမင်းသားတွေပါပဲ။ ဒါပေမဲ့ ခေါင်းဆောင်မှု အရည်အချင်းနဲ့ တိုက်ပွဲဝင်စိတ်ဓာတ် ကွာခြားတယ်၊ နည်းပရိယာယ် ကွာခြားမှုတွေ ရှိတယ်။ အဆုံးသတ်မှာ ရန်သူက တပ်ကူခေါ်ပြီး သာလွန်အင်အားနဲ့ အနိုင်ယူသွားပေမဲ့ တော်လှန်ရေးဘက်က အခရာကျတဲ့ အားနည်းချက်တခု ရှိပါတယ်။ တပြည်လုံး အသွင်ဆောင်တဲ့ တပ်ပေါင်းစု မရှိတာပါ။ တော်လှန်ရေး အစုတွေက ကိုယ့်အစုနဲ့ကိုယ်တိုက်၊ ကိုယ့်နယ်မှာကိုယ် ဗိုလ်လုပ်တာက များတယ်။

လက်နက်အားကိုးပြီး နယ်ချဲ့ဖိနှိပ်လာတဲ့ ရန်သူကို လက်နက်နဲ့ အင်အားသုံးပြီး တုံ့ပြန်ရမယ်ဆိုတဲ့ မှန်ကန်တဲ့ အတွေးအခေါ်ကို ဆရာစံရဲ့ လယ်သမား သူပုန်ထမှုမှာ ပြန်တွေ့ရတယ်။ သူ့နည်းသူ့ဟန်နဲ့ သူတတ်သလို စည်းရုံး၊ တပ်ဖွဲ့ပြီး ရရာလက်နက်နဲ့ တိုက်တယ်။ အုပ်စိုးသူ နယ်ချဲ့အစိုးရက ပြင်းပြင်းထန်ထန် နှိမ်နင်းတယ်၊ ရက်ရက်စက်စက် ချေမှုန်း သတ်ဖြတ်တယ်။ ခေါင်းပြတ်တွေ တန်းစီပြတာပဲ ကြည့်ပါ။ အဲဒါက တော်လှန်ရေးနဲ့ အကြမ်းဖက် ခြိမ်းခြောက်ရေး မတူတဲ့ အချက်ကို ခွဲပြလိုက်တာပဲ။ ဗြိတိသျှ အကြမ်းဖက်အစိုးရက ဆရာစံရဲ့ လယ်သမားသူပုန်လို လက်နက်ကိုင် တော်လှန်တဲ့ သူပုန်တွေ ထပ်ပေါ်လာမှာကို မလိုလားဘူး။ ဒါကြောင့် လူထုအကြားမှာ ကြောက်စိတ် ကြီးထွားလာအောင် လုပ်တာပဲ။

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့လို မျိုးဆက်သစ် ပြည်ချစ်ခေါင်းဆောင်တွေ နိုင်ငံရေးစင်မြင့်ပေါ် တက်မလာခင် အချိန်မှာရော နောက်ပိုင်းမှာပါ နယ်ချဲ့သမားနဲ့ ပြေပြေလည်လည် ဆက်ဆံပြီး ဥပဒေတွင်းကနေ ရသလောက်လေး လွတ်လပ်ရေး ကြိုးပမ်းတဲ့ ပုဂ္ဂိုလ်တချို့၊ လှုပ်ရှားမှု တချို့ ရှိတယ်။ သူတို့က ရက်ဒီကယ် နိုင်ငံရေးသမားတွေ မဟုတ်ဘူး။ ရက်ဒီကယ် အတွေးအခေါ်ဖြစ်တဲ့ မာ့က်စ်ဝါဒ ဗမာပြည် ရောက်လာတော့မှ အဲဒီခေတ်က မျိုးဆက်သစ် သခင်ခေါင်းဆောင်တွေ ဒီဝါဒကို ဆုပ်ကိုင်မိပြီး လွတ်လပ်ရေး ကြိုးပမ်းတဲ့ ခေါင်းဆောင်မှုက ရက်ဒီကယ် ဖြစ်သွားသလို လူထုအကြားမှာပါ ရက်ဒီကယ် အတွေးအခေါ်၊ တော်လှန်တဲ့ အတွေးအခေါ်က တစတစနဲ့ ပြန့်ပွား ကြီးထွားလာတာ ဖြစ်တယ်။

တို့ဗမာအစည်းအရုံးရဲ့ အလံမှာ "ကဒေါင်း" ကနေ "တူတံစဉ်" ပြောင်းသွားတယ်။ သုံးရောင်ခြယ် သီချင်းမှာ အလံပြောင်းတဲ့အလိုက် အသံပါ လိုက်ပြောင်းတယ်။ တူတံစဉ်အကြောင်း ထည့်သွင်း စပ်ဆိုတယ်။ နဂါးနီ စာအုပ်တိုက် ပေါ်လာတာ၊ မာ့က်စ်ဝါဒ ဘာသာပြန် စာပေတွေ ပြန့်ပွားလာတာ စသဖြင့် တိုးတက်တဲ့ အတွေးအခေါ်ဟာ လူထုခေါင်းဆောင်တွေကြားမှာရော လူထုအကြားမှာပါ အခိုင်အမာ အမြစ်တွယ်လာတယ်။ ဗမာပြည်က မျိုးဆက်သစ် ခေါင်းဆောင်များဟာ အတွေးအခေါ် လွတ်လပ်တိုးတက်မှု ရှိတယ်။ တကယ်တော့

**တို့ဗမာအစည်းအရုံးရဲ့ အလံမှာ "ကဒေါင်း" ကနေ "တူတံစဉ်" ပြောင်းသွားတယ်။**



> **"မြင်းခွာတချက် ပေါက်ရင် မီး ဟုန်းဟုန်း တောက်စေရမယ်" ဆိုတဲ့စကားကို ကြည့်ရင် ရန်သူက အကြမ်းဖက်ပြီး အင်အားသုံး ဖိနှိပ်လာရင် အင်အားသုံးပြီး တုံ့ပြန်မယ်လို့ ရာဇသံ ပေးလိုက်တာပါ။**

အဲဒီတုန်းက ဗမာပြည်နိုင်ငံရေးနဲ့ အိန္ဒိယနိုင်ငံရေးက နှစ်အိမ့်တအိမ်လို အခြေအနေမျိုးပါ။ အတွေးအခေါ်၊ လမ်းစဉ်၊ ခေါင်းဆောင်မှုတွေမှာ အိန္ဒိယ နိုင်ငံကြီးက ဗမာပြည်အပေါ် လွယ်လွယ် လွှမ်းမိုးနိုင်တဲ့ ခေတ်ကာလပဲ ဖြစ်ပါတယ်။

အိန္ဒိယမှာ ဂန္ဒီ တန်ခိုးထွားတဲ့အချိန် ဖြစ်ပါတယ်။ လူအများကြည်ညိုလေးစားတာ ခံရပြီး အိန္ဒိယ လွတ်လပ်ရေး ကြိုးပမ်းမှုရဲ့ ခေါင်းဆောင်ကြီး၊ ဖခင်ကြီး ဖြစ်နေတဲ့အချိန်ပါ။ သူ့ရဲ့ အကြမ်းမဖက် အာဏာဖီဆန်ရေးတို့၊ ကိုလိုနီအစိုးရနဲ့ မပူးပေါင်းရေးတို့ဟာ အတော်ကို အရှိန်အဝါကြီးတဲ့ လှုပ်ရှားမှုတွေပါ။ (ဗမာပြည်မှာ ဗမာပြည် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို စာသင်ကျောင်းတွေမှာ သင်ကြရသလိုပဲ အိန္ဒိယမှာလည်း သင်ကြရပါတယ်။ အိန္ဒိယက ကျောင်းသားလေးတွေက အကြမ်းမဖက် အာဏာဖီဆန်ရေးကို (CDM)၊ နယ်ချဲ့သမားနဲ့ မပူးပေါင်းရေး လှုပ်ရှားမှုကို (NCM) ဆိုပြီး လွယ်လွယ် မှတ်ကြတယ်။) ဂန္ဒီက ဗြိတိသျှ အစိုးရယန္တရားမှာ အလုပ်အကျွေးပြုနေတဲ့ အိန္ဒိယလူမျိုးတွေ သပိတ်မှောက်ရင် ကိုလိုနီအုပ်ချုပ်ရေး ယန္တရား ပြိုသွားမယ်လို့ ယူဆတယ်။ လူသားချင်းဖြစ်တဲ့ ပဋိပက္ခမှာ မေတ္တာတရား လက်ကိုင်ထားပြီး ဖြေရှင်းရင် ရနိုင်မယ်လို့ ထင်တယ်။

လူတန်းစား ရန်သူရဲ့ သဘောသဘာဝကို နားမလည်ဘူး။ အုပ်စိုးသူအစိုးရဆိုတာ အစုအဖွဲ့နဲ့ အာဏာရှင်စနစ် ကျင့်သုံးတဲ့ ရန်သူဆိုတာကို သူမမြင်ဘူး။ ဒ့ါအပြင် သူ့မှာ ဖောက်ပြန်တဲ့ လူတန်းစား ရပ်တည်ချက်လည်း ရှိနေတယ်။ ဒီလိုအကြောင်းအချက်တွေကြောင့် သူ့ လှုပ်ရှားမှုတွေ ရလဒ်မကောင်းဘူး၊ အဖျားရှူးကုန်တယ်။ ဒါကို ဗမာပြည်က တိုးတက်တဲ့ သခင်ခေါင်းဆောင်တွေ ကောင်းကောင်းသိပါတယ်။

သခင်ဗဟိန်းက ဂန္ဒီရဲ့ ဖောက်ပြန်တဲ့ လူတန်းစား ရပ်တည်ချက်၊ နယ်ချဲ့သမားရဲ့ အင်အားသုံး ဖိနှိပ်မှုကို ငုံ့ခံရေး၊ မတုံ့ပြန်ရေး အတွေးအခေါ်နဲ့ သူ့နောက်လိုက် လူထုရဲ့ ရက်ဒီကယ်ဆန်တဲ့ တုံ့ပြန်ဟန်တွေကြားက ပဋိပက္ခကို ချပြပါတယ်။ "ဂန္ဒီစစ်တမ်း" ဟာ အိန္ဒိယမှာ ဂန္ဒီက ဘယ်လောက်ပဲ ပေါ်ပြူလာ ဖြစ်နေပါစေ၊ ဩဇာကြီးနေပါစေ ဗမာပြည်က တိုးတက်တဲ့ သခင်ခေါင်းဆောင်များရဲ့ အတွေးအခေါ် လွတ်လပ်မှု၊ လောင်းရိပ်ကင်းမှုကို ထင်ရှားတဲ့ ပြသချက်တခုပါပဲ။ ဂန္ဒီရဲ့ အာဏာဖီဆန်ရေးနည်းနာနဲ့ နယ်ချဲ့အစိုးရကို ဖြုတ်မချနိုင်ဘူးဆိုတာ သခင်ဗဟိန်းတို့ မျိုးဆက်က ကောင်းကောင်း နားလည်ပါတယ်။ ဒါပေမဲ့ အကြမ်းမဖက်ဆန္ဒပြတာ၊ သပိတ်မှောက်တာတွေကို လုံးဝ မပစ်ပယ်ပါဘူး။ ဒါကြောင့် ကျောင်းသားသပိတ်၊ အလုပ်သမား၊ လယ်သမား သပိတ်တွေကို ဆင်နွှဲခဲ့ကြတာပါ။ ရန်သူရဲ့ ဖိနှိပ်တဲ့ ပုံစံကို လိုက်ပြီး တိုက်ပွဲသဏ္ဌာန် ပြောင်းရမယ်ဆိုတာကို သခင်ခေါင်းဆောင်တွေ နားလည်ပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကာလ သခင်ဗဟိန်းရဲ့ သမိုင်းဝင်ကြွေးကြော်သံဟာ တိုက်ပွဲ သဏ္ဌာန် အပြောင်းအလဲကို ဖော်ပြချက် ဖြစ်ပါတယ်။ "မြင်းခွာတချက် ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်" ဆိုတဲ့စကားကို ကြည့်ရင် ရန်သူက အကြမ်းဖက်ပြီး အင်အားသုံး ဖိနှိပ်လာရင် အင်အားသုံးပြီး တုံ့ပြန်မယ်လို့ ရာဇသံ ပေးလိုက်တာပါ။ အဲဒီလို တော်လှန်တဲ့ သဘောတရားကို စိုက်ထူထားလို့ ဗမာပြည်ကွန်မြူနစ်ပါတီကို ထူထောင်ပြီးနောက်ပိုင်းမှာ နိုင်ငံတကာ့ အခြေအနေနဲ့ ပြည်တွင်း အခြေအနေများကို အခိုင်အမာဆက်စပ် ခွဲခြမ်းစိတ်ဖြာနိုင်ပြီး ခေတ်မီ တပ်မတော် ဖွဲ့စည်းရေးနဲ့ နောက်ဆက်တွဲ ဖက်ဆစ်ဂျပန်တော်လှန်ရေး လုပ်ငန်းများကို အခိုင်အမာ လုပ်ကိုင်နိုင်ခဲ့ပါတယ်။

ဗမာပြည် လွတ်လပ်ရေး ကြိုးပမ်းမှုရဲ့ အရေးပါတဲ့ ခေါင်းဆောင်တွေကို ကြည့်လိုက်ရင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းနဲ့ သခင်ဗဟိန်းတို့ သုံးယောက်ကို အမြဲတမ်း တပူးတွဲတွဲ တွေ့ရနိုင်တယ်။ ဒီခေါင်းဆောင်တွေက မှန်ကန်တဲ့ အတွေးအခေါ်ကို ဆုပ်ကိုင်နိုင်တဲ့အပြင် အဖိနှိပ်ခံ လူမျိုးပေါင်းစုံတွေ ပါဝင်တဲ့ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကိုလည်း ထူထောင်နိုင်ခဲ့တယ်။ သီပေါမင်း ပါတော်မူစတော်လှန်ရေးနဲ့ လွတ်လပ်ရေး မရမီကာလ တော်လှန်ရေးမှာ အဓိက ကွာခြားချက်က တပြည်လုံး အသွင်ဆောင်တဲ့ တပ်ပေါင်းစုတရပ် (ဖတပလ–ဖဆပလ) ကို ထူထောင်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ ထိပ်တန်း ခေါင်းဆောင်နှစ်ဦး ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ရဲ့ လုပ်ဟန်တွေ၊ တာဝန်ခွဲဝေပုံတွေကို ကြည့်ရင် အင်မတန် အတုယူစရာကောင်းတဲ့၊ သူတို့ရဲ့ ပြည့်ဝတဲ့ လုပ်ဟန်တွေကို တွေ့ရမှာ ဖြစ်တယ်။ ပုဂ္ဂလိက မာန်မာနကင်းသူ၊ အတ္တကင်းသူတွေ ဖြစ်လို့ အရေးပါတဲ့ ခေါင်းဆောင်မှုကို ဟန်ချက်ညီညီ တာဝန်ယူသွားနိုင်တာ ဖြစ်ပါတယ်။

.................................**နီအောင်ဝေ**

# နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းနဲ့
## ပတ်သက်တဲ့ အတွေးစများ .....

ရဲဘော်အောင်လွင်



(၁)

ကျွန်တော်တို့နဲ့ တချိန်တည်း တခေတ်တည်း လက်နက်ကိုင်တော်လှန်ရေးထဲရောက်ပြီး ၈၉ နယ်စပ်အရေးအခင်းကြောင့် သေလောက်တဲ့ ဒဏ်ရာရခဲ့တဲ့ ပါတီကို ပြန်လည်အသက်ရှင်သန်ရေး၊ ပါတီ အလံမလဲရေးအတွက် တောက်လျှောက်အတူ တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော်ချစ်အောင်ဟာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့က ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်။ သူမကွယ်လွန်ခင်မှာ ကျွန်တော့ဇနီး (၄၈–၄၉) တော်လှန် ရေးမျိုးဆက်၊ ရဲဘော်ဆရာမကြီး (ရဲဘော်ငွေ) ကွယ်လွန်ခြင်း (၂) နှစ်ပြည့်အထိမ်းအမှတ် စာအုပ်မှာ သူက “၇၉ ပါတီလမ်းစဉ် အစည်းအဝေးကာလမို့ ဗဟိုကော်မတီ စုံစုံညီညီနဲ့လည်း ဆုံတွေ့ခွင့်ရကြပါတယ်”လို့ ရေးထား ပါတယ်။

ဟုတ်ပါတယ်။ အခုတော့ အဲဒီ ၇၅ ဗဟိုကော်မတီဝင်များဖြစ်ကြတဲ့ ဗမာပြည် ၁၃၀၀ ပြည့်အရေးတော်ပုံမှ မွေးဖွားပေးလိုက်တဲ့ ပထမ မျိုးဆက် တော်လှန်ရေး သမားကြီး အများတကာ့ အများစုဟာ သူတို့ရဲ့ ဘ၀ တသက်တာကို ရာသက်ပန် တော်လှန်ရေးသမားကြီးများ အဖြစ်ခံယူရင်း ကျွန်တော်တို့ရှေ့မှာ စံနမူနာ စိုက်ထူပြ သွားခဲ့ကြပါပြီ။ တချိန်တည်းမှာလည်း သူတို့ဟာ တော်လှန်ရေးအကွေ့အကောက် အတက်အဆင်း အမျိုးမျိုးမှာ မတူတဲ့ အတွေးအခေါ် အမြင်များကို ထိန်းသိမ်းကာ ပါတီကိုယုံကြည်ပြည်သူကို ယုံကြည်၊ ဒီအရင်း ခံမူ (၂) ရပ်ကို ဆုပ်ကိုင်ရင်း၊ ပါတီရဲ့ သံမဏိစည်းကမ်းဖြစ်တဲ့ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို နာခံတဲ့ သူတို့ရဲ့ ပါတီစိတ်ဓာတ်ကို ပြသွားခဲ့ပါပြီ။

**“တပါတီလုံး သွေးစည်းညီညွတ်ပြီး တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ ခိုင်ခိုင် နောက်ဆုံး အောင်ပွဲရတဲ့အထိ ဆက်လက်တိုက်ပွဲဝင်ကြ” ဆိုတဲ့ တော်လှန်ရေး အခြေ အနေ သုံး သပ် ချက်**

၇၅ ဗဟို ခေါင်းဆောင်များအပါအဝင် ဗဟိုခေါင်းဆောင် အဆက်ဆက်ရဲ့ ကျွန်တော်တို့ ရှေ့မှာ “ရာသက်ပန် တော်လှန်ရေးသမားအဖြစ် ခံယူ၊ အသက်ပေး စွန့်လွှတ်သွားမှုတွေ”၊ “ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို နာခံကာ၊ တော်လှန်ရေး အကွေ့အကောက် အတက်အဆင်း အမျိုးမျိုးမှာ ပါတီကို ဖက်တွယ်ခဲ့ကြတဲ့ သူတို့ရဲ့ ပါတီ စိတ်ဓာတ်တွေ” ဟာ ဒီကနေ့ ဒီကာလမှာ ကျွန်တော်တို့တတွေရဲ့ ခန္ဓာကိုယ်မှာ အသွေးအသားအဖြစ် ပူးဝင်ရောက်ရှိရှင်သန်နေပြီး ပါတီအလံကို ဒိထက် မြင့်သထက် မြင့်မားစွာ လွှင့်ထူနိုင်ရေး ကြိုးပမ်းအားထုတ် နေကြပါတယ်။ တနည်းပြောရရင် ကျွန်တော်တို့ဟာ ဒီပထမ မျိုးဆက် အပါအဝင် ကျွန်တော်တို့ရှေ့က မျိုးဆက်များက လက်ဆင့်ကမ်းခဲ့တဲ့ “ရာသက်ပန် တော်လှန်ရေးသမား စိတ်ဓာတ်”နဲ့ “ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု သံမဏိစည်းကမ်းကို နာခံတဲ့ ပါတီစိတ်ဓာတ်” ဆိုတဲ့ အဖိုးမဖြတ်နိုင်တဲ့ တော်လှန်ရေး အမွေများကို ပွေ့ပိုက်ပြီး ချီတက်နေကြတာဖြစ်ပါတယ်။

(၂)

အထက်ဖော်ပြပါ တော်လှန်ရေးစိတ်ဓာတ်များကို စိုက်ထူပြီး ကျွန်တော်တို့အား တော်လှန်ရေး အမွေ လက်ဆင့်ကမ်းခဲ့သူတွေထဲမှာ ၇၅ ဗဟိုကော်မတီဝင်များအနက် တဦးဖြစ်တဲ့ ရဲဘော်စိုးသိမ်း ခေါ် ရဲဘော်ချစ်သိန်း ခေါ် ရဲဘော်လင်ထင် (တရုတ်နာမည်) လည်း တဦးဖြစ်ပါတယ်။

“ရန်သူအပေါင်း ကြောက်ဒူးတုန်ပါစေ၊ ပြည်သူအပေါင်း ရွှင်လန်းအားတက်ပါစေ”ဆိုတဲ့ ကြွေးကြော်သံနဲ့ ၇၀ ခုနှစ်များကနဦးက အသံလွှင့်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရဲ့အာဘော် “ဗမာပြည် ပြည်သူ့ အသံ”ကို နားဆင်၊ နာခံရင်း ကျွန်တော်တို့ မျိုးဆက်ဟာ လူလားမြောက်ကြီးပြင်းခဲ့တဲ့ မျိုးဆက်ဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် ကျွန်တော့ရင်ထဲမှာ ပြည်သူ့အသံရဲ့ လိုအပ်ချက်အကြောင်း တမျိုးမျိုးကြောင့် အထူး ထုတ်လွှင့်မှုမျိုးတွေကို ဒီနေ့အထိ ထူးထူးခြားခြား သတိရနေဆဲလို့ ဆိုချင်ပါတယ်။ ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်၊ ပဲခူးရိုးမ၊ တနေရာမှာ ရန်သူ့လက်ချက်ကြောင့် ဥက္ကဋ္ဌသခင်ဇင်နဲ့ အတွင်းရေးမှူး သခင်ချစ်တို့ နှစ်ဦး ကျဆုံးသွားတော့ ဖောက်ပြန်ရေးထိပ်သီး ဗိုလ်နေဝင်းဦးဆောင်တဲ့ မဆလ စစ်အစိုးရက “ဗမာပြည် ကွန်မြူနစ်ပါတီ မရှိတော့ဘူးလိုလို” လိမ်ညာဝါဒဖြန့်လာပါတယ်။ အဲဒီ လိမ်ညာမှုကို ဖွင့်ချတဲ့အနေနဲ့ ၁၉၇၅ ခုနှစ်၊ မေလ ၁၆ ရက်မှာ သခင်ဗသိန်းတင်က ရန်သူကို တုံ့ပြန်ရင်း “တပါတီလုံး သွေးစည်းညီညွတ်ပြီး တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခိုင်ခိုင် နောက်ဆုံးအောင်ပွဲရတဲ့အထိ ဆက်လက်တိုက်ပွဲဝင်ကြ” ဆိုတဲ့ တော်လှန်ရေး အခြေအနေ သုံးသပ်ချက်နဲ့ ကြွေးကြော်သံ သဘောဆောင်တဲ့ မိန့်ခွန်းတရပ် ထုတ်လွှင့် လိုက်ပါတယ်။ မိန့်ခွန်း နဲ့အတူ ၇၅ ဗဟိုကော်မတီ၊ အရန် ဗဟိုကော်မတီ အဖွဲ့ဝင်စာရင်း စုစုပေါင်း (၂၉) ဦးနဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ ဝင် (၇) ဦးစာရင်း တို့ကို ကြေညာပါတယ်။ အဲဒီ ကြေညာချက်အရ အရန် ဗဟိုကော်မတီ အမည်စာရင်း ကြေညာချက်ထဲက “ရဲဘော်စိုးသိမ်း” ဆိုတဲ့ အမည်ဟာ ကျွန်တော့ အာရုံထဲမှာ အမှတ်ထင်ထင် ရှိနေခဲ့တာပါ။ အမှန်တကယ်တော့ အဲဒီတုန်းက ဗဟိုကော်မ တီစာရင်း တခုလုံးကို အခုထိလည်း အလွတ်ရနေဆဲပါ။ ဒါကြောင့် ရဲဘော်စိုးသိမ်းဆိုတဲ့ ဒီနာမည်ဟာ လူမတွေ့ခင်ကတည်းက ရင်ထဲမှာ ရင်နှီးနေတဲ့ ရှိနေခဲ့တဲ့ အမည်ပါလို့ ပြောလိုက်ချင်ပါတယ်။

(၃)

ကျွန်တော်ဟာ ပါတီရဲ့ မြေအောက်အဖွဲ့ဝင် တဦးပါ။ သစ္စာဖောက်တဦးကြောင့် ၁၉၇၈ စက်တင်ဘာလထဲမှာ နေအိမ်မှ ရှောင်တိမ်းကာ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေး ဒေသထဲ ခြေစုံပစ်ဆင်းလာ ခဲ့သူတဦး ဖြစ်တယ်။ ကဗျာဆရာကြီး တင်မိုး၊ ကဗျာဆရာကြီး မောင်စွမ်းရည်တို့ရဲ ဆက်သွယ်ပေးမှုနဲ့ တောင်ကြီးရှိ ပါတီမြေအောက် အဆက်အသွယ်ဖြင့် ရှမ်းပြည်တောင်ကြီး၊ ဗထူး၊ ရပ်စောက်ဘေးနားရှိ ၁၀၈ စစ်ဒေသလို့ ခေါ်တဲ့ ပါတီရဲ့ ပြောက်ကျားဒေသတခုကို ဦးစွာ ရောက်ရှိတာပါ။ အဲဒီမှာ နှစ်ဝက်လောက် ဖြတ်သန်းပြီးမှ ပါတီဗဟို ဌာနချုပ်ရှိရာ အရှေ့မြောက်စစ်ဒေသ၊ ပန်ဆန်းကို ရောက်ပါတယ်။ ရောက်ပြီး တပတ်ခန့်အကြာမှာ ဗဟိုစခန်းတခုဖြစ်တဲ့ စပယ်တောစခန်းမှ စာရေးဆရာ နိုင်ဝင်းဆွေ၊ ရဲဘော်ညိုမြင့်တို့နဲ့အတူ အရှေ့မြောက်စစ်ဒေသက တိုက်ရိုက် စီမံအုပ်ချုပ်တဲ့ တပ်ပေါင်းစု လုပ်ငန်းကို သွားရောက်လုပ်ကိုင်ဖို့ တာဝန်ပေးပါတယ်။ ဒီလုပ်ငန်းအတွက် ကျွန်တော်တို့ ၃ ယောက်၊ စစ်ဒေသ ဌာနချုပ်ရှိ ရဲဘော်စိုးသိမ်းထံ သွားရောက်တွေ့ဆုံဖို့လည်း စခန်းက ညွှန်ပြပေးလိုက်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ (၃) ဦးသား ရဲဘော်စိုးသိမ်းကို သွားရောက်တွေ့ဆုံ ပါတယ်။ ဒီ (၃) ယောက်အနက် ကျွန်တော်က ပန်ဆန်းကို နောက်ဆုံးမှ ရောက်သူဖြစ်လို့ ရဲဘော်စိုးသိမ်းကို နာမည်



အရ သိနေပေမဲ့ လူကိုမသိသေးပါဘူး။ ဒါကြောင့် သူတို့နှစ်ယောက် ဦးဆောင်မှုနဲ့ ရဲဘော်စိုးသိမ်း နေထိုင်ရာ အရှေ့မြောက်စစ်ဒေသ ဌာနချုပ်ဖြစ်တဲ့ တိုက်ခန်းဖြူဖြူလေးတွေရှိရာဘက်ကို ထွက်လာခဲ့ကြတယ်။ အဲဒါ ၁၉၇၉ ခုနှစ် မေလထဲက ရက်တရက်လို့သာ မှတ်မိလိုက်ပြီး အတူလာသူ နှစ်ဦးက ကျွန်တော်တို့ လာရင်းအကြောင်းနဲ့ ကျွန်တော့်ကို ရဲဘော် စိုးသိမ်းနဲ့ မိတ်ဆက်ပေးပါတယ်။

ဒါ ရဲဘော်စိုးသိမ်းနဲ့ ကျွန်တော် စတင်တွေ့ဆုံ သိကျွမ်းခွင့်ရလိုက်ခြင်း ပါပဲ။ အဲဒီတုန်းက ရဲဘော်စိုးသိမ်းဟာ အရှေ့မြောက် စစ်ဒေသ ပါတီကော်မတီဝင် တဦးဖြစ်သလို စစ်ဒေသ ပါတီကော်မတီ ဒုအတွင်းရေးမှူးဖြစ်လို့ စစ်ဒေသရဲ့ ဒုနိုင်ငံရေးမှူး တာဝန်ကို ထမ်းဆောင်ပါတယ်။ အဲဒီလို စတွေ့မိကတည်းက နိုင်ငံရေးမှူးဆိုတဲ့ တာဝန်အရ အခေါ်အဝေါ်ကိုပဲ သုံးစွဲခေါ်ဝေါ်ခဲ့တာ နောက်ဆုံးအထိ ဒီအခေါ်အဝေါ်ကိုပဲ မြတ်မြတ်နိုးနိုး သုံးစွဲခဲ့တာပါ။ ဒါ ရဲဘော်စိုးသိမ်းနဲ့ စတင်တွေ့ဖူးတာဖြစ်သလို ကျွန်တော့် နိုင်ငံရေးဘဝမှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတဦးရဲ့ တိုက်ရိုက်ခေါင်းဆောင်မှုနဲ့ တော်လှန်ရေး လုပ်ငန်းတာဝန်ကို စတင်လုပ်ကိုင်ခွင့် ရလိုက်ခြင်းပါပဲ။ လုပ်ငန်းကတော့ ထိုင်းနယ်စပ်မှာ လှုပ်ရှားနေတဲ့ "ပူကျောင်းလုံ ခေါင်းဆောင်တဲ့ လားဟူတပ်ဖွဲ့" ကို နိုင်ငံရေး ပညာပေးရေး ရက်တိုသင်တန်းပါပဲ။ အခိုင်အမာကတော့ အဲဒီ လားဟူတပ်ဖွဲ့က ရဲဘော်များနဲ့အတူနေ၊ အတူစား၊ အတူအိပ်ကာ သူတို့နဲ့အတူ နိုင်ငံရေးမှူးရဲ့ နိုင်ငံရေးသင်တန်း ပို့ချချက်များကို အတူနားထောင်၊ သူတို့ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးရေး လုပ်ငန်းပဲ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကို ပါဝင် လုပ်ကိုင်ခွင့် ရပြီးနောက်မှာ နိုင်ငံရေးမှူးနဲ့ တစတစ ပိုမိုရင်းနှီးကျွမ်းဝင် လာခဲ့ပါတယ်။

ဒီလိုနဲ့ ရဲဘော်စိုးသိမ်းဟာ စစ်ကိုင်းဇာတိ အညာသားဖြစ်တယ်ဆိုတာ သိခွင့်ရရှိလိုက်ပါတယ်။ အညာသားဆိုပေမဲ့ အသားညိုညို မဟုတ်ပါဘူး။ အသားလတ်လတ် ပါးဖောင်းဖောင်း မျက်နှာဝိုင်းဝိုင်း ဆံပင်ပါးပါးနဲ့ တခေါင်းလုံး ဖွေးနေသူပါ။ အသက် ၅၀ ဝန်းကျင်လောက်လို့ ဆိုနိုင်ပြီး သွက်သွက်လက်လက် လှုပ်ရှားလုပ်ကိုင်နေ တဲ့ ကာလတွေလို့ ပြောနိုင်ပါတယ်။ နိုင်ငံရေးမှူးဟာ ပြည်သူ့တပ်မတော်သား ယူနီဖောင်းရဲ့ အတွင်းခံ ရှပ်အင်္ကျီ အစိမ်းရောင်အပါးကို ဝတ်လေ့ရှိပြီး မျက်မှန်ခပ်ဝိုင်းဝိုင်းကို တပ်ဆင်လေ့ရှိပါတယ်။ ဟိတ်ဟန်မရှိဘဲ အနေအထိုင် အထိုင် အလွန်ရိုးစင်းပြီး လယ်သမားတယောက်ပုံ ပေါက်နေပါတယ်။

အဲဒီကာလ သင်တန်းလုပ်တဲ့ နားလေ့ရွာနဲ့ နိုင်ငံရေးမှူး နေတဲ့ ဌာနချုပ်ဟာ အနည်းဆုံး နာရီဝက်ကျော်ကျော် လျှောက်ရမယ် ထင်ပါတယ်။ ၇၉ လမ်းစဉ် အစည်းအဝေးကလည်း မပြီးသေး၊ တပ်ပေါင်းစု သင်တန်းတွေကလည်း များဆိုတော့ ဗဟိုခေါင်းဆောင်တွေ အလုပ်များနေတဲ့ ကာလပါ။ မနက် အစည်းအဝေးသွားပြီး နေ့ခင်းဘက် မှာ နိုင်ငံရေး သင်တန်း လာပေးရတာပါ။ အဲဒီလို လာပေးဖို့အတွက် နိုင်ငံရေးမှူးဟာ ကြယ်နီတပ်ထားတဲ့ ပြည်သူ့ တပ်မတော်သား ဦးထုပ်ကလေး ဆောင်းပြည်သူ့ တပ်မတော်သား ယူနီဖောင်းဝတ်ပြီး ပခုံးပေါ် တပ်မတော်သားသုံး တဘက်ဖြူဖြူလေးတင် စစ်သုံး ဘေးလွယ်အိတ်ကလေး လွယ်ပြီး သူ့ကိုယ်ရံရဲဘော်လေးနဲ့အတူ သင်တန်းကာလ တလျှောက်လုံး လမ်းလျှောက်လာလေ့ရှိပါတယ်။ သင်တန်းပို့ချချိန်မှာ လားဟူတပ်သားများနဲ့အတူ ကျွန်တော်တို့ ၃ ယောက်လည်း အတူသင်တန်း တက်ရပါတယ်။ ကျွန်တော်တို့အဖို့ လက်တွေ့နိုင်ငံရေး သင်တန်း တက်ခွင့်ရသလို လက်တွေ့နိုင်ငံရေးကို စတင်ထိတွေ့ရခြင်းလို့ ပြောနိုင်ပါတယ်။ ရက်သတ္တနှစ်ပတ်လောက် သင်တန်းကာလ ပြီးသွားတဲ့နောက် ကျွန်တော်လည်း နောက်ထပ် ဗိုလ်ချုပ်ဆေထင် ခေါင်းဆောင်တဲ့ SSA တပ် ပေါင်းစုလုပ်ငန်းကို ရောက်သွားပြီး နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းနဲ့ အချိန်တပိုင်း အဆက်ပြတ်သွားပါတယ်။

**ကျွန်တော်တို့အဖို့ လက်တွေ့ နိုင်ငံရေး သင်တန်း တက်ခွင့်ရသလို လက်တွေ့ နိုင်ငံရေးကို စတင်ထိတွေ့ ရခြင်းလို့ ပြောနိုင်ပါတယ်။**

**အဲဒီတိုက်ပွဲစဉ် တခုလုံးကို နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်း၊ ရဲဘော်ဦးတင် (ဗိုလ်ကျော်ဇော) နဲ့ ရဲ ဘော်သန်းလွင်ထွန်းတို့ သုံးယောက် ဦးစီးကွပ်ကဲခဲ့တာ ဖြစ်တယ်။**

၁၉၇၉ ခုနှစ်ဟာ အရှေ့မြောက် လွတ်မြောက်ရေး အခြေခံဒေသအဖို့ပြောရင် ထူးခြားတဲ့ နှစ်တနှစ်ပါ။ ဗမာပြည်ကွန်မြူနစ်ပါတီ အနှစ် ၄၀ ပြည့်မြောက်တဲ့နှစ် ဖြစ်ပါတယ်။ ပါတီရဲ့ ၇၉ လမ်းစဉ် ထွက်ပေါ်လာပြီးနောက် ဗဟိုကော်မတီအတွင်း လုပ်ငန်းတာဝန် ခွဲဝေမှုအသစ်လည်း ထွက်ပေါ်လာတယ်။ တာဝန်ခွဲဝေမှုအရ ရဲဘော်စိုးသိမ်းဟာ တပ်မ ၄၈ ရဲ့ နိုင်ငံရေးမှူး ဖြစ်လာတယ်။ အဲဒီနှစ် နိုဝင်ဘာမှာ (၄၈) က စတင်ခဲ့တဲ့ ပြည်တွင်းစစ်အတွင်း အကြီးဆုံးထိုးစစ်လို့ ဆိုရမယ့် "မင်းရန်အောင်" ထိုးစစ်ဆိုတဲ့အမည်နဲ့ ထိုးစစ်ကြီးတခု '၀' တောင်ခရိုင် မော်ဖဒေသ ဘက်ကို ထိုးစစ်ဆင်လာပါတယ်။ ရန်သူ့စစ်ကြောင်းတခုလုံးကို ချေမှုန်းပစ်လိုက်တဲ့ "မန်ခါ" တိုက်ပွဲနဲ့ အဲဒီထိုးစစ် ရဲ့အရှိန်ကို ပါတီခေါင်းဆောင်တဲ့ ပြည်သူတပ်မတော်များက ရိုက်ချိုးပစ်လိုက်ပါတယ်။ တဆက်တည်းမိမိရဲ့ တိုက် ပွဲအရှိန်ကို ဆက်လက်မြှင့်တင်ရေးအတွက် ပန်ယန်းဒေသ "ကောင်းလင်း–ကောင်းလန်း တိုက်ပွဲစဉ်" ကို အကောင် အထည်ဖော်ခဲ့တယ်။ အဲဒီတိုက်ပွဲစဉ် တခုလုံးကို နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်း၊ ရဲဘော်ဦးတင် (ဗိုလ်ကျော်ဇော) နဲ့ ရဲ ဘော်သန်းလွင်ထွန်းတို့ သုံးယောက် ဦးစီးကွပ်ကဲခဲ့တာ ဖြစ်တယ်။ အဲဒီတိုက်ပွဲစဉ်မှာ ရဲဘော်သန်းလွင်ထွန်း ဦးစီးတဲ့ လူထုစည်းရုံးရေး လုပ်ငန်းကို ပါဝင်လုပ်ကိုင် ဆောင်ရွက်ရင်း ရှေ့တန်းဦးစီးကွပ်ကဲရေးရုံးမှာ နေ့မအားညမနား နိုင်ငံရေး၊ စစ်ရေးသတင်းတွေ သုံးသပ်တိုက်ပွဲတခုလုံးကို ဦးစီးကွပ်ကဲနေတဲ့ နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းနဲ့ ကျွန်တော် ပြန်လည်လုပ်ကိုင်ခွင့် ရရှိခဲ့ပြန်ပါတယ်။ မကြာလိုက်ပါဘူး။

၁၉၈၁ ခုနှစ်မှာ တပ်မ ၄၈ ရဲ့ နောက်တန်း ဌာနချုပ်ဟာ ပန်ဆန်းဘေး ဟတ်ကျုံးမှာ အခြေစိုက်ပါတယ်။ အဲဒီကာလ တပ်မရုံးအုပ်ဟာ ရဲဘော်ခိုင်အောင် (ကိုကျော်ဇောဦး) လုပ်နေတဲ့ကာလ ဖြစ်ပါတယ်။ တပ်မရဲ့ ရန်သူ့သတင်း ထောက်လှမ်းရေး အဖွဲ့မှာ တာဝန်ယူ လုပ်နေတဲ့ ကာလဖြစ်ပါတယ်။ တပ်မရဲ့ ရန်သူ့သတင်း ထောက်လှမ်းရေး အဖွဲ့မှာ တာဝန်ယူ လုပ်ဆောင်နေတဲ့ ရဲဘော်လေးမောင် (ကျဆုံး) တို့နဲ့အတူ အရှေ့မြောက်စစ်ဒေသရဲ့ သတင်း ထောက်လှမ်းရေး လုပ်ငန်းရဲဘော်တယောက် အဖြစ်နဲ့ သွားရောက် လုပ်ကိုင်ပါတယ်။ အဲဒီ ၈၁ သင်္ကြန်ကို တပ်မရုံးဘေးက လယ်ကွက်ထဲမှာ ကောက်ရိုးမဏ္ဍပ်ထိုးပြီး ကျင်းပခဲ့တယ်။ အဲဒီသင်္ကြန်ပွဲကျင်းပရာ ဟတ်ကျုံးနဲ့ နီးတဲ့ အရှေ့မြောက်စစ်ဒေသဆေးရုံနဲ့ ဗဟိုဆေးကျောင်းမှ ရဲဘော်တွေကို ဦးဆောင်ကာ ဆရာမကြီး ရဲဘော်ငွေနဲ့ ရဲဘော် ရှုယဉ်တို့အဖွဲ့များ



ရောက်လာလို့ တော်လှန်ရေးသီချင်းတွေ ဆိုကြ က,ကြနဲ့ မို့ သင်္ကြန်ပွဲဟာ စည်စည်ကားကား ဖြစ်လာပါတယ်။ သူတို့က နိုင်ငံရေးမှူးကို က,ပြဖို့တောင်းဆိုတော့ နိုင်ငံရေးမှူးလည်း ရဲဘော်အားလုံးရဲ့ တောင်းဆိုချက်ကို လက်ခံက,ပြပါတယ်။ တော်လှန်ရေးသီချင်းကို ဝိုင်းဆိုပေးတော့ သီချင်းကလည်း မြိုင်မြိုင်ဆိုင်ဆိုင်၊ နိုင်ငံရေးမှူးကလည်း အိုးစည်က –ကသလို အယိုင်က မြိုင်မြိုင်လေး က,ပြသွားတဲ့ မြင်ကွင်းဟာ မျက်စိထဲက ဒီနေ့အထိ မထွက်ဘူး။ ပြန်စဉ်းစားလိုက်တော့ မနေ့တနေ့က အဖြစ်အပျက်များလို ခံစားနေရဆဲပါပဲ။ အဲဒီနောက်တော့ နိုင်ငံရေးမှူးလည်း တပ်မ ၄၈ ရဲ့ တာဝန်အရ ပန်ဆန်းကနေ မြောက်ပိုင်းဇုန်ရှိကို ထွက်ခွာသွားခဲ့လို့ မဆုံဖြစ် တော့ပါဘူး။

(၄)

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလမှာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ တတိယအကြိမ်မြောက် ပြည်လုံးဆိုင်ရာ ပါတီကွန်ဂရက်ကို ဗဟိုဌာနချုပ်ရှိရာ၊ အရှေ့မြောက်စစ်ဒေသ၊ ပန်ဆန်း၊ ပြည်သူ့အသံလွှင့်ဌာနဟောင်း နေရာမှာ မဏ္ဍပ်ထိုးကာ ကျင်းပခဲ့ပါတယ်။ အဲဒီကွန်ဂရက်မှာ ဗဟိုကော်မတီ (၂၉) ယောက် ရွေးချယ်ခဲ့ရာ နိုင်ငံရေးမှူး ရဲ ဘော်စိုးသိမ်းဟာ ဗဟိုကော်မတီ အဖွဲ့ဝင်တယောက်အဖြစ် ပြန်လည်ရွေးချယ် ခံခဲ့ရပါတယ်။ ကွန်ဂရက်အပြီး ဗဟို ကော်မတီ

တွင်း တာဝန်ခွဲဝေမှုအရ ရဲဘော်စိုးသိမ်းဟာ အရှေ့မြောက်စစ်ဒေသို့ တာဝန်ပြန်ပေးခြင်းခံရပြီး အရှေ့မြောက်စစ်ဒေသ ပါတီကော်မတီတွင်း တာဝန်ခွဲဝေမှုအရ ပါတီကော်မတီ အတွင်းရေးမှူးနဲ့ နိုင်ငံရေးမှူးအဖြစ် တာဝန်ပေးခြင်းခံရပြန်ပါတယ်။ ဒါကြောင့် နိုင်ငံရေးမှူးရဲ့ အိမ်ထောင်လည်း ဌာနချုပ်ထဲ မြောက်ပိုင်းဇုံရိုကနေ ပြန်လည် ပြောင်းရွှေ့လာပါတယ်။ ကျွန်တော်လည်း အဲဒီအချိန်မှာ စစ်ဒေသ ဆေးရုံ၊ ဒုနိုင်ငံရေးမှူးဟောင်း ရဲဘော်ငွေနဲ့ လက်ထပ်ပြီး အိမ်ထောင်နဲ့ဖြစ်နေပါပြီ။ ကွန်ဂရက်အပြီး၊ စစ်ဒေသ ကော်မတီ အသစ် ပြန်လည် ဖွဲ့စည်းမှုအောက်မှာ ရဲဘော်ငွေဟာ စစ်ဒေသ အမျိုးသမီးသမဂ္ဂ လုပ်ငန်းတာဝန် ပေးခံရလို့ နိုင်ငံရေးဌာနကို ပြောင်းရသလို ကျွန်တော်ကလည်း စစ်ဒေသဌာနချုပ်ရုံးနဲ့ နိုင်ငံရေးဌာန၊ စည်းရုံးရေးဌာနခွဲကို ပူးတွဲတာဝန်ယူရသူ ဖြစ်လာပါ တယ်။ ဒါကြောင့် ကျွန်တော်တို့ ဇနီးမောင်နှံလည်း လုပ်ငန်း အပြောင်းအရွှေ့များအရ စစ်ဒေသ ဆေးရုံဘက်ရှိ နေအိမ်မှ ဌာနချုပ်ဘက်ကို ပြောင်းရွှေ့နေထိုင်ရတာမို့ လုပ်ငန်းအရရော နေထိုင်မှုအရပါ နိုင်ငံရေးမှူး ရဲဘော် စိုးသိမ်းနဲ့ ပိုမိုနီးနီးကပ်ကပ် ဖြစ်လာပါတယ်။ နိုင်ငံရေးမှူးရဲ့ လှုပ်ရှားမှုတွေကို အနီးကပ် လေ့လာမြင်တွေ့ခွင့်ရရှိပြီး ပါတီကော်မတီခေါင်းဆောင်၊ နိုင်ငံရေးမှူး တယောက်ရဲ့ ဘဝဖြတ်သန်းမှုများကို ပိုမိုသိမြင်နားလည်ခွင့် ရရှိလိုက်ပါ တယ်။ အရှေ့မြောက် စစ်ဒေသဟာ ပဲခူးရိုးမ အခြေခံဒေသ ဆုံးရှုံး လက်လွတ်သွားပြီးနောက် ဗဟိုဌာနချုပ် ရုံးစိုက် ရာ ဒေသတခုအနေနဲ့ အလွန်အရေးကြီးတဲ့ တော်လှန်ရေးအခြေခံဒေသ ဖြစ်လာတဲ့အလျောက် စစ်ဒေသရဲ့ လုပ်ငန်းအခြေအနေများကို တွန်းတင်နိုင်ဖို့ နိုင်ငံရေးမှူး အားထုတ်လုံးပန်းပါတော့တယ်။ ဦးစွာအားဖြင့် နိုင်ငံရေးမှူး ဟာ ဒေသကေဒါများ လုပ်ငန်းနိဂုံးချုပ် အစည်းအဝေးကို နှစ်စဉ်ကျင်းပတဲ့အပြင် စစ်ရေးကေဒါများအစည်းအဝေး၊ နိုင်ငံရေး ကေဒါများ အစည်းအဝေးကိုလည်း ကျင်းပပါ တယ်။ အဲဒီနောက် စစ်ဒေသ နိုင်ငံရေးဌာနနဲ့ စစ်ဦးစီးဌာန ပူးပေါင်းကာ ခွဲအဆင့်၊ ရင်းအဆင့် ကေဒါကျောင်းကို ၁၉၈၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါသေးတယ်။ ကျောင်းရုံးအုပ် အဖြစ် ကျွန်တော့ကို တာဝန်ပေးအပ်လို့ ကျောင်းရဲ့ ရုံးအုပ်လုပ်ငန်း တာဝန်ကို ထမ်းဆောင်ရပါတယ်။

ဒီလို လုပ်ငန်းတွေကို တရစပ်လုပ်ကာ ကေဒါတွေရဲ့ နိုင်ငံရေး အတွေးအခေါ် တည်ဆောက်ရေးများကို လုံးပန်းအားထုတ် လုပ်ဆောင်နေပေမဲ့ တော်လှန်ရေး အခြေအနေက အီမြဲအီ နေပြီး တော်လှန်ရေး တပ်ဖွဲ့ဟာ ထုံထိုင်းလာနေပါတယ်။ လုပ်ငန်းတွေမှာ မတက်မကြွ ဖြစ်လာနေပါတယ်။ ကေဒါ ဟောင်းကြီးတွေရဲ့ ဇနီးသည်တွေ အထူးသဖြင့် ကွေးကျိုး ကေဒါဟောင်းကြီးတွေရဲ့ ဇနီးသည် တရုတ်ပြည်သား မြောင်အမျိုးသမီးကြီးတွေ၊ ယီအမျိုးသမီးကြီးတွေဟာ အခြေအနေ အပြောင်းအလဲတွေကို လိုက်မမီ၊ နားမလည် နိုင်ကြတော့ဘဲ တော်လှန်ရေးဘဝ တစုံတရာ ကျပ်တည်းလာမှုအပေါ် နိုင်ငံရေးမှူးထံ လာရောက် ရင်ဖွင့်ကြ၊ ငိုယိုကြတာတွေလည်း မြင်တွေ့ကြားသိ နေရပါတယ်။ နိုင်ငံရေးမှူးက စိတ်ရှည်ရှည် သည်းညည်းခံ ရှင်းပြပါတယ်။ သူတို့ကလည်း နိုင်ငံရေးမှူးနဲ့ဆိုရင် ရင်ဖွင့်ရဲတယ်။ ငိုယိုစရာရှိရင် ငိုယို တိုင်ကြားရဲကြတယ်။ သူတို့ ကွေ့ကျိုး အိမ်ထောင်သည်တွေ ဆိုတာ ရဲဘော်နော်ဆိုင်း ခေါင်းဆောင်တဲ့ တောခိုကချင် သေနတ်ကိုင်တပ်ရင်းမှ တပ်သားတွေပါ။ သူတို့ တရုတ်ပြည်ထဲ ရောက်လာတဲ့အခါ တရုတ်ပြည်က သူတို့ကို ကွေ့ကျိုးမှာ နေရာချထား ပေးခဲ့ပါတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီက အဲဒီတပ်ဖွဲ့ကို ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၉၆၄ ခုနှစ်မှာ လွှဲပြောင်းပေးပါတယ်။ ဒီတပ်ဖွဲ့ တခုလုံး မဲ့ဝက်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် သဘောတရား လက်နက်တပ်ဆင်ပေးရေး တာဝန်ကို ပါတီက ရဲဘော်စိုးသိမ်းအား တာဝန်ပေးအပ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းဟာ အဲဒီတပ်ဖွဲ့ တခုလုံး အိမ်ထောင်သည် ဇနီးမယားများနဲ့ သားသမီးတွေပါမကျန်၊ စာပေ ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းနဲ့ နိုင်ငံရေး အတွေးအခေါ်လုပ်ငန်း စည်းရုံး



**ဒီတပ်ဖွဲ့ တခုလုံး မဲ့ဝက်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် သဘောတရား လက်နက် တပ်ဆင်ပေး ရေး တာဝန် ကို ပါတီက ရဲဘော်စိုးသိမ်း အား တာဝန် ပေးအပ်ပါ တယ်**

**ငယ်စဉ်ကတည်းက ပါတီခေါင်းဆောင်တဲ့ အင်္ဂလိပ် ကိုလိုနီ နယ်ချဲ့ ဆန့်ကျင်ရေးကို စိတ်ဝင်စားခဲ့ပြီး၊ ဂျပန်တော်လှန်ရေး တပ်သား အဖြစ် ပါဝင် လုပ်ကိုင်ခဲ့သူ ဖြစ်**

ရေးလုပ်ငန်းပါ တစုံလုံး တာဝန်ယူပါတယ်။ ဒီလိုလုပ်နိုင်ဖို့ အဲဒီအိမ်ထောင်တွေမှ သားသမီးတွေအားလုံး ရာနဲ့ချီရှိတဲ့ ကလေးတွေကို နိုင်ငံရေးမှူးဇနီးက တရုတ်စာ သင်ပေးပါတယ်။ နိုင်ငံရေးမှူးရဲ့ ဇနီးသည်ဟာ စစ်ချွမ်းပြည်နယ်၊ ချင်တူး၊ စိုက်ပျိုးရေး တက္ကသိုလ်မှ ဘွဲ့ရ ပညာတတ် အမျိုးသမီး တဦးပါ။ တရုတ်လို "တိုက်ဇူဟွေ့" (ဗမာလို – မထားရီ) လို့ ခေါ်သူ တရုတ်အမျိုးသမီးနဲ့ ၁၉၆၄ ခုနှစ်မှာပဲ လက်ထပ်ပါတယ်။ သားသမီး (၄) ဦး ထွန်းကားခဲ့တယ်။ နိုင်ငံရေးမှူးတို့ ဇနီးမောင်နှံ နှစ်ယောက်လုံး ရဲဘော်နော်ဆိုင်းတပ်ဖွဲ့နဲ့ ထိတွေ့ဆက်ဆံ ဆရာအဖြစ် လုပ်ခဲ့ကြသူ နှစ်ဦးဖြစ်လို့ ကွေ့ကျိုး ကေဒါတွေရော၊ သူတို့အိမ်ထောင်တွေရော သားသမီးတွေနဲ့ပါ ရင်းနှီးကျွမ်းဝင် ချစ်ခင်လေးစားခြင်း ခံရသူနှစ်ဦးဖြစ်တယ်ဆိုရင်လည်း မမှားပါဘူး။ နိုင်ငံရေးမှူးဟာ ရဲဘော်နော်ဆိုင်း (ဗိုလ်နော်ဆိုင်း) ကချင်သေနတ် ကိုင်တပ်ရင်းမှ လာတဲ့ လူမျိုးစုကေဒါတွေနဲ့ ရင်းနှီးရုံမက အရှေ့မြောက် နယ်စပ် အခြေခံဒေသတွင်းရှိ တိုင်းရင်းသား လူမျိုးစုကေဒါတွေရဲ့ ချစ်ခင်ရင်းနှီးခြင်းခံရတဲ့ ဗဟိုခေါင်းဆောင် တဦးပါ။ ဒါဟာ အကြောင်းမဲ့ သက်သက် မဟုတ်ပါ ဘူး။ နိုင်ငံရေးမှူး ပင်ကိုယ် လူတန်းစားကိုက လယ်သမား မိသားစု အိမ်ထောင်က ဆင်းသက်လာသူဖြစ်ပြီး၊ အောက်ခြေ လူတန်းစား လက်မှု အလုပ်သမားဘဝက လာသူ ဖြစ်ပါတယ်။ ငယ်စဉ်က ခုံဖိနပ်ခုတ် ရောင်းခဲ့ရသူ၊ ပန်းပုရုပ်တု–ထုဆစ်လုပ် ရောင်းခဲ့ရသူလို့ ဆိုပါတယ်။ အခြေခံ မူလတန်း ပညာလောက်သာ သင်ယူလေ့လာခွင့် ရခဲ့ရတာပါ။ ငယ်စဉ်ကတည်းက ပါတီခေါင်းဆောင်တဲ့ အင်္ဂလိပ် ကိုလိုနီ နယ်ချဲ့ ဆန့်ကျင်ရေးကို စိတ်ဝင်စားခဲ့ပြီး၊ ဂျပန်တော်လှန်ရေး တပ်သားအဖြစ် ပါဝင် လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်။ ဂျပန်တော်လှန်ရေး ပြီးတဲ့အခါ ပါတီဟာ မြို့တွေပေါ်မှာ မိမိဘာသာ ဆိုင်းဘုတ်တင် မိမိဘာသာ တရားဝင်ပါတီအဖြစ် လူထုရှေ့မှောက် ရောက်ရှိလာချိန်မှာ စစ်ကိုင်းခရိုင် ပါတီရန်ပုံငွေအတွက် "ပြည်သူ့အာဏာဂျာနယ်"နဲ့ "ကွန်မြူနစ်နေ့စဉ် သတင်းစာ" တို့ကို လမ်းတကာ လှည့်လည် ရောင်းချကာ ရန်ပုံငွေရှာတဲ့တာဝန်လည်း ယူခဲ့ဖူးတယ်လို့ နိုင်ငံရေးမှူးကိုယ်တိုင် ပြောပြချက်များအရ သိရှိရဖူး ပါတယ်။ တဆက်တည်း "ပြည်သူ့အာဏာဂျာနယ်" ထဲက "သခင်ဗသိန်းတင်" ရဲ့ ဆောင်းပါးတွေကို ဖတ်ပြီး နိုင်ငံ ရေးသမားရယ်လို့ဖြစ်လာခဲ့ရ၊ လူလားမြောက်ခဲ့ရတာပါလို့လည်း သူတို့ခေတ် နိုင်ငံရေးသမား ဖြစ်လာခဲ့ပုံကိုလည်း ရှင်းပြဖူးပါတယ်။ ကျွန်တော်တို့ခေတ် အရှေ့မြောက် နယ်စပ် ရောက်လာကြတဲ့ ကျောင်းသားလူငယ် အများစုကတော့ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းရဲ့ စာတမ်းများ၊ ဟောပြောပို့ချမှုများ၊ စကားဝိုင်းများကို ဖတ်ရှုနားထောင်ကာ ခိုင်မာတဲ့ တော်လှန်ရေး ရဲဘော်များ ဖြစ်လာကြတယ်ဆိုရင် မမှားပါဘူး။

တကယ်တော့ နိုင်ငံရေးမှူးဟာ အခြေခံလူတန်းစားမှ လာတဲ့ရဲဘော်တဦးဖြစ်ပြီး ၁၉၄၈ ခုနှစ်၊ မတ်လ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအစမှာ ဗဟိုဆက်သားအဖြစ် တာဝန်ထမ်းဆောင်ရတယ်။ အဲဒီနောက် ကျောက်ဆည်တဝိုက် အခြေခံဒေသ ဖွင့်လှစ်ပြီး လှုပ်ရှားနေတယ်။ နောက်မကြာမီမှာ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်း ဦးစီးတဲ့ တပ်အင်အား ၈၀ ခန့်၊ ကျောက်ဆည်ခရိုင်မှ လူအင်အား ၁၀၀ ကျော်၊ မန္တလေးခရိုင်မှ လူအင်အား ၈၀ လောက်တို့ဟာ ကရင်တပ်ရင်း တရင်း၊ ကချင်တပ်ရင်း တရင်း (ဗိုလ်နော်ဆိုင်းတပ်) တို့နဲ့ ပူးပေါင်းကာ မန္တလေးကို သိမ်းကြတယ်။ ပြည်သူ့ရဲဘော်များက ပါတီတပ်တွေပါတယ်ဆိုတာ သိလိုက်တာနဲ့ ခံမတိုက်တော့သလို အစိုးရတပ်တွေကလည်း သေသေချာချာ မတိုက်တော့ဘဲ ရှောင်ပြေးကြတယ်။ မန္တလေးကို ရလိုက်ပြီး အဖမ်းခံထားရတဲ့ ထောင်ထဲမှ ရဲဘော်များကို ထုတ်ပြီး လက်နက် တပ်ဆင်ပေးတယ်။ အင်အားချင်းမမျှလို့ မြို့ကိုတလလောက် ထိန်းထားပြီး ပြန်ဆုတ်ပေးလိုက်တယ်။

၁၉၅၁ ခုနှစ်မှာ တရုတ်ပြည်သို့ ပညာတော်သင်အဖြစ် ရောက်ရှိသွားပြီး ပီကင်း မာ့က်စ် လီနင်ဝါဒ တက္ကသိုလ်မှာ (၅) နှစ်တာ ပညာသင်ယူတယ်။ ၁၉၅၈ ခုနှစ်မှာ မာ့က်စ် လီနင် ဝါဒ သုတေသန လုပ်ငန်း လုပ်တယ်။ ၁၉၆၀ ခုနှစ်မှာ တရုတ်ပြည် ဆိုရှယ်လစ် တည်ဆောက်ရေး လုပ်ငန်းများကို ကျေးလက်ဆင်းကာ လက်တွေ့ (၃) နှစ်ကြာ ပါဝင် လုပ်ကိုင် လေ့လာသင်ယူတယ်။ ၁၉၆၃ ခုနှစ်၊ မေလမှာ ဗီယက်နမ်သွားပြီး စစ်ရေးဆိုင်ရာ သေနင်္ဂဗျူဟာ ချမှတ်ပုံမှ အထူးတိုက်ခိုက်ရေးအထိ စစ်ပညာများကို (၁၃) လကြာ လက်တွေ့လေ့လာသင်ယူခဲ့ရတယ်။

အဲဒီလို စစ်ရေး၊ နိုင်ငံရေးဆိုင်ရာ ပညာရပ်များကို အခိုင်အမာ လေ့လာသင်ယူပြီးနောက် အခွင့်သာလာတဲ့ အတွက် ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့မှာ ရဲဘော်သန်းရွှေ (တပ်မှူး)၊ ရဲဘော်စိုးသိမ်း (နိုင်ငံရေးမှူး)၊ ရဲဘော် နော်ဆိုင်း (ဒုတပ်မှူး) နဲ့ ဦးဇော်မိုင်း (နိုင်ငံရေးဌာနမှူး) အဖြစ်တာဝန်ယူတဲ့ စုစုပေါင်းအင်အား (၂၂၉) ယောက်နဲ့ (၃၀၃) တပ်ဖွဲ့ကို ဖွဲ့စည်းကာ မုန်လုံ၊ မုန်ဂူ၊ ကောင်းလုံ၊ ဝေါချုံရွာများကို အခြေချပြီး ပြောက်ကျားစစ်ကို စတင်ပြီး နယ်စပ်ဒေသ

ဖွင့်လှစ်ရေး ဖွေဆော်ဦး လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့သူ ခေါင်းဆောင်တဦးဖြစ်ပါတယ်။

၁၉၇၀ ခုနှစ်များ အစောပိုင်းမှာ ရဲဘော်စိုးသိမ်းဟာ အရှေ့မြောက် စစ်ဒေသ (သံလွင်အနောက်ခြမ်း) တာဝန်ခံ ဖြစ်လာခဲ့တယ်။

၁၉၇၅ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ပဲခူးရိုးမတနေရာမှာ ဥက္ကဋ္ဌ သခင်ဇင်နဲ့ အတွင်းရေးမှူး သခင်ချစ်တို့ ရန်သူနဲ့ တိုက်ပွဲမှာ ကျဆုံးသွားပြီးနောက် ခေါ်ယူကျင်းပတဲ့ ပါတီဗဟိုကော်မတီ တိုးချဲ့ အစည်းအဝေးမှာ ရဲဘော်စိုးသိမ်းမ်းဟာ အရန်ဗဟို ကော်မတီ ဖြစ်လာတယ်။ တဆက်တည်း အရှေ့မြောက်စစ်ဒေသရဲ့ ဒုနိုင်ငံရေးမှူးဖြစ်လာတယ်။

၁၉၇၉ ခုနှစ်၊ ပါတီလုပ်ငန်းစဉ်၊ လမ်းစဉ်သစ်များ ပေါ်ထွက်လာပြီးနောက် ရဲဘော်စိုးသိမ်းဟာ ဗဟိုကော်မတီဖြစ်လာပြီး၊ တပ်မ ၄၈ ရဲ့ နိုင်ငံရေးမှူး ဖြစ်သွားပါတယ်။ တပ်မ ၄၈ တပ်အင်အား အချို့နဲ့အတူ သံလွင်မြစ် အနောက်ဘက်သို့ တာဝန်အရ ပြန်လည် ရွှေ့ပြောင်းသွားရပြန်ပါတယ်။

၁၉၈၅ ခုနှစ်မှာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ပြည်လုံးဆိုင်ရာ တတိယ အကြိမ်မြောက် ကွန်ဂရက်မှာ ရဲဘော်စိုးသိမ်းဟာ ဗဟိုကော်မတီဝင် အဖြစ်ပြန်လည် ရွေးကောက်ခြင်း ခံရပြီး အရှေ့မြောက် စစ်ဒေသ နိုင်ငံရေးမှူး တာဝန်ပြန်လည်ထမ်းဆောင်နေစဉ်မှာ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဝမြောက်ခရိုင်ကို လုပ်ငန်းတာဝန်အရ ရောက်ရှိနေစဉ် ‘ဝ’ အမျိုးသားများရဲ့ ပုန်ကန်မှုအရေးအခင်းပေါ်ပေါက်ကာ ‘ဝ’ အမျိုးသားများရဲ့ ဖမ်းဆီးခြင်း ခံလိုက်ရတယ်။ သံခြေကျဉ်းခတ်ကာ ထောင်ချထားပြီး ‘ဝ’ အမျိုးသားတပ်ဖွဲ့မှာ ပါဝင်ရန် အကြိမ်ကြိမ် စည်းရုံးမှုကို လက်မခံတဲ့အလျောက် နောက်ဆုံး ၂၁ ရက်အကြာမှာ ပြန်လွှတ်ပေးလို့ လွတ်မြောက်လာပြီး ပါတီဗဟိုထံ ရောက်လာကာ ပါတီအလံအောက် ဆက်လက် လျှောက်လှမ်းနေတဲ့ ရဲဘော်များအား ပါတီဗဟိုနဲ့အတူ နယ်စပ်မှာ နေရာချထားရေးကို ကြိုးစားဖြေရှင်း ပေးခဲ့တယ်။

၎င်းကာလများအတွင်း ရဲဘော်များနဲ့ အတူနေထိုင်ရင်း ရဲဘော်များ မျက်မှောက်ခေတ်ကို အမီလိုက်ရေး ခေတ်နဲ့မကင်းကွာစေရေးအတွက် တရုတ်ဘာသာမှ စာတမ်းအချို့ကို လေ့လာရေးအတွက် ဘာသာပြန်ပေးခဲ့တယ်။ ဒ့ါအပြင် ဗဟိုရဲ့အရေးကြီး လုပ်ငန်းတာဝန်တရပ်ဖြစ်တဲ့ အထူးကွန်ဖရင့် ကျင်းပရေး တာဝန်ကို နေရာတခုအတွက် တာဝန်ခံဆောင်ရွက်ပေးပြီး ၎င်း (၁၉၉၂–၉၃) အထူးကွန်ဖရင့် ကျင်းပပြီးနောက် ဗဟိုစည်းရုံးရေး ကော်မတီ ပေါ်ထွက်လာတဲ့အခါ မိမိဇနီးနဲ့ မိသားစုရှိရာသို့ ပြန်လည် ထွက်ခွာသွားကာ ကျန်ဗဟိုကော်မတီ ခေါင်းဆောင်များနည်းတူ ပါတီရဲ့ နာယကလူကြီးအဖြစ် ဆက်လက် ထမ်းဆောင်ပါတယ်။ ၎င်းကာလမှာလည်း နိုင်ငံရေး မှူးဟာ ရဲဘော်များအတွက် သဘောတရားရေချိန် ဆက်လက် မြှင့်တင်နိုင်ရေး အတွက် စာတမ်း အမြောက်အမြား ဘာသာပြန်ပေးခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ အစာအိမ်ရောဂါ ဖြစ်ပွားလာလို့ ခွဲစိတ်ကုသမှုခံယူတယ်။ ၂၀၁၇ မှာ အူမကြီးကင်ဆာ ထပ်မံဖြစ်ပွားလာတယ်။ နိုင်ငံရေးမှူးဟာ ရာသက်ပန် တော်လှန်ရေးသမား ဘဝကို ခံယူကာ တော်လှန်ရေးသမားတယောက်အဖြစ် နောက်ဆုံးထွက်သက်အထိ ပါတီနဲ့တော်လှန်ရေးအတွက် မနားမနေ လုပ်ဆောင်ရင်း ကင်ဆာရောဂါဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလမှာ ကွယ်လွန် သွားပါတယ်။

နိုင်ငံရေးမှူး ကွယ်လွန်သွားပြီးနောက် နိုင်ငံရေးမှူး ဘာသာပြန်ခဲ့တဲ့ စာတမ်းတချို့ကို စုစည်းကာ “မျက်မှောက် အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်တိုးပွားမှုဆိုင်ရာ စာတမ်းများ” အမည်နဲ့ ဗမာပြည်ကွန်မြူနစ်ပါ တီ ဗဟိုဝါဒဖြန့်ချိရေးက ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်မှာ စာအုပ်ထုတ်နိုင်ခဲ့ပါတယ်။


ရာသက်ပန် တော်လှန်ရေးသမားအဖြစ် မနားမနေ တော်လှန်ရေး တာဝန်များကို ထမ်းဆောင်ရင်း ကွယ်လွန်သွားတဲ့ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းကို အလေးနီပြုရင်း ကျွန်တော်တို့ ပခုန်းပေါ် ကျရောက်နေတဲ့ စစ် ၃ စစ် ချေမှုန်းရေး တော်လှန်ရေး တိုက်ပွဲအတွက် ဆထက်ထမ်းပိုး လုံးပန်းသွားကြပါစို့။ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းရဲ့ ရာသက်ပန် တော်လှန်ရေးသမားဘဝ ထာဝစဉ်ဌဒါန်းတွင်ပါစေ။

ရဲဘော်အောင်လွင်
ဇူလိုင် ၂၈၊ ၂၀၂၄။

**၁၉၇၉ ခုနှစ်၊ ပါတီလုပ်ငန်းစဉ်၊ လမ်းစဉ်သစ်များ ပေါ်ထွက်လာပြီးနောက် ရဲဘော်စိုးသိမ်းဟာ ဗဟိုကော်မတီဖြစ်လာ**

# ပါတီရဲ့မျိုးဆက်ပြဿနာကို ဂရုစိုက်ကာကွယ်ကြ

ရဲဘော်အောင်ချစ်



၁။ ပါတီရဲ့ ဘဝမှာ ၁၉၃၉ ခုနှစ် ပါတီဖွဲ့ပြီးနောက် ဖက်ဆစ်ဂျပန်ကို လက်နက်ကိုင် ဆန့်ကျင်တော်လှန်ခဲ့ရလို့ ရဲဘော် အများအပြား ကျဆုံးခဲ့ရသလို ကေဒါတချို့လည်း ထိခိုက်ဆုံးရှုံးမှု ရှိခဲ့ရပါတယ်။

၂။ လွတ်လပ်ရေးရပြီးခေတ် နောက်ပိုင်းမှာ ဒေသအတော်များများမှာ စည်းရုံးစုစည်းနိုင်ခဲ့ပေမယ့် ၁၉၅၅ ရန်သူနဲ့ စေ့စပ်ရေး လမ်းစဉ်ကြောင့် အိမ်ပြန်တဲ့ အောက်ခြေရဲဘော်တွေနဲ့အတူ ကေဒါတွေလည်း ပါသွားပါတယ်။

၃။ ၁၉၇၀ ခုနှစ်ကျော်ကာလ ရဲဘော် သခင်သန်းထွန်း၊ ရဲဘော် သခင်ဇင်၊ ရဲဘော်သခင်ချစ်တို့ လက်ထက်မှာလည်း ၁၉၆၇ လက်ဝဲလမ်းစဉ်အမှားကြောင့် ကေဒါတချို့ ဆုံးရှုံးကြရပြန်ပါတယ်။

၄။ ၁၉၈၀ ကျော်ကာလတွေ ရောက်ပြန်တော့ ကွန်မြူနစ်တွေ ပြောပြောနေတဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး မဟုတ်ဘဲ အရင်းရှင် ဒီမိုကရေစီ လှိုင်းတွေ၊ လူ့အခွင့်အရေး လှိုင်းတွေ၊ လစ်ဘရယ်လှိုင်းတွေ တက်လာကြပြန်တော့၊ အဲဒီလှိုင်းတွေထဲမှာလည်း ပါတီက လူးလူးလိမ့်လိမ့် ဖြစ်နေတုန်း၊ ပါတီက ခွဲထွက်ကြတဲ့ ရဲဘော်တွေထဲမှာ ကေဒါတချို့လည်း ပါသွားခဲ့ပါတယ်။ (၁၉၉၀ ခုနှစ်)

၅။ တော်လှန်ရေးအတက်အကျရှိသော်လည်း၊ကေဒါတချို့ ဆုံးရှုံးခဲ့ရတာ ရှိခဲ့သော်လည်း ပါတီဟာ ဘယ်တုန်းကမှ မျိုးဆက်မပြတ်ခဲ့ပါဘူး။ တဗိုလ်ကျတဗိုလ်တက် ခရီးဆက်ခဲ့တာပါ။ ပါတီ ၈၅ နှစ် သမိုင်းမှာ ကွန်ဂရက်က ၃ ကြိမ်ပဲ လုပ်နိုင်ခဲ့တာပါ။ ပါတီနဲ့ တော်လှန်ရေး ရှိနေ

သမျှ မျိုးဆက်မပြတ်နိုင်ပါဘူး။ ရှေ့မျိုးဆက် နောက်မျိုးဆက်ကို တော်လှန်ရေး ခယောင်းလမ်းမှာ လျှောက်လှမ်းရင်းပဲ တာဝန်လွှဲရတာပါ။ ပုဒ်မ ၃၃ အရ ထူးခြားတဲ့ အခြေအနေအရ CPB ရဲ့ တာဝန်ကို ရဲဘော်ထွန်းကို လွှဲပေးပြီး ပါတီရှင်သန်ရေး လုပ်ရတာ ဗမာပြည်ရဲ့ ထူးခြားချက်ပါ။ အရှေ့တောင်အာရှမှာ တခြားကွန်မြူနစ်ပါတီတချို့ နာလန်မထူနိုင်အောင် ဖြစ်သွားရချိန်မှာ CPB အနေနဲ့ ပြန်ပေါ်လာနိုင်တာဟာ မျိုးဆက် မပြတ်လို့ပါ။

လှေခွက်ချည့်ကျန် အလံမလှဲတဲ့ ရဲဘော်ထွန်းဟာ ကျန်ခဲ့တဲ့ ပါတီဝင် ရဲဘော်တွေကို စုစည်းပြီး မဟာမိတ်တပ်ဖွဲ့တွေ ရှိရာကို လွှတ်သင့်တာလွှတ်၊ မြေအောက်လွှတ်သင့်တာလွှတ်၊ နိုင်ငံခြား လွှတ်သင့်တာလွှတ်ပြီး ကေဒါရဲဘော်တွေကို ထိန်းသိမ်း တာဝန်ပေးခဲ့ပါတယ်။ မြေအောက်မှာ ပါတီဝင်တွေ သိမ်းသွင်းဖို့၊ ဖြစ်နိုင်ရင် တပ်ဖွဲ့ဖို့၊ တပ်ဖွဲ့နာမည်ကို ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လို့ အမည်ပေးဖို့လည်း မှာကြားခဲ့ပါတယ်။

အခုပါတီဗဟိုဟာ အဲဒီရဲဘော်တွေနဲ့ လည်ပတ်နေတာ ဖြစ်ပါတယ်။

ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ဟာ ပါတီဝင်ဆယ်အချို့နဲ့ စတင် ရုန်းကန်လှုပ်ရှားခဲ့၊ ဖွဲ့စည်းတည်ထောင်ခဲ့ရပြီး၊ အခုဆိုရင် စစ်ဒေသများတိုးချဲ့ကာ အင်အားများစွာတိုးပွားလာနေပြီ ဖြစ်ပါတယ်။

၆။ ပါတီဗဟို နောက်ဆုံး နေခဲ့ရတာဟာ ပန်ဝါဒေသ (၁၀၁စစ်ဒေသ)ဖြစ်ပြီး၊ ဆခုန်တိန်ယင်း ရန်သူနဲ့ စေ့စပ်ခါနီးမှာ အလျင်အမြန် ဆုတ်ခွာနိုင်ခဲ့လို့ ခေါင်းဆောင်ရဲဘော်တွေ ရန်သူ့ထံရောင်းစား မခံခဲ့ရခြင်း ဖြစ်ပါတယ်။

ခေါင်းဆောင်ရဲဘော်တွေအားလုံး ဒေသကထွက်ခွာပြီးတဲ့အချိန်၊ ဒီမိုကရေစီ ပြည်ချစ်တပ်မတော်က ကေဒါအချို့တို့ကိုလည်း မြေအောက်ကိုပို့၊ မဟာမိတ်တွေဆီပို့ပြီးတဲ့အချိန်၊ နောက်ဆုံးကျန်နေတဲ့ ၂၀၂ စစ်ဒေသကို ပြန်ဆင်းမယ့် အဲဒီဒေသက ရဲဘော်တွေကို ရဲဘော်ထွန်းက ညကြီးမင်းကြီး နှုတ်ဆက်စကား ပြောခဲ့ပါတယ်။ မနက်ဖြန် တပ်ကထွက်ရတော့မှာပါ။ အဲဒီဒေသဟာ လတ်တလော ရဲဘော်ထွန်းအားကိုးအားထားပြုနေတဲ့ ဒေသပါ။ လက်နက်လည်း ကိုင်ထားနိုင်ပါသေးတယ်။ အဲဒီဒေသက ပြည်သူတွေဟာ ပါတီကို ချစ်မြတ်နိုးတဲ့ ပြည်သူတွေပါ။ မိုးမိတ်ဒေသက ပြည်သူတွေပေါ့။

ရဲဘော်ထွန်း ပြောခဲ့တာ အားလုံးကို အမှတ်မရတော့ပေမဲ့ အဓိကကျတဲ့–စကားက (ကျွန်တော်တို့မျိုးဆက်က ခင်ဗျားတို့မျိုးဆက်ကို ပါတီအလံ လွှဲအပ်ခါနီးနေပါပြီ။ ပါတီအလံကိုမြေဝယ်မကျဖို့ နဲ့ လေပေါ်မှာ လွင့်ပျံနေဖို့ကတော့ ရဲဘော်တို့ တာဝန်ပါပဲ) တဲ့။

၇။ အခုနှစ်ပေါင်း ၃၀ ကြာလာတော့လည်း ကျွန်တော်တို့မျိုးဆက်က ရဲဘော်ထွန်းပြောသလို ပြန်ပြောရမယ့် အချိန်ရောက်နေပြီလားလို့ စဉ်းစားမိပါတယ်။

၈။ အထက်က ကျွန်တော်ပြောခဲ့ သလို ပါတီရဲ့ လမ်းစဉ်မှားခဲ့တဲ့ နှစ်ကာလတွေမှာ ကေဒါမျိုးဆက်ထဲက ကေဒါတချို့ နစ်နာဆုံးရှုံးခဲ့ရလို့ ပါတီအင်အား ကြီးထွားရေးလည်း ထိခိုက်နစ်နာခဲ့ရတာ သင်ခန်းစာယူရမှာပါပဲ။

၉။ အခုတကြိမ် ပြာပုံထဲက ပြန်ထလာတဲ့ ပါတီနဲ့အတူ တိုက်ပွဲဝင်နေတဲ့ ရဲဘော်တို့လက်ထက်မှာ ပြီးခဲ့တဲ့ အမှားတွေကို ပြန်မဖြစ်အောင် နိဂုံးချုပ်ပြီး၊ နေ့စဉ်မိမိကိုယ်ကိုယ် ဝေဖန်ရေးလုပ်ကာ ယခုရှိနေတဲ့ ကေဒါရဲဘော်တွေကို စည်းရုံးရေးအရ လျော့နည်းမသွားအောင်နဲ့ တိုးပွားလာအောင် ကြိုးပမ်းအားထုတ်ကြစေလိုပါတယ်။

နောက်မျိုးဆက်အနေနဲ့ ကေဒါပြဿနာတွေကို ဖြေရှင်းကျော်နင်း သွားနိုင်ကြဖို့ကိုလည်း မျှော်လင့်မိပါတယ်။

၁၀။ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကို ဆုံးခန်းတိုင်အောင် ဆင်နွှဲကြ၊

. . . . . . . . . . . . . . . . . . . . . . . . .**ရဲဘော်အောင်ချစ်**

**မြေအောက်မှာ ပါတီဝင်တွေ သိမ်းသွင်းဖို့ ဖြစ်နိုင်ရင် တပ်ဖွဲ့ဖို့ တပ်ဖွဲ့နာမည်ကို ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လို့ အမည်ပေးဖို့လည်း မှာကြားခဲ့ပါတယ်။**



# ဗမာပြည်ရဲ့
# ဒီမိုကရေစီတော်လှန်ရေး

**ကိုထွေး**

ဗမာပြည်ရဲ့ လက်ရှိဒီမိုကရေစီ တော်လှန်ရေးမှာ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး တရပ်လုံး ပါဝင်နေမှုဟာ ထူးခြားထင်ရှားပါတယ်။

လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးဟာ ၄၈ ကစခဲ့တဲ့ ပြည်တွင်းစစ် (၇၆) နှစ်အတွင်း ဖြတ်သန်းခဲ့ကြရင်းက သင်ခန်းစာ အမျိုးမျိုး ဘဝအတွေ့အကြုံမျိုးစုံ ကြုံတွေ့ခဲ့ပြီး လက်တွေ့ သဘောပေါက်မှုအရ၊ စစ်တပ် လက်ဝါးကြီးအုပ် စစ်ဗျူရိုကရက် အရင်းရှင်စနစ်နဲ့ စစ်အစိုးရတွေကို ပြတ်သားစွာ ဆန့်ကျင်တိုက်ပွဲဝင်မှ ရမယ်လို့ သဘောပေါက်လာမှုရဲ့ ရလဒ် ဖြစ်ပါတယ်။ ထို့အတူ နှစ် (၇၀) ကျော် ဖြတ်သန်းခဲ့မှုအတွင်း နိုင်ငံရေးအင်အားစု အသီးသီးရဲ့ တိုက်ပွဲဝင်မှု၊ နိုင်ငံရေးလမ်းစဉ် အမျိုးမျိုးနဲ့ လှုံ့ဆော်စည်းရုံးခဲ့မှု မျိုးစုံတွေကို တွေ့ကြုံခံစား ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံတွေအရ သဘောပေါက်မှုရဲ့ ရလဒ်လည်း ဖြစ်တယ်။

ဒီအဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး တရပ်လုံး ဆိုတာရဲ့ လူတန်းစားပါဝင်မှုကို လေ့လာကြည့်မယ် ဆိုရင်၊ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်များအဖြစ် တွေ့နိုင်ပြီး ဒီလူတန်းစား အသီးသီးဟာ ဗမာပြည်တွင်းက လူမျိုးအသီးသီးမှာ ရှိနေကြတာ ဖြစ်ပါတယ်။ ကချင်၊ ကရင်၊ ရှမ်း၊ ဝ၊ ရခိုင်၊ ချင်း၊ မြန်မာ စသဖြင့် လူမျိုးတိုင်းမှာ ဒီလူတန်းစား (၄) ရပ်ရှိနေတာ တွေ့နိုင်ပါတယ်။ ၁၉၈၉ နောက်ပိုင်း လူမျိုးစု လက်နက်ကိုင်အင်အားစု အသီးသီး စစ်အုပ်စုနဲ့ အပစ်အခတ် ရပ်စဲရေး လုပ်ပြီးနောက် ဒေသဖွံ့ဖြိုးရေး လုပ်ကြတဲ့ ဖြစ်စဉ်အတွင်း စီးပွားရေး လုပ်ငန်းမျိုးစုံမှာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်တွေ ရကြပြီးနောက် ဒီလူတန်းစား တည်ရှိမှုအနေအထားကို ပိုကြည့်လို့ မြင်သာလာပါတယ်။ ဒီအဖိနှိပ်ခံ ပြည်သူလူထုဟာ စစ်တပ် လက်ဝါးကြီး အုပ်အရင်းရှင်စနစ်ရဲ့ လက်ဝါးကြီးအုပ် စီးပွားရေး စနစ်အတွင်းမှာ ကိုယ်ပိုင်စီးပွားရေးများ ပျက်စီး၊ လက်လုပ်လက်စား လုပ်စားလို့လည်း ဝမ်းမဝ၊ လယ်ယာလုပ်ငန်းမှာ ပေါ်လစီ အမျိုးမျိုးချမှတ်ပြီး ဖိနှိပ်သွေးစုပ်မှုများလုပ်တာကြောင့် ဝမ်းမဝ၊ နွားရောင်း လယ်ပေါင် ဘဝပျက်ကြရတဲ့ အခြေအနေဆိုးတွေ ကြုံခဲ့ကြရပြီး နိုင်ငံခြားထွက် အလုပ်ရှာကြရတဲ့ဘဝ ရောက်ခဲ့ကြရတာ ဖြစ်ပါတယ်။

အဖိနှိပ်ခံ ပြည်သူလူထုကို ဖိနှိပ်ထားတဲ့ အုပ်စိုးသူ စစ်အုပ်စုရဲ့ လူတန်းစားဖွဲ့တည်မှုကို ကြည့်ရင်တော့ အုပ်စိုးသူ စစ်အုပ်စုဟာ စစ်ဗျူရိုကရက် အရင်းရှင် လူတန်းစားဖြစ်ပြီး သူတို့ရဲ့ အကျိုးစီးပွားကို တိုးတက်သထက် တိုးတက်အောင်လုပ်ဖို့၊ အရင်းရှင်လူတန်းစားထဲက သူတို့နဲ့ ရင်းနှီးသူ၊ မိတ်ဖက်ဖြစ်သူများကို အခြေခံကာ ပေါင်းစည်းပြီး အရင်းရှင်စီးပွားရေး စနစ်ကို စစ်တပ်လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ပုံစံနဲ့

ကျင့်သုံး အကောင်အထည်ဖော်ကာ ကျန်အဖိနှိပ်ခံ ပြည်သူများကို ဖိနှိပ်သွေးစုပ်ခဲ့တာ ဖြစ်ပါတယ်။

စစ်အုပ်စုရဲ့ စစ်တပ်ကို ကြည့်ရင် စစ်တပ်ရဲ့ ထိပ်ပိုင်း ရာထူးတွေကို ယူပြီး အစိုးရလုပ်နေတဲ့ စစ်ဗျူရိုကရက် အရင်းရှင်လူတန်းစားများနဲ့ အောက်ခြေတပ်မှူးတပ်သားများ အဖြစ်ရှိနေတာ အထင်အရှား မြင်ရပါလိမ့်မယ်။ အစိုးရအာဏာနဲ့ စစ်အာဏာကိုင်ပြီး ကိုယ့်စိတ်ကြိုက် စီးပွားရေးကို ကိုယ့်ရင်းနှီးသူတွေနဲ့ လုပ်ကိုင်ရင်း ချမ်းသာလာကြတဲ့ ဗိုလ်ချုပ်ကြီးတွေ မမြင်ချင် အဆုံးပါ။ အထင်ရှားဆုံး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ချမ်းသာကြွယ်ဝလာမှုကို ကြည့်လိုက်ရင် အထင်ရှားဆုံး ဖြစ်ပါလိမ့်မယ်။ အောက်ခြေ တပ်မှူးတပ်သားတွေကတော့ ရတဲ့လခနဲ့ အသက်စွန့် အသေခံပြီး ဒီစစ်အုပ်စု စစ်ဗိုလ်ချုပ်တွေရဲ့ စည်းစိမ်ဥစ္စာတွေကို ကာကွယ် နေကြရတာ လက်ရှိကာလမှာ အထင်အရှား မြင်နေကြရတာ ဖြစ်ပါတယ်။

တဖက်မှာ လူတန်းစား (၄) ရပ် ရှိနေတဲ့ လူမျိုးပေါင်းစုံအဖိနှိပ်ခံ ပြည်သူတွေကတော့ ဒီနေ့အထိ သူတို့လိုချင်တဲ့ အမျိုးသား တန်းတူရေးနဲ့ သွေးစည်းညီညွတ်ရေး၊ ဒီမိုကရေစီ အပြည့်အဝရရှိရေး၊ လက်ဝါးကြီးအုပ် ဖိနှိပ်သွေးစုပ်ခံရမှုက လွတ်မြောက်ပြီး လွတ်လပ်မျှတစွာ လုပ်ကိုင်စားသောက်ရှင်သန်နိုင်တဲ့ ဘဝရရှိရေး ရည်မှန်းချက်ကို မရောက်ရှိနိုင်ကြသေးပါဘူး။ စစ်အုပ်စုပေးသမျှ ဘဝရှင်သန်ခွင့်ရှိနေရတဲ့ အခြေအနေကနေ လွတ်မြောက်ဖို့ တိုက်ပွဲဝင်နေကြရဆဲ အခြေအနေမှာပဲ ရောက်နေကြရတာ ဖြစ်ပါတယ်။

ဒီအခြေအနေဟာ လက်ရှိဆင်နွဲနေကြတဲ့၊ ဒီမိုကရေစီ တော်လှန်ရေးပါပဲ။ ဒီလို အင်အားစု အသီးသီးက ကိုယ်စီ နိုင်ငံရေး ရည်မှန်းချက်တွေနဲ့ ဗမာပြည်သစ် ပေါ်ပေါက်ဖို့ တိုက်ပွဲဝင်နေတဲ့ တော်လှန်ရေးဟာ ဒီနေ့ဗမာပြည်ရဲ့ ဒီမိုကရေစီ တော်လှန်ရေးပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ဗမာပြည် ဒီမိုကရေစီ တော်လှန်ရေး နဲ့ ဆက်စပ်နေတဲ့ ပါတီအတွင်းရေးမှူးရဲ့ အစီရင်ခံစာကို တင်ပြချင်ပါတယ်။

၁၉၉၄ ခုနှစ်ဩဂုတ်လ (၁၅) ရက်နေ့က အထွေထွေအတွင်းရေးမှူးရဲ့ "ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှ တတိုင်းပြည်လုံး ဖွံ့ဖြိုးရေးသို့" ဆိုတဲ့ နိုင်ငံရေး အစီရင်ခံစာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာထဲမှာ---

"ကျွန်တော်တို့ပါတီဟာ ဗမာပြည်မှာ ဒီမိုကရေစီ ထွန်းကားရေးအတွက် ဒီမိုကရေစီ တော်လှန်ရေးကို အဦးဆုံးဆင်နွဲခဲ့တဲ့ပါတီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီဟာ လူတန်းစား ၄ ရပ် (အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်) အတွက် ဒီမိုကရေစီဖြစ်ပါတယ်။ တနည်းအားဖြင့် ပြည်သူ့ဒီမိုကရေစီ ဖြစ်ပါတယ်။ ဒါကို ဘယ်တုန်းကမှ လျှို့ဝှက်ထားတာ မဟုတ်ပါဘူး" တဆက်တည်း "ပြည်သူ့ဒီမိုကရေစီ မဟုတ်ဘဲ အခြေခံ ဒီမိုကရေစီ အခွင့်အရေးများအတွက်သာ တိုက်တဲ့တိုက်ပွဲတိုင်းကိုလည်း၊ ဘယ်သူကတိုက်တိုက် တက်တက်ကြွကြွ ထောက်ခံမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံ ဒီမိုကရေစီ ရှိနေတာဟာ စစ်အစိုးရရှိနေတာထက် အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ ပြည်ချစ် အရင်းရှင်များအတွက် အကျိုးရှိလို့ပါ" လို့ တင်ပြခဲ့ပါတယ်။ ဒ့ါအပြင် ပါတီရဲ့ သဘောထားကိုလည်း တဆက်တည်း တင်ပြရာမှာ

"ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး အယူအဆ ရှိကြတာ ရှိပါ၊ ဒါကို မကန့်ကွက်ပါဘူး၊ ကွန်မြူနစ်ဝါဒနဲ့ ပါတီတည်ရှိခွင့်ကို အသိအမှတ် မပြုတာကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။ ကျွန်တော်တို့ ပေါ်လစီက ကွန်မြူနစ်နဲ့ ကွန်မြူနစ်ဆန့်ကျင်သူတို့ အခြေခံ ဒီမိုကရေစီ ဘောင်အတွင်းမှာ ငြိမ်းချမ်းစွာ ယှဉ်ပြိုင်ဖို့ ဖြစ်ပါတယ်။ အခြေခံ ဒီမိုကရေစီ အခွင့်အရေး ခံစားခွင့်ကို ခြွင်းချက်ထားတာ ကျွန်တော်တို့ သဘောမတူနိုင်ပါ" လို့ တင်ပြခဲ့ပါတယ်။

ဒီတော်လှန်ရေးဟာ စစ်အုပ်စုအုပ်စိုးမှုကို အရင်ဆုံး တိုက်ခိုက် ဖြိုချပစ်ပြီးမှသာ မိမိတို့ လူမျိုးပေါင်းစုံ အဖိနှိပ်ခံ ပြည်သူလူထုများ မျှော်လင့်တဲ့ နိုင်ငံရေး အခြေအနေကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်တယ်ဆိုတာ (၇၆) နှစ် ပြည်တွင်းစစ် အတွေ့အကြုံများအရ မြင်သာပါတယ်။ ဒါကြောင့် တော်လှန်ရေး အင်အားစုအားလုံး လက်တွဲပြီး စစ်အုပ်စု တိုက်ခိုက်ဖြိုချနိုင်ရေးကို ဦးတည် လုံးပန်းသွားရေးဟာ ဒီနေ့ဗမာပြည် ဒီမိုကရေစီ တော်လှန်ရေးရဲ့ အရေးအကြီးဆုံး လုပ်ငန်းတာဝန်ပဲ ဖြစ်ပါတယ်။

..................................ကိုထွေး

**ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး အယူအဆ ရှိကြတာ ရှိပါ၊ ဒါကို မကန့်ကွက်ပါဘူး၊ ကွန်မြူနစ်ဝါဒနဲ့ ပါတီတည်ရှိခွင့်ကိုအသိအမှတ် မပြုတာကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။**



# ဖောင်ပိတ်ဆောင်းပါး

A.ငြိမ်း

### (၁) တိုင်းပြည်နဲ့လူမျိုးမျက်နှာအိုးမဲသုတ်သူများ

ဒီရက်ပိုင်းတွင်း မီဒီယာသတင်းတခု ကြားလိုက်မိတယ်။ ကမ္ဘာပေါ်က လူမျိုးရေးခွဲခြားမှုနဲ့ အသားအရောင် ခွဲခြားတာမှာ အဆိုးဆုံး ၁၀ နိုင်ငံစာရင်း ဖော်ပြခဲ့တယ်။ ဆားဗီးယား၊ ကာတာ၊ ဆော်ဒီ၊ အီရန်၊ အစ္စရေး ပြီးရင် ဗမာနိုင်ငံက နံပါတ် ၆ ချိတ်တယ်ဆိုပဲ။ ခု နောက်ဆုံး စစ်တပ်အာဏာသိမ်းပြီးတဲ့နောက် ပိုဆိုးလာတယ်လို့လည်း ထုတ်ဖော်သွားပါတယ်။

ပြည်တွင်းမှာ လူမျိုးရေးခွဲခြားမှု ခါးခါးသီးသီး ခံစားနေရတဲ့ တိုင်းရင်းသား လူမျိုးစုတွေကတော့ ဒီနံပါတ်စဉ်ကို ကြိုက်ချင်မှ ကြိုက်ပါလိမ့်မယ်။ အလားတူ စစ်အုပ်စုရဲ့ ဖိနှိပ်သတ်ဖြတ်သွေးစုပ်မှုကို နိစ္စဓူဝခံနေရတဲ့ ဗမာလူမျိုးတွေကလည်း "စစ်အုပ်စု အဝန်းအဝိုင်းမဟုတ်ရင် တို့တွေကိုလည်း ကျေးကျွန်တွေလို သဘောထားပြီး ဒီပေါ်လစီ ကျင့်သုံးခဲ့တာပါလို့ ပြောမယ်" ထင်တယ်။

တိုင်းရင်းသား လူမျိုးစုတွေကို 'မင်းတို့တတွေ ငါတို့နဲ့ပေါင်းမလား၊ တို့ခိုင်းတာ လုပ်မလား၊ မပေါင်းဘူး မလုပ်ဘူးဆိုရင် မင်းတို့လူမျိုးတွေကို ဖုံးကြဲမယ်၊ စက်သေနတ်နဲ့ ပစ်မယ်၊ လက်နက်ကြီးနဲ့ထုမယ်' လို့ ခြိမ်းခြောက်ထားပြီး တကယ်လည်း လုပ်ပါတယ်။ ရှေ့မှာဖော်ပြတဲ့ ၅ နိုင်ငံက ကိုယ့်လူမျိုးကိုယ် သတ်တာ မဟုတ်ဘူး၊ ဒီကကောင်တွေက လုပ်ကြတယ်။ ဒီသတ္တဝါတွေဟာ အာဏာကလွဲပြီး ဘာမှ

ဂရုစိုက်တာ မဟုတ်ဘူး။ သူတို့ကို အယုတ်ညံ့ဆုံး တိရစ္ဆာန်တွေနဲ့ နှိုင်းရင်တောင် ဒီတိရစ္ဆာန်တွေပဲ သိက္ခာကျသွားနိုင်တယ်လို့ ဆိုပါရစေ။

### (၂) ကစ်တီဘသန်းခေါ် ဒေါ်ခင်မေသန်းရဲ့ အဆိုအမိန့်

ဗမာ့နိုင်ငံရေးမှာ သတိထားရမယ့် သား ၃ သား ရှိတယ်။ (၁) ကျောင်းသား (၂) ဘုရားသား (ဘုန်းကြီး) (၃) စစ်သားတို့ ဖြစ်တယ်။ သူတို့ကို လွှတ်ထားလို့မဖြစ်။ မျက်စိဒေါက်ထောက် ကြည့်နေရမယ်လို့ ဗိုလ်နေဝင်းကတော် ကစ်တီ ဘသန်း (ခေါ်) ဒေါ်ခင်မေသန်းက ပြောဖူးတယ်။ သူ့ကိုယ်တွေ့တွေနဲ့ သမိုင်းကို နိဂုံးချုပ်ထားပုံပဲ။

ဒီနေ့လက်တွေ့နိုင်ငံရေးခွင်မှာ ထင်ဟပ်ကြည့်တော့ အမှန်ပဲ ကျောင်းသားဟာ သူတို့ကို ဒုက္ခအပေးဆုံး ဖြစ်နေတယ်။

သူတို့မျက်ဖြူဆိုက်လောက်အောင် အကျပ်အတည်းတွေ့ခဲ့တဲ့ အရေးအခင်းကြီးတွေ မြစ်ဖျားခံရာထိပ်မှာ ကျောင်းသားတွေ ရှိနေတာ သတိထားမိကြတယ်။ ဟုတ်တယ်။ ပြည်သူတွေ ဒုက္ခရောက်ပြီဆိုရင် (အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားတွေရဲ့ သားသမီးတွေ အများစုဖြစ်တဲ့) ကျောင်းသားတွေ ရှေ့ဆုံးက စဆူခဲ့တာပဲ မဟုတ်လား။



ဘုန်းတော်ကြီးများကိုလည်း သူတို့ကြောက်မယ်ဆိုကြောက်လောက်တယ်။ ဒကာ ဒါယိကာမ ပြည်သူတွေနဲ့အတူ ကိုယ်တော်တွေ ရှိကြတယ်။ စစ် ၃ စစ် ဆန့်ကျင်ရာမှာ သံဃာတော်တွေ နောက်မကျခဲ့။ ဒါ့ကြောင့်လည်း အရေးအခင်း တော်တော်များများမှာ ဆရာတော်တွေ အဖမ်းခံအသတ်ခံခဲ့ကြရတယ်။ ခုအထိ ထောင်ထဲမှာ သံဃာတော်တွေ အများကြီးရှိသေးတယ်။

စစ်သားဆိုတာ နေ့ရောညပါ သူတို့နားမှာ ရှိတယ်။ အနီးကပ်မောင်းဖြုတ်နိုင်သူတွေ။ ဒါ့ကြောင့်လည်း တသွေး၊ တသံ၊ တမိန့်နဲ့ ပိနေအောင် အဖိခံနေကြရတယ်။ အမျိုးဘာသာ သာသနာနဲ့ မှိုင်းတိုက်ခြင်းကိုလည်း ခံနေရတယ်။ အထက်ကို ကာပြန်တဲ့ကိစ္စမှတပါး လုပ်ပိုင်ခွင့်လေးတွေ ပေးထားတယ်။ ပြည်သူကို ရန်သူအဖြစ်ကြေညာရတဲ့ မင်းအောင်လှိုင်ခေတ်ရောက်တော့ လုယက်၊ ခိုးဆိုး၊ ဓားပြတိုက်ခွင့်အပြင် လူသတ်လိုင်စင်တောင် ထုတ်ပေးခံနေကြရတဲ့ လူတန်းစားတရပ် ဖြစ်လာတယ်။

**အမျိုးဘာသာ သာသနာနဲ့ မှိုင်းတိုက်ခြင်း ကိုလည်း ခံနေရတယ်။ အထက်ကို ကာပြန်တဲ့ ကိစ္စမှတပါး လုပ်ပိုင်ခွင့် လေးတွေ ပေးထားတယ်။**

ဒါပေမဲ့ သူတို့ထဲမှာလည်း ဒါတွေကို ဘယ်သူ့အတွက် လုပ်နေကြရသလဲ? သဘောပေါက်သူတွေ ရှိလာတယ်။ ခုတော့ အမိန့်မနာခံမှု ဖြစ်သူဖြစ်၊ CDM လုပ်သူကလုပ်၊ အစုလိုက်အပြုံလိုက် လက်နက်ချသူတွေချ ဖြစ်လာကြပြီ။ ဒါပေမဲ့ သူတို့သမိုင်း သိပ်မတောက်ပြောင်သေး။

မနေ့တနေ့ကပဲ ဘင်္ဂလားဒေ့ရှ်မှာ ရွေးကောက်ပွဲ ၃ ခါနိုင် ဝန်ကြီးချုပ် ရှိတ်ဟာစီနာ နိုင်ငံကထွက်ပြေးပြီး အိန္ဒိယမှာ ခိုလှုံလိုက်ရတယ်။ ၁၅ နှစ်လုံးလုံး တိုင်းပြည်ကို ငြိမ်နေအောင် အုပ်ချုပ်နေရာက (ဗမာပြည် နှစ်သီးစား စစ်အရာရှိ မိုးကျရွှေကိုယ်များလို) အလုပ်အကိုင် ရာထူးခန့်ထားရေးမှာ သူ့ရဲ့ အထူးအခွင့်အရေးများ ပေးနေမှုကို မကျေနပ်ရာမှ ကျောင်းသားတွေ ဆန္ဒပြတော့ မာန်မာန ထောင်လွှားပြီး ပစ်သတ်ခိုင်းလို့ ပြည်သူကျောင်းသား သုံးရာကျော် လေးရာခန့် သေဆုံးခဲ့ရတယ်။ တိုင်းပြည်ကို ထိန်းမရတော့ဘူး။ ဒါ့ကြောင့် ပြေးရတာ။

ကဲ မာရဝိဇယဘုရား ဒါယကာကြီး မင်းအောင်လှိုင် သင့်မှာ ခြေဖျားထောက်စရာဆိုလို့ ဘာမှမရှိ။ ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ ဆိုရိုးစကားတခုမှ မလိုက်နာ။ လောဘနဲ့ မောဟပဲ ဖက်တွယ်နေတော့ ခုအခက်ပွေ့နေပြီ မဟုတ်လား။

နွေဦးတော်လှန်ရေးရဲ့ ကြွေးကြော်သံက ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်ရေး ဖြစ်ပါတယ်။

## (၃) တုတ်၊ ဓား၊ လက်နက်နဲ့ မသေနိုင်သော မင်းအောင်လှိုင်

မင်းအောင်လှိုင် တယောက် အာဏာလောဘ၊ ဘွဲ့ထူးဂုဏ်ထူးလောဘ၊ စည်းစိမ်ချမ်းသာ လောဘတွေကနေ မောဟကောင်ကြီး ဖြစ်နေတာ ကြာပါပြီ။ ပီပီပြင်ပြင် ဖြစ်နေတာက အနည်းဆုံး ၃–၄ နှစ်လောက် ရှိရောပေါ့။ အာဏာကိုင်ထားရင် ဘာမဆို လုပ်လို့ရတယ်ထင်ပြီး 'ကျုပ် ဘာမဆိုလုပ်ရဲတယ်' လို့ ကြွေးကြော်ထားတဲ့ မင်းအောင်လှိုင်–ဒီရက်ပိုင်းအတွင်း မင်းအောင်လှိုင်တယောက် တန်ပြန်အာဏာသိမ်းခံရတဲ့သတင်း အမျိုးမျိုး ကြားထားရတဲ့ ပြည်သူတွေက ဝမ်းယိကိုတော့ ထွက်တွေ့နိုင်မှာ မဟုတ်တော့ဘူးလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ တွေ့ဖြစ်သွားကြပါပြီ။ ဒါ့မတိုင်မီ သူ့မကျေနပ်ချက်တွေကို မျက်စိကန်း တစ္ဆမေကြောက် ဂျိုးပြောမိုးပြော ပြောထားလေတော့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီပေါ့။ ဒါပေမဲ့ ဘာပြဿနာမှ မထွက်။ ဘယ်လိုဖြစ်တာလဲ။ မိမိတဦးချင်း အမြင်အရ မင်းအောင်လှိုင် ထွက်ပေါက်တွေ့သွားပြီလို့ မမြင်။ ဝမ်ယိက ထွက်ပေါက် ပေးသွားတာ (တနည်း) လွတ်ငြိမ်းချမ်းသာခွင့် ပေးသွားတာလို့မြင်တယ်။ တရုတ်က သူတို့ဖြစ်စေချင်တဲ့ ပုံစံကို လူသိရှင်ကြား ကြေညာထားတာပဲ။ ခုလည်း အဲဒါကို ချိုးဖောက် လုပ်သွားတာ မတွေ့ရသေး။ ခုစဉ်းစားနေမိတာက သူ့ဘက်ကိုယ့်ဘက် ပြောပြောနေကြတဲ့ 'ကြားဖြတ်အစိုးရတရပ်' ပေါ်လာခဲ့သော် မင်းအောင်လှိုင် ပါဖို့ရှိသလား။ ဘယ်လို ကြားဖြတ်အစိုးရလဲ။ စစ်အုပ်စု လူဟောင်းတချို့ ပါတဲ့ အစိုးရ၊ ဒေါ်စု ဦးဆောင်ပါဝင်တဲ့ အစိုးရ၊ ဒေါ်စုနဲ့ စစ်ဘက် ပေါင်းစပ်ထားတဲ့ အစိုးရ… စသည့်လေသံ ပစ်နေကြတဲ့ ပုံစံတွေဖြစ်တယ်။ ဘယ်လို အပြောင်းအလဲပဲ လုပ်လုပ် ၂၀ဝ၈ ခြေဥနဲ့ စစ်အာဏာရှင်စနစ် (စစ်သုံးစစ်) ဖျက်သိမ်းရေးကနေ အစချီရပါမယ်။ နွေဦးတော်လှန်ရေးရဲ့ ကြွေးကြော်သံက ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်ရေး ဖြစ်ပါတယ်။

ခု–ပြောချင်တာက မင်းအောင်လှိုင် ဘာဖြစ်သွားမလဲ? ဆိုတာပဲ။ သူ့တပည့် ဇော်မင်းထွန်းကတော့ သူ့ဆရာ မင်းအောင်လှိုင်ဟာ (သတ္တန္တရကပ်ကျော်နင်းပြီး) တုတ်၊ ဓား၊ လက်နက်ကြောင့် မသေနိုင်တဲ့ အာဏာရှင်ဖြစ်ကြောင်း ဗေဒင်ဆရာ ဟောထားတယ်လို့ အခိုင်အမာ ဆိုတယ်။ လူမသေဘဲ နာမည်သေနေတာ သူထည့်မတွက်။ ဗမာပြည်အနီးကပ် နိုင်ငံရေးသမိုင်းမှာ ဘုန်းမီးနေလ တောက်ခဲ့တဲ့ စစ်အာဏာရှင်တချို့ ရှိခဲ့တယ်။ လူတွေ ဖိန့်ဖိန့်တုန်ကြောက်ခဲ့ရတယ်။ နေဝင်းခေတ်မှာ နေဝင်း၊ မျက်မှန်တင်ဦး၊ ပြီးတော့ သန်းရွှေ၊ နောက် ခင်ညွန့်၊ ခု မင်းအောင်လှိုင်၊ သူတို့ ဇာတ်သိမ်း မကောင်းကြဘူး။ မင်းအောင်လှိုင်ကိုတော့ သီးခြား ထုတ်ပြီး မှတ်ချက်ပြုလိုတာက "ဇာတ်သိမ်းကောင်းမယ့်ပုံ မရှိဘူး" ဆိုတာပဲ။ အချိန်တိုအတွင်း မြင်ကြရမှာပါ။ စိတ်ဝင်စားစရာတော့ အကောင်းသား–



မင်းအောင်လှိုင်ရဲ့ တပ်ကို ကမ္ဘာမှာ Standard Army အဆင့် ၃၆ လို့ ဖော်ပြထားတာ ရှိတယ်။ ဘယ်ပေတံတွေနဲ့ တိုင်းပြီးပေးကြသလဲ မသိ။ ကျွန်တော်တို့ မြင်ရတာက ပခုံးပေါ်က အပွင့်တွေ လိုင်းတွေ ရင်ဘတ်ပေါ်က ရောင်စုံတံဆိပ်တွေနဲ့ အော့နှလုံးနာဖွယ် ပုံတွေပဲ မြင်ပြီး အော့နှလုံးနာဖွယ် (Smart Army) စမတ်အာမီလို့ပဲ အမည်ပေးချင်တယ်။ ဘာပဲဖြစ်ဖြစ် ဒီစမတ်အာမီပေါ်က ခံစားခွင့်တွေကြောင့် ချမ်းသာကြွယ်ဝမှုမှာ နိုင်ငံတကာတပ်တွေထဲက သူနဲ့အဆင့်တူ ပုဂ္ဂိုလ်တွေနဲ့ ယှဉ်ရင် မင်းအောင်လှိုင်ဟာ Top Ten ထဲ ပါနေလောက်ပြီ။ ဒါပေမဲ့ တိုင်းပြည်ကတော့ ဘက်စုံ နိမ့်ဆင်းသွားလိုက်တာ အာဆီယံမှာတောင် ဓားမနောက်ပိတ်ခွေး ဖြစ်နေပါပြီ။ သူ့ဆီရှိနေတဲ့ အရည်အချင်းဆိုလို့ ညစ်နည်းမျိုးစုံနဲ့ ထွက်လမ်းရှာတတ်တာ ဖြစ်တယ်။ ဒါ့ကြောင့်လဲ သူ့ကို လက်မလွှတ်နိုင် ဆက်သွယ်နေရတဲ့ သူတချို့ကို ပြောလိုတယ်။ ခင်ဗျားတို့အနေနဲ့ "မျောက်ကိုချစ်ငြား ချူဆွဲမှားသို့၊ နားမချမ်းသာ ရှိတို့ရာ၏" ဆိုရိုးစကားကို သတိချပ်ကြစေလိုတယ်။ ဒါ့အပြင် ဒီမျောက်က မီးတုတ်ကိုဆွဲပြီး အိမ်ခေါင်ပေါ်တက် လမ်းသလားနေတဲ့ အဆင့်ရောက်နေပြီ။ အကျိုးဆက်

ဘာဖြစ်မယ်ဆိုတာ ခင်ဗျားတို့ စဉ်းစားမှ ဖြစ်မယ်။ ဖျက်ဆီးအားကတော့ ပြင်းလိမ့်မယ်။ ဒါက နိုင်ငံတကာ ဆက်ဆံရေးအပိုင်း။ ပြည်တွင်း ဘက်စုံဖျက်ဆီးမှုတွေထဲမှာ ရိုးရာအမွေအနှစ်တွေ ကုန်သလောက်ရှိခဲ့ပြီ။ (အရှက်အကြောက်ကြီးသောလူမျိုး – သို့သော် မာနကြီးသောလူမျိုး၊ ကူညီရိုင်းပင်းလိုသောလူမျိုး၊ ပေးကမ်းစွန့်ကြဲ ရက်ရောသောလူမျိုးများ နေထိုင်ရာတိုင်းပြည်) လို့ ကင်ပွန်းတပ်ခံထားရတဲ့ မိမိတို့နိုင်ငံ။ ခုဘာတွေဖြစ်နေသလဲ။ အားလုံးခံစားမိကြမှာပါ။ စမတ်အာမီခေတ် ဗမာပြည်ရဲ့ယဉ်ကျေးမှုက ဝါးမျိုပစ်လိုက်ပါပြီ။ သူ့ဘက် ကိုယ့်ဘက် ပျစ်ပျစ်နှစ်နှစ် ဆဲသံကလော်တုတ်သံတွေ မီဒီယာလောကမှာ ပျံ့နှံ့ချင်တိုင်း ပျံ့နှံ့နေခဲ့ပါပြီ။ ပိုဆိုးတာက ဆယ်ကျော်သက်တွေ အပါအဝင် အမျိုးသမီး ကြီးငယ်များကတောင် မကြားဝံ့ မနာသာ စကားတွေကို အရှက်မရှိ ပြောနေကြတဲ့အဆင့် ရောက်ကုန်ပါပြီ။ ရဲဘော်ဦးတင် (ဗိုလ်ချုပ်ကျော်ဇော) နဝတ ခေတ်မှာ ကျွန်တော်တို့ကို ပြောခဲ့ဖူးတယ်။ “တိုင်းပြည် လွတ်မြောက်သွားတောင် ဒီကောင်တွေ ဖျက်ဆီးသွားလို့ တိုင်းပြည်ကို ပြန်လည် တည်ဆောက်ကြတဲ့အခါ အချိန်အများကြီး ယူကြရတော့မယ်။ အထူးသဖြင့် လူတွေရဲ့ စိတ်ဓာတ်အမူအကျင့်တွေပဲ” တဲ့။ တို့မအုပ်ချုပ်ရရင် မင်းတို့အုပ်ချုပ်မရအောင် တိုင်းပြည်ကို ဖျက်ဆီးပစ်ခဲ့မယ်လို့ အောက်တန်းကျကျ ပြောနေတဲ့ Smart Army ကြီးခေတ်ကိုသာ မီလိုက်ရင် ရဲဘော်ဦးတင် ဘယ်လိုများ မှတ်ချက်ပြုလေမလဲ သိချင်စမ်းပါဘိ။

## နိဂုံး

ဒီဖောင်ပိတ်ဆောင်းပါးရဲ့ ရှေ့အပိုင်းတွေမှာ တိုင်းပြည်ရဲ့ အနိဋ္ဌာရုံတွေနဲ့ ပြည်သူတွေရဲ့ အတိဒုက္ခတွေ ဖော်ပြပြီး လက်သည်တရားခံဟာ ဘယ်သူလဲဆိုတာ တို့ထိရေးထားပါတယ်။ ဒီတော့ ပါတီရဲ့ ၈၅ နှစ်မြောက်မွေးနေ့အခါသမယမှာ အားတက်စရာတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကော မရှိဘူးလား မေးစရာ ဖြစ်လာတယ်။ ရှိပါတယ်။ ခု–ရှိတဲ့အကြောင်း တိုနိုင်သမျှ အတိုချုံးပြီး နိဂုံးအဖြစ် ဖော်ပြလိုက်ပါတယ်။

(၁) ၈၅ နှစ်မြောက် ပါတီမွေးနေ့အချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကို ထီးထီးမတ်မတ် ရပ်တည်နေထိုင်ဆဲပါတီအဖြစ် မြင်နိုင်တယ်။ ဖိနှိပ်အုပ်စိုးသူတွေက လက်နက်နဲ့ အကြမ်းဖက်လာတဲ့အခါ လက်နက်နဲ့ ပြန်လည် တုံ့ပြန်နိုင်စွမ်းရှိတဲ့ ပါတီ၊ မာ့က်စ် လီနင် ဝါဒအမြင်ကို လက်တွေ့နဲ့ ပြခဲ့တဲ့ပါတီ ဖြစ်တယ်။

(လက်နက်ကိုင် တိုက်ပွဲသာ မဆင်နွှဲခဲ့ရင် ဗမာပြည်ကွန်မြူနစ်ပါတီ ဘယ်ရောက်နေမလဲ တွေးကြည့်ပါ။)

(၂) လက်နက်အရာမှာ ဘက်ပေါင်းစုံသာလွန်ပြီး ဆယ်စုနှစ် ၆ ခုလောက် အပေါ်စီးက နေခဲ့တဲ့ စစ်တပ်ဟာ စိတ်ဓာတ်တွေ ဒလဟော ကျနေတယ်။ တဖက်မှာ အဖိနှိပ်ခံပြည်သူတွေ မကြုံဖူးအောင် အားတက်ရွှင်လန်းနေကြတယ်။

(၃) တပြည်လုံးရှိ တိုင်းရင်းသား ပြည်သူတွေ နိုးကြားတက်ကြွမှု အမြင့်ဆုံးအဆင့် ရောက်နေတယ်။

(၄) စကစ ခေတ် ၃ နှစ်ကျော် ၄ နှစ် အချိန်တိုအတွင်း လူငယ်တွေဟာ စစ်ရေးစစ်ရာဘက်မှာ လူလားမြောက်လာခဲ့ကြပြီ။ စည်းရုံးရေးဘက်မှာ အခြေခံလူတန်းစား (အထူးသဖြင့် ကျေးလက်လယ်သမားနဲ့ လူမျိုးစု) တွေကြား တိုးဝှေ့နေရာယူလာနိုင်ကြပြီ။

(၅) အုပ်စိုးသူ စစ်အုပ်စုအပေါ် အထင်ကြီးခဲ့တဲ့ သူ့သာပေါင်း ညာစားတွေကပင် အွန်လိုင်းကနေ ပေါ်ပေါ်ထင်ထင် ဆဲရဲလာကြပြီ။ ပြောချင်တာက ရန်သူစစ်အစိုးရဆိုတာ လူမလေး ခွေးမခန့်တဲ့ အစိုးရ ဖြစ်နေပြီ။

(၆) ဒီကာလမှာ ရေးစရာတွေ မှတ်တမ်းတင်စရာတွေ တပုံတထွေးကြီး ဖြစ်ပေါ်နေတယ်။ သမိုင်းမှာ ကြီးကျယ်ခမ်းနားတဲ့ ဖြစ်စဉ်တွေ ပေါ်ထွန်းနေတယ်။

(၇) ဒါကြောင့်ချုပ်ရရင်ဒီခေတ်မှာလူဖြစ်တာလူဖြစ်ကျိုးနပ်တယ်။ ဒ့ါအပြင် တော်လှန်ရေးလုပ်ငန်းခွင်တွေမှာ တာဝန်ထမ်းဆောင်ခွင့်ရတဲ့ ကျွန်တော်တို့တတွေဟာ အင်မတန်ကံကောင်းတဲ့လူသားတွေ ဖြစ်တယ်။ ကိုယ်ကိုယ်ကိုယ် တန်ဖိုးထားနိုင်ကြပါစေလို့ စကားမွန်ဆိုပါရစေ။

**A.ငြိမ်း**
**လေးစားစွာဖြင့်**
**၁၅-၈-၂၀၂၄**

**ဖိနှိပ်အုပ်စိုးသူတွေက လက်နက်နဲ့ အကြမ်းဖက်လာတဲ့အခါ လက်နက်နဲ့ ပြန်လည် တုံ့ပြန်နိုင်စွမ်းရှိတဲ့ ပါတီ၊ မာ့က်စ် လီနင် ဝါဒအမြင်ကို လက်တွေ့နဲ့ ပြခဲ့တဲ့ပါတီ ဖြစ်တယ်**